မောင်ကျေးရှူး

# သုံးပါးရတနာ စာပဒေသာ (၂)



သုံးပါးရတနာစာပဒေသာ(၂)

**မောင်ကျေးရှုး**

## ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စုမပြိုကွဲရေး — ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး — ဒို့အရေး
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုးအဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ
- ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ

## နိုင်ငံရေးဦးတည်ချက်(၄)ရပ်

- နိုင်ငံတော် တည်ငြိမ်ရေး ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး
- စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး
- ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေ

## စီးပွားရေးဦးတည်ချက်(၄)ရပ်

- စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံတည်ဆောက်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်းဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့်တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက်(၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၈၁၁၄

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၆၀၀၆၄၇၀၈၁၁

မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၆၀၀၆၇၅၀၉၁၁

ထုတ်ဝေသည့်အကြိမ် – ပထမအကြိမ်

ထုတ်ဝေသည့်ကာလ ၂၀၁၂ ခုနှစ်

အုပ်ရေ – ၁၀၀၀

တန်ဖိုး – ၁၂၀၀/-

ထုတ်ဝေသူ – ဒေါ်ခင်မာချို (ပန်းဝေဝေစာပေ)

အဖုံးနှင့်အတွင်းပုံနှိပ် – ဦးငွေးလှိုင်(ခရီးဖော်ပုံနှိပ်တိုက်)

ပြင်ဆင်မွမ်းမံ – မြေလတ်ထင်ကျော်မိုး(ခရီးဖော်)

အတွင်းဖလင် – ကိုဦးနှင့်ညီများ

မျက်နှာဖုံးဒီဇိုင်းနှင့်ကွန်ပျူတာစာစီ– ဥမ္မာ

မျက်နှာဖုံးသရုပ်ဖော် – စိုးစံ

မောင်ကျေးဇူး ၂၉၄.၃

သုံးပါးရတနာစာပဒေသာ(၂)/မောင်ကျေးဇူး။ – ရန်ကုန်။

၁၉၂စာ ၊ ၈.၇ စင်တီ × ၁၃.၉ စင်တီ။

(၁) သုံးပါးရတနာစာပဒေသာ(၂)

## မာတိကာ


* စာရေးသူ၏အမှာ ၁

၁။ အလိုအလျောက်ရွှေရောင်တောက်နေသော
လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော် ၃

၂။ ဇာတိရှာနှင့် ဗုဒ္ဓသာသနာ ၈

၃။ တွံတေးမြို့ ကျက်သရေဆောင် ပြည်လုံးချမ်းသာ အောင်စကြာ
ရွှေသာလျောင်းဘုရားကြီး ၁၇

၄။ သံဝေဇနီယလေးဌာနနှင့် သတ္တဌာနတွင် ဓမ္မဖြင့် ပူဇော်ခဲ့ပုံ ၂၄

၅။ တရားလွှဲလျှင် သံသရာရှည်တတ်သည် ၃၄

၆။ ဗုဒ္ဓအလိုကျ ပျော်ရွှင်ချမ်းမြေ့မှု ၄၀

၇။ ဦးဝါသဝ၏ မှာတမ်းသံပေါက် ၄၆

၈။ ဗုဒ္ဓဘာသာသည် ကိုယ့်ဘာသာကိုယ်သိနားလည်ရေး ၅၂

၉။ ဗုဒ္ဓဒေသနာတော် သင်တန်းနှင့်
ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေးအလုပ်စခန်း ၆၂

၁၀။ ပိုက်ကျုံးဆရာတော်ကြီး ၇၄

၁၁။ ကျမ်းစာလည်းတတ် အကျင့်မြတ် ပေါင်းစပ်အောင်မြင်သူတော်စင် ၈၀

၁၂။ ငြိမ်းချမ်းရေးလိမ္မော်သီး ၈၈

၁၃။ တို့သာသနာ တို့ဘာသာ ညီညာငါတို့ ပြုကုန်စို့ ၉၅
၁၄။ ညံ့ညံ့မှန်းသိ လူတော်ဖြစ်နိုင်၏ ၁၀၄
၁၅။ အမျိုးသမီးထဲက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ
ကမ္ဘာလှည့်တင်တင်စိန် ၁၁၁
၁၆။ မေတ္တာရှေ့ထား အမျက်ပြေတရား ၁၁၉
၁၇။ အနံကြီးကြီးရွေးပြီး ကောက်ညင်းကောက်ထားတယ် ၁၂၆
၁၈။ ဒေးစွန်ပါသာသနာမြေ ဖွံ့ဖြိုးစေစည် ၁၃၁
၁၉။ မာယာနှင့် သာဌေးယျ ၁၃၇
၂၀။ စိတ်ကောင်းရှိတယ်ဆိုတာ ၁၄၁
၂၁။ သူတော်မှ ကိုယ်ကောင်းတာ သူတော်ကောင်းတဲ့လား ၁၄၆
၂၂။ အနိစ္စကိုအလှဆင် အကောင်းမြင်တတ်ကြပါစို့ ၁၅၁
၂၃။ ဗုဒ္ဓဘာသာဝင်နှင့် ဖွံ့ဖြိုးရေးအမြင် ၁၅၆
၂၄။ လောကီလည်းဖွံ့ဖြိုး လောကုတ္တရာအကျိုးလည်း ခံစားနိုင်စေ ၁၆၃
၂၅။ စီးပွားဥစ္စာ ကြိုးစားရှာ သေရာမပါမှန်းလည်းသိ ၁၇၁
စာရေးဆရာ မောင်ကျေးငှက်၏ ကိုယ်ရေးအကျဉ်း
မောင်ကျေးငှက်ရေးသားထုတ်ဝေပြီးသောစာအုပ်များ

## သုံးပါးရတနာစာပဒေသာ(၂)

### စာရေးသူ၏အမှာ

သုံးပါးရတနာစာပဒေသာ ဆောင်းပါးပေါင်းချုပ် စာအုပ် (၃၅ ပုဒ်ပါဝင်) ကို (၁၉၉၄)ခုနှစ်က သုခနန္ဒီစာပေမှ ထုတ်ဝေခဲ့သည်။ ဖတ်မိသူတိုင်း နှစ်ခြိုက်ကြောင်း ကြားသိရ၍ ဝမ်းသာပီတိ ဖြစ်ရပါ၏။ ဒုတိယအကြိမ်ပြန်ထုတ်ပါဟု တိုက်တွန်းသူကိုလည်း ကျေးဇူးတင်ပါသည်။ အကြောင်းညီညွတ်သည့် အခါ ထုတ်ပါမည်။

(၁၉၉၄)ခုနှစ်မှ ယခု (၂၀၁၀)ပြည့်နှစ်အတွင်း သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်း (၂၅)နေရာတွင် ပုံနှိပ်ဖော်ပြခဲ့ပြီးသော ရတနာသုံးပါး**ဆိုင်ရာ** လက်ရွေးစင်ဆောင်းပါးများကို သုံးပါးရတနာစာပဒေ**သာ**(၂)အဖြစ် စုစည်းထုတ်ဝေလိုက်ပါပြီ။ သုံးပါးရတနာ စာပဒေသာဆိုရာတွင် ပြည်တွင်းအကြောင်းအရာများသာမက ပြည်ပမီဒီယာ (ဥပမာ Voice of Buddhism, Time, News week)အချို့မှ ဘာသာပြန် အာဘော်များလည်း ပါဝင်ပါသည်။ ဓမ္မမိတ်ဆွေများကို မျှဝေလို၍ ဖြစ်ပါသည်။ ပရိတ်သတ်များဖတ်ကြည့်ပြီး သုံးပါးရတနာ စာပဒေသာ(၁)မှာကဲ့သို့ နှစ်ခြိုက်လက်ခံမည်ဟု ယုံကြည်ပါသည်။

## မောင်ကျေးရှူး

ကနဦးပုံနှိပ်ဖော်ပြပေးသည့် စာနယ်ဇင်း (၂၅)နေရာမှ အယ်ဒီတာအဖွဲ့ကိုလည်းကောင်း သုံးပါးရတနာစာပဒေသာ အမှတ်(၂)အဖြစ် စုစည်းထုတ်ဝေပေးသည့် (ခရီးဖော်ပုံနှိပ်တိုက် ပိုင်ရှင်ဦးဌေးလှိုင်နှင့် ခရီးဖော်မီဒီယာအဖွဲ့ )ကို လည်းကောင်း၊ ဖတ်ရှုအားပေးသည့် ပရိသတ်များကိုလည်းကောင်း အထူး ကျေးဇူးဥပကာရတင်ရှိပါကြောင်း။

ဘာသာရေးအသိ လူတိုင်းရှိပြီး လောကီလည်းဖွံ့ဖြိုး လောကုတ္တရာအကျိုးလည်း ခံစားနိုင်ပါစေ၊ လောကအကျိုး သာသနာအကျိုးကို စွမ်းစွမ်းတမံ ရွက်ဆောင်နိုင်လျက် မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ကြပါစေဟူ၍။

**မောင်ကျေးရှူး**

## အလိုအလျောက် ရွှေရောင်တောက်နေသော လျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်

တောင်တွင်းကြီးမြို့နယ်၊ ဂျုတ်ကုန်းရွာ တောင်ဘက် ရန့်ပယ်ချောင်းဘေးတွင် ရှေးဟောင်း သုံးထပ်မြေ ဘုန်းကြီး ကျောင်းဝင်းအတွင်း ရတနာ ရန်အောင်မြေ ဆုတောင်းပြည့် စေတီငယ်တစ်ဆူ ရှိသည်။ စေတီအတွင်း လိုဏ်ဂူကလေး ထဲတွင် ဉာဏ်တော် နှစ်ပေခန့် အင်္ဂတေ လျောင်းတော်မူ ဗုဒ္ဓ ရုပ်ပွားတစ်ဆူ ကိန်းဝပ်စံပယ်တော်မူပြီး ထုံးသင်္ကန်း ကပ် ထားသည်။

ဘုရားစေတီ၏ အနောက်ဘက် အနီးအနားရှိ ရခိုင်စု ရွာနေ ဦးချစ်စိန် အမှူးပြုသော မင်းဘူးမြို့နေ ဦးစိုးလွင်+ ဒေါ်ခင်မြအေးတို့က အဆိုပါစေတီတော်အား (၁၄-၂-၉၇)နေ့

နံနက်(၈)နာရီက ရွှေထီးတော် တင်လှူပူဇော်ခဲ့ပါသည်။ မကွေး မြို့၊ မိုးကောင်းကျောင်းတိုက်မှ ဆရာတော် ဦးနရိန္ဒက ထီးတော်ကို ဦးစီးတင်ပေး၏။

(၁၈-၂-၉၇)နေ့ နေ့လယ်(၂)နာရီအချိန်တွင် ဂျုတ်ကုန်းရွာမှ မောင်ကျော်အောင်သည် ထိုစေတီတော် အထက်ကောင်းကင်ယံသို့ မြောက်အရပ်မှ ထူးဆန်းသော အလင်းရောင်ခြည်တန်း ဝင်ရောက်သွားသည်ကို မြင်တွေ့လိုက်ရပါသည်။

ငှင်းညနေ (၅)နာရီခွဲတွင် ဂျုတ်ကုန်းရွာမှ ဦးကျော်ဝင်းသည် ဘုရားဝတ်ပြု ကြည်ညိုသောခါ စေတီတော်မြတ်၏ လိုဏ်ဂူအတွင်း ကိန်းဝပ်စံပယ်လျက်ရှိသော ပျောင်းတော်မူဗုဒ္ဓရုပ်ပွားတော်၏ ကိုယ်လုံးတော်တွင် ရွှေရောင်များ ထိန်နေသည်ကို ထူးဆန်းစွာ ဖူးမြင်ကြည်ညိုခဲ့ရ၏။ ယခင်ရက်များက ထုံးသင်္ကန်းနှင့်သာ ဖူးမြင်နေကျဖြစ်၍ ထူးဆန်းနေခြင်းဖြစ်သည်။

(၂၀-၂-၉၇)နေ့ နံနက် (၇)နာရီအချိန်တွင် ရခိုင်စုရွာနေ ဦးသာစိန်+ဒေါ်စောကြွေတို့သည် အဆိုပါစေတီသို့

ဆွမ်းတော် ကပ်လှူရန် လာသောအခါ ကျောင်းတော်မှ ဗုဒ္ဓ ရုပ်ပွားတော်မှာ အလိုအလျောက် ရွှေများ ပွင့်ထွက်နေပြီး ရွှေရောင်များ ဝင်းနေသည်ကို ထူးဆန်းစွာ တွေ့ရှိရသဖြင့် အားရဝမ်းသာ ရှာပြန်၍ ရှာသူရှာသားများ ဖူးမြော်ကြဖို့ နှိုးဆော်တိုက်တွန်းသည်။

ရွှေထီးတော် ဒါယကာ ဦးချစ်စိန်က ကျောင်းတော်မှ ဗုဒ္ဓရုပ်ပွားတော်ကို ရွှေသင်္ကန်းများ ကပ်လှူခဲ့ပါသလားဟု စုံစမ်းမေးမြန်းကြည့်ရာ မကပ်လှူခဲ့ကြောင်း ဖြေသည်။ ပန်းရန် ဆရာ ဦးသံချောင်းကလည်း ထီးတော်တင်သည့် ညနေ (၅) နာရီထိ သူ ဘုရားမှာရှိကြောင်း ဘုရားကိုယ်တော်မြတ်မှာ ထုံးသင်္ကန်းသာရှိကြောင်း ပြောကြားသည်။ မင်ဘူးမြို့နေ ဦးစိုးလွင်၊ ဒေါ်ခင်မြအေးတို့ထံ ဖုန်းဆက်မေးပြန်သော် ရွှေသင်္ကန်း မကပ်ခဲ့ရပါဟု အဖြေပေးသည်။ တစ်ဖန် ဦးစိုးလွင်က ဆရာတော် ဦးနရိန္ဒကို လျှောက်ထားရာ ဆရာတော်ကလည်း ရွှေသင်္ကန်း မကပ်ရပါဟု ပြန်ကြားသည်။

ဆရာတော် ဦးနရိန္ဒ ကိုယ်တိုင် ရတနာမာရ်အောင်မြေ ဆုတောင်းပြည့်ဘုရားသို့ လိုက်ပါကြွရောက်၍ ကျောင်းတော်မှ

ဗုဒ္ဓရုပ်ပွားကို ဖူးမြော်ပါသည်။ မည်သူမှ ရွှေသင်္ကန်း မကပ်ရဘဲ အလိုအလျောက် ရွှေရောင်တောက်နေသော လျှောင်းတော်မူ ဗုဒ္ဓရုပ်ပွားဆင်းတုဖြစ်ကြောင်း အသိအမှတ်ပြုသည်။

ထိုဆရာတော် ဦးစီးပြီး ထီးတော်တင်လှူစဉ်က ဘုရားငြမ်း ညွှန့်သွားသဖြင့် ငြမ်းကျိုးကျမည်ထင်ပြီး လူအများ စိုးရိမ်ကြသောအခါ ဆရာတော်က ငြမ်းကျိုးသည်မဟုတ် ငြမ်းညွှန့်သွားခြင်းသာဖြစ်၍ ဤနယ်မြေတွင် သာသနာရေးနှင့် ပတ်သက်၍ မြေညွှန့်အောင်စည်ကားမည့် အတိတ်နိမိတ်ဟု မိန့်ကြားခဲ့ဖူးသည်။

မကွေး မိုးကောင်းကျောင်းတိုက်မှ ဆရာတော်ဘုရားနှင့်အတူ ကုက္ကိုခြအနောက်ကျောင်း ဆရာတော် ဦးကောဝိဒ၊ ပန်းညိုစမ်း ဆရာတော် ဦးတေဇဝန္တတို့လည်း အလိုအလျောက် ရွှေရောင်တောက်နေသော လျှောင်းတော်မူ ကိုယ်တော်မြတ်ကို ဝမ်းမြောက်ဝမ်းသာ ဖူးမြော်ကြပါသည်။

ထို့နေ့ ညနေပိုင်းတွင် ဆုံစုကျေးရွာ သံဃနာယက ဆရာတော်ကိုယ်တိုင် ကြွရောက်၍ ဖူးမြော်ကြည်ညိုပြီး ဆက်လက်တိုးချဲ့ သာသနာပြုနိုင်ရန်အတွက် အထက်ပါဆရာတော်

များနှင့်အတူ အလှူတော်ငွေများ ထည့်ဝင်လှူဒါန်းတော်မူကြပါသည်။

ထို့နောက် ရွှေရောင်ဘုရားကြီးကျောင်း ဆရာတော် ဦးစီး၍ ဆုံစု၊ ရခိုင်စု၊ ဂျူတ်ကုန်း၊ ဆုံကုန်း၊ မြင်းစု၊ ကုက္ကိုခွရှေ့ နောက် ဆရာတော်များ ပင့်ဖိတ်ဆွမ်းကပ်လှူပြီး ဆရာတော်များ ဩဝါဒခံယူ၍ ရှေ့ဆက် သာသနာပြုရန် ဂျူတ်ကုန်း၊ ရခိုင်စုနှစ်ရွာ ပေါင်းစပ်လျက် ဝေါပကအဖွဲ့ ဖွဲ့စည်းလိုက်ပါသည်။ ၎င်းတို့မှာ နာယကအဖြစ် ဦးချစ်စိန် (ရခိုင်စုရွာ)၊ ဥက္ကဋ္ဌအဖြစ် ဦးသာစိန် (ရခိုင်စုရွာ)၊ ဒုဥက္ကဋ္ဌများအဖြစ် ဦးကျော်ဝင်း (ဂျူတ်ကုန်းရွာ)၊ ဦးသိန်းအောင် (ရခိုင်စုရွာ)၊ အတွင်းရေးမှူးအဖြစ် ဦးကံထွန်း (ရခိုင်စုရွာ)၊ အဖွဲ့ဝင်များအဖြစ် ဦးအောင်ကျော်စိုး (ဂျူတ်ကုန်းရွာ)၊ ဦးစိုးတင် (ရခိုင်စုရွာ)၊ ဦးအုန်းစိန် (ရခိုင်စုရွာ)၊ ဦးစိုးသိန်း (ရခိုင်စု)၊ ဦးမိုးညို (ဂျူတ်ကုန်း)တို့ ဖြစ်ကြပါသည်။

အလိုအလျောက် ရွှေရောင်တောက်၍ ဝမ်းမြောက်ကြည်နူး ဘုရားဖူးပြီး ဆုတူးပန်ကြပါစို့။

*သီလဝဘာသာရေးမဂ္ဂဇင်း ၅/၉၈*

# ဇာတိရွာ နှင့် ဗုဒ္ဓသာသနာ

မရောက်တာ ကြာပြီဖြစ်သော ဇာတိမြေသို့ မကြာမီက အလွမ်းပြေ ခရီးထွက်ခဲ့သည်။ တောင်တွင်းကြီးမြို့နယ်၊ ဂျုတ်ကုန်းရွာပါတည်း။ ဗိဿနိုးမြို့ဟောင်းနှင့် ရန်ပယ်ချောင်းအကြား တည်ရှိပါသည်။ ဂျုပ်ပင်များ အစွဲပြု၍ ဂျုတ်ကုန်းဟူ၍လည်းကောင်း၊ ချုပ်ကုန်းဟူ၍လည်းကောင်း မှတ်သားရပါ၏။ ဂျုတ်ကုန်းရွာတွင် ပန်ထွာဘုရင်မ၏ မယ်တော် မယ်ယက္ခအုတ်ဂူနှင့် ပျူသင်္ချိုင်းတို့ ရှိသည်။

ဇာတိမြေရောက်တော့ ရွာ၏မြောက်ဘက် ကပ်လျက် ဘုန်းကြီးကျောင်းကို ဦးစွာဝင်လိုက်၏။ စာရေးသူအတွက် အခြေခံဗုဒ္ဓဘာသာ စာပေနှင့် မူလတန်းပညာ ဆည်းပူးခဲ့ရာကျောင်းတော်သာ ဖြစ်ပါ၏။ စာရေးသူတို့ခေတ်က ဘုန်းကြီးကျောင်းနှင့် မူလတန်းကျောင်း တွဲထားပါသည်။

လက်ရှိကျောင်းထိုင်ဆရာတော် ဦးမာလာဝံသကို ဖူးမြော်ပြီး ရွှေသင်္ကန်းကပ်လှူဆဲ မြတ်စိန္တေစေတီအတွက် ဝတ္ထုငွေများ လှူဒါန်းပါသည်။ အဆိုပါ မြတ်စိန္တေစေတီ အရှေ့ဘက် ကပ်လျက်သိမ်တွင် စာရေးသူတို့ ဆွေမျိုးတစ်စု လွန်ခဲ့သော (၁၀) နှစ်ကျော်က ဒုလ္လဘရဟန်းခံခဲ့ဖူးသည်။ မြတ်စိန္တေစေတီ၏ မြောက်ဘက်တွင် ပန်းချီဆရာဉာဏ်၏ ကောင်းမှု ရုပ်ပွားဆင်းတုတော်ကြီးမှာလည်း ကြည်ညိုစရာ။ ဒုလ္လဘရဟန်းဘဝက ထိုဆင်းတုရှေ့မှာ တရားထိုင်ခဲ့ရသည့် အရသာကိုမမေ့ပါ။

မြတ်စိန္တေဘုရား၏ အနောက်ဘက်တည့်တည့်တွင် (၁၂၉၀)ပြည့်နှစ် ဆရာစံတော်လှန်ရေးကာလလောက်က ကိုးတောင်ပြည့်စေတီ (ဝါ) အေးစေတီကို သပ္ပါယ်စွာ တည်ခဲ့ပြန်သည်။ စာရေးသူ၏ မိဘများလည်း ပါဝင်ကုသိုလ်ယူခဲ့ကြောင်း သိရ၏။ ထိုခေတ်က ပေါ်ခဲ့သည့် တဘောင်မှာ -

"ဘုရားလေးငယ်ငယ်

ကိုးတောင်ပြည့်တယ် (တည်)။

ငယ်သာငယ် ကယ်ဆယ်မယ့်ဘုရား

**ဓာတ်ကောလိ သုံးဆယ်ကူးအောင်**

**ဖူးကြအများ” ဟူ၍ ဖြစ်၏။**

ထိုတဘောင်ရ အနယ်နယ်အရပ်ရပ်တွင် အများအား ဖြင့် သဲပုံစေတီသာ တည်ခဲ့ကြသော်လည်း စာရေးသူတို့ ရွာက ဘုရားမှာမူ အုတ်အင်္ဂတေ ဖြစ်သည်။ ဒုလ္လဘ ဝတ်စဉ်က ညနေပိုင်း ကိုးတောင်ပြည့်ဘုရားရှေ့မှာ ပဋ္ဌာန်းရွတ် တရားထိုင် ပြီး ထိုဘုရားနှင့်ကျောင်းအကြား စင်္ကြံလျှောက်ခဲ့ပုံကိုလည်း မြင်ယောင်ဆဲ။

ဂျုတ်ကုန်းရွာ ဘုန်းကြီးကျောင်းသည် ရေးက ရန်ပယ် ချောင်း၏ တောင်ဘက်သရက်တောကြီးအတွင်း တည်ရှိပြီး သုံးထပ်လည်ပေါ်ကျောင်းကြီး ဖြစ်ခဲ့သည်။ (၁၂၆၁)ခုနှစ်တွင် ရန်ပယ်ချောင်း ရေနိုက်ကြမ်းကြီးလျှံ၍ သုံးထပ်ကျောင်း မျောပါ သွားရ၏။ ရှင်သာမဏေနှစ်ပါးလည်း ရေထဲမျောပါသွားသည်။ ကျောင်းထိုင်ဘုန်းကြီး ဦးလာဘကို ဂျုတ်ကုန်းရွာ လူကြီးများ က သံပုံးဖောင်ဖွဲ့က ပင့်ဆောင်ကယ်ဆယ်ခဲ့ရ၏။ ဂျုတ်ကုန်းရွာ မြောက်ဘက်တွင် ယာယီစံကျောင်းအဖြစ် တဲထိုးပေးကြသည်။ နောက်ပိုင်း အခိုင်အခံ့ကျောင်းဆောင် ကိုးကွယ်ခဲ့ကြ၏။

သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်နှင့် ပြည့်စုံသော ဦးလာဘကို ဂုဏ်တော်ပေါက်သူ၊ သမထအောင်၍ အကြား အမြင်ရသူ၊ သူတစ်ပါးစိတ်အကြံ သိသူဟူ၍ မှတ်တမ်းတင်ခဲ့ ကြသည်။ သင်္ကန်းတိစီဝရိတ်ဓုတင်ဆောင်ထားသော၊ လှည်း မစီး သော၊ သက်သတ်လွတ်စားသော ဘုန်းကြီးအဖြစ်လည်း သိကြကြည်ညိုပြန်၏။

ဦးလာဘ ဓိဋ္ဌာန်သဖြင့် ခေါင်းရင်းက ပုလင်းထဲ၌ ဘုရားဆံတော် ကိန်းဝပ်တော်မူရာ ထိုဆံတော်ကို ဌာပနာလျက် (၁၂၆၂)ခုနှစ်က မြတ်စိန္တေစေတီတော်ကို တည်ထားကိုးကွယ် ခဲ့ခြင်း ဖြစ်သည်။ ဉာဏ်တော် (၁၀၈)ပေ မြင့်၏။ ဘုရား ရောင်ခြည်တော် လွှတ်သည်ကို ဂျုတ်ကုန်းရွာကရော အခြားရွာ များကပါ ဖူးခဲ့ကြရပါသည်။ ယခုဆိုလျှင် နှစ် (၁၀၀)ပြည့် မြတ်စိန္တေစေတီမှာ သပိတ်မှောက် အောက်ပတ်ပတ်လည်၌ နှစ်ကျိပ်ရှစ်ဆူဘုရား ဆင်းတုများ၊ အပေါ်ပိုင်း ရွှေသင်္ကန်း ကပ်လှူထားခြင်းများကြောင့် ပိုမိုသပ္ပါယ်ကြည်ညိုဖွယ် ကောင်းလှပါသည်။

မြတ်စိန္တေစေတီ၏ မြောက်ဘက် ကပ်လျက်တွင်

(၁၂၈၂)ခုနှစ်က ပျံလွန်တော်မူခဲ့သော ဆရာတော် ဦးလာဘ အရိုးအိုးစေတီ ရှိပါသည်။

ဦးလာဘ ပျံလွန်တော်မူသော် ဦးဥတ္တမ (စာရေးသူ၏ အမေဘက်က အဖိုး) ဦးသာသန၊ ဦးဣန္ဒြိယ (စာရေးသူ၏ ဦးလေး) ဦးပဏ္ဍိတ (စာရေးသူ၏ ပထမဆုံးဘုန်းကြီး)၊ ယခု ဦးမာလဝံသတို့ အသီးသီး ကျောင်းထိုင်ကြပါသည်။

ဆရာတော် ဦးဥတ္တမကို အလိုနည်းခြင်း၊ ရောင့်ရဲခြင်း၊ တစ်ပါးတည်း မွေ့လျော်စွာနေထိုင်ခြင်း၊ ဒါယိကာမကြီး/ငယ် နှင့် ရောယှက်မှုကင်းခြင်း၊ ဆွေမျိုးနှင့်ဒကာ၊ ဒကာမများအပေါ် တွယ်တာမှုနည်းပါးခြင်း၊ ပရိယတ်၊ ပဋိပတ်တွင် မထင်ပေါ်စေ လိုခြင်း ဂုဏ်တို့နှင့် ပြည့်စုံသဖြင့် အလွန်ကြည်ညိုကြ၏။ အထူးသဖြင့် ပစ္စည်းကို လုံးဝခင်မင်တွယ်တာခြင်း မရှိပေ။ အရင်လူလှူသည့်ပစ္စည်းကို နောက်လူသို့ ချက်ချင်းစွန့်သည်။ နေ့ဖို့ညစာ ဘာမှမထား။ ဝက်ချမ်းကန်အရှေ့ကျောင်းမှာ ကျောင်းထိုင်ရင်း ပျံလွန်တော်မူပါပြီ။

ဆရာတော် ဦးဣန္ဒြိယနှင့် ဦးပဏ္ဍိတတို့ကို တရား ဟော တရားပြကောင်းသည်ဟု ကိုးကွယ်ဆည်းကပ်သူတို့က

ချီးကျူးစကား ဆိုကြပါသည်။

ဆရာတော် ဦးလာဘလက်ထက်က စတင်တည်ထောင်ခဲ့သော ဂျူတ်ကုန်းရွာဝတ်အသင်းသည် အဟောင်းအသစ် ပခုံးပြောင်း၍ ဆက်လက်ရှင်သန်လျက်ရှိ၏။ အိမ်စဉ်လှည့်၍ ညပိုင်းဝတ်တက်ကြရာ၌ ဘုရားပင့်ခြင်း၊ ဘုရားရှိခိုးခြင်း၊ ဂုဏ်တော်ရွတ်ဆိုခြင်း၊ ပဋ္ဌာန်းပစ္စယုဒ္ဒေသရွတ်ခြင်း၊ အရပ်ဆယ်မျက်နှာ မေတ္တာပို့ခြင်း၊ (၁၅)မိနစ်ခန့် သတိပဋ္ဌာန်တရား အားထုတ်ခြင်းများ ပြုလုပ်ပြီး ဆုတောင်းအမျှဝေလေ့ရှိကြပါသည်။

ဦးဖိုးချစ်၊ ဦးကျော်၊ ဦးညီမောင်တို့ သားအဖ မကွယ်လွန်မီက ဝတ်အသင်းအတွက် ရေးစပ်သွားသော ရှစ်လုံးဘွဲ့နှင့် ဆုပေးသံပေါက်များလည်း အသက်ဝင်ဆဲ ကြားရဆဲရှိ၏။ ကောက်နုတ်ဖော်ပြရသော်-

သံဝေဂရှစ်လုံးဘွဲ့

(၁) နေဝင်ခါနီး၊ ခရီးသည်တွေ

ဘယ်ဆီဌာန၊ သွားကြမှာလေ

အချိန်ရှိခိုက်၊ မှာလိုက်ချင်ပေ
နေဝင်က၊ ဒုက္ခပင်လယ်ဝေ။

(၂) သေမည်မုချ၊ ဖြစ်ကြလေပြီ
မသေမီလေး၊ သင်တွေးချိန်မီ
သေမည်ဆဲဆဲ၊ မလွဲကိုယ်စီ
မြတ်တရား၊ သင်ပွားချိန်တန်ပြီ။

(၃) မင်္ဂဖိုလ်လိုလား၊ အများသူငါ
ဟုတ်မှန်သမျှ၊ သိကဆရာ
မလွဲအောင်ပ၊ ပွားကြဘာဝနာ
ဆရာမှီး၊ ထံနီးဆည်းကပ်ပါ။

(၄) လူဖြစ်လာငြား၊ အများသူငါ
အားကိုးဖွယ်ဖြစ်၊ စင်စစ်ဘယ်ဟာ
ဒါနအစ၊ သီလ, ဘာဝနာ,
အားကိုးပဲ မလွဲမှတ်ကြပါ။

(၅) သားသမီးနဲ့ ပစ္စည်းရွှေငွေ
အားကိုးအားထား၊ ပြုငြားသူတွေ
အားကိုးလွဲလို့၊ ဆင်းရဲပူပွေ

မအေးဘဲ၊ ပါယ်ထဲရောက်တတ်ပေ။

(၆) လက္ခဏာသုံးပါး၊ တရားအစဉ်
နိဗ္ဗာန်သွားတဲ့၊ ရထားလေယာဉ်
နေ့စဉ်စီးလို့၊ ခရီးတွင်တွင်
ကျွန်းမာခိုက်၊ အားစိုက်နှစ်စေချင်။

(၇) သတိမပြတ်၊ ရှုမှတ်နေလျှင်
ဘယ်ဟာကိုမှ၊ မြဲတယ်မထင်
လောဘ ဒေါသ မောဟကင်းစင်
ထိုခါမှ ဒုက္ခငြိမ်းမည်ပင်။

ဆရာတော် ဦးပဏ္ဍိတလက်ထက်က စာရေးသူတို့ရွာတွင် အမျိုးသမီး ဓမ္မစကြာအသင်းလည်း ထူထောင်ခဲ့သလို ယခုလက်ရှိ ဆရာတော် ဦးမာလာဝံသလက်ထက်မှာလည်း အသံမစဲ ပဋ္ဌာန်းရွတ်ဖတ် ပူဇော်ပွဲ ကျင်းပဖြစ်ပါသည်။ တစ်ရွာလုံး စုပေါင်းဘုံကထိန်လှူသင်္ကန်းကပ်လှူပွဲကိုလည်း နှစ်စဉ်ကျင်းပ ကုသိုလ်ယူကြပါ၏။

ရန်ပယ်ချောင်းကို ဖြတ်၍ ဂျူတ်ကုန်းရွာ ဘုန်းကြီးကျောင်းဟောင်း တည်ရှိရာစေတီသို့ သွား၍ ရွှေသာလျောင်း

ဘုရားကိုလည်း ဖူးဖြစ်အောင် ဖူးခဲ့ပါသည်။ အပြန်မှာ မသောက်ရတာကြာသော ရန်ပယ်ချောင်းရေကို အဝသောက်ခဲ့ ပါသည်။ အရသာရှိလှပါ၏။

ဇာတိရွာတွင် မိဘများအပါအဝင် ဆရာသမား၊ ဆွေမျိုးသားချင်းနှင့် မိတ်ဆွေအတော်များများ ကွယ်လွန်ကုန်ကြပြီ ကို တွေးပြီး ပုထုဇဉ်ပီပီ လွမ်းဆွတ်တသမိသော်လည်း ဗုဒ္ဓ သာသနာအဖို့ လက်ဆင့်ကမ်း ရှင်သန်ဖွံ့ဖြိုးနေသည်ကို ကြည့် ပြီး ပီတိဝေ အလွမ်းပြေခဲ့ရပါကြောင်း။

ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု။

မှတ်ချက် ။ ။ ရွာသမိုင်း ပြောပြသူ ကုက္ကိုခွဆရာ တော် ဦးဣန္ဒြိယနှင့် ဓာတ်ပုံများ ရိုက်ပေးသူ မသင်းသင်းတို့ အား ကျေးဇူးတင်ပါသည်။

*သီလဝဘာသာရေးမဂ္ဂဇင်း ၆/၂၀၀၁*

## တွံတေးမြို့ ကျက်သရေဆောင် ပြည်လုံးချမ်းသာ အောင်စကြာ ရွှေသာလျောင်းဘုရားကြီး



(၂၀၀၂)ခုနှစ်၊ ဇန်နဝါရီလအတွင်းက စာရေးသူသည် တွံတေးမြို့သို့ အာစရိယပူဇော်ပွဲ ဖိတ်သဖြင့် နှစ်ခေါက်သွားခဲ့ရ၏။ အလက-မြို့မ (ယခင်မက်သဒစ်ကျောင်း) နှင့် အထက-တွံတေး နှစ်ကျောင်းစလုံးမှာ ကျောင်းအုပ်လုပ်ခဲ့၍ ပူဇော်ခံရန် နှစ်ခေါက်သွားရခြင်း ဖြစ်သည်။

အထက-တွံတေးမှ မိမိနောက် အငြိမ်းစားယူကြသော ဆရာမ ဒေါ်ဘောဘီ၊ ဒေါ်သန်းရင်၊ ဒေါ်တင်ကြွယ်တို့က ဤသို့ စကားဆိုၾ၏။

"ဆရာကြီး၊ တွံတေးရောက်ခိုက် ရွှေသာလျောင်း ဘုရားကြီးကို ဖူးသွားပါဦး၊ ဆရာကြီး မပြောင်းခင်က ရွှေသာလျောင်းဘုရား တည်ဖို့ ဆရာတော်ဘုရားနဲ့အတူ ဆရာကြီးပဲ မြေနေရာ ကြည့်ပေးခဲ့တာလေ၊ အခု ဘုရားကြီးတည်လို့ပြီး သွားပြီ ဆရာကြီးရဲ့"

"ဝမ်းသာဖို့ကောင်းလိုက်တာ သွားဖူးကြမယ်လေ"

သို့နှင့် တွံတေးမြို့ ကျွန်းတောရပ်ကွက် ကန်သာယာ (၅)လမ်းထိပ်ရှိ အောင်စကြာကျောင်းတိုက်သို့ သွားကြပါသည်။ ကျောင်းတိုက်အဝင်လမ်းကို ရွှေသာလျောင်းဘုရားကြီးက ကျောပေးလျှက် အောင်စကြာစေတီ (တွံတေးမြို့ တောင်ပို့တစ်ရာမှ အောင်စကြာစေတီဆောင်းပါးကို သီလဝမှာ စာရေးသူ ရေးခဲ့ပြီး) ကိုမျက်နှာမူလျက် အနေအထားကို ဖူးတွေ့ရပါပြီ။

ဘုရားကြီး ဦးခေါင်းတော်မှ ခြေဖဝါးထိ အလျားပေ (၁၀၀)၊ ပလ္လင်မှ ဦးခေါင်းတော်အမြင့် ပေ (၃၀)ကို ကြည်ညိုဖွယ်ရာ ဖူးတွေ့ရပါသည်။ ဘုရားကျောင်းတော်ကြီးက အလျား ပေ ၁၅၀ × အနံ ၇၅ ပေ × အမြင့် ပေ ၅၀ ခန့် ရှိပါမည်။

ကျောင်းတော်ကြီး တိုင်တွေအားလုံး သံမိဏိယက္ခဘောင်တွေ ချည်းဖြစ်ပြီး သွပ်မိုးထားရာ အလွန်ခန့်ညားထည်ဝါလှပေ၏။ ဘုရားကြီးခြေဖဝါးတော်နှစ်ဖက်စကြလက္ခဏာများ ဖော်နေဆဲ တွေ့ခဲ့ရပါသည်။ ကွန်ကရစ်သမံတလင်း ကြမ်းပြင်ပေါ်တွင် ကြွေပြားများ စခင်းနေပြီ။ ကျောင်းဆောင်ကြီးအကာတော့ မရှိသေး။

ဘုရားကြီးတည်ရန် မြေနေရာ ကူကြည့်ပေးခဲ့သည်မှာ (၁၉၉၈)ခုနှစ်၊ ဇန်နဝါရီလဆန်း တွံတေးမှ စာရေးသူ ပြောင်းခါ နီးဖြစ်၏။ (၄)နှစ်အကြာ တွံတေးရွှေသာလျောင်းဘုရားကြီးကို မျက်ဝါးထင်ထင် ဖူးတွေ့ရပြီဆိုတော့ စာရေးသူ အံ့ဩမိသည် မှာ အမှန်။ အဘယ်ကြောင့်ဆိုသော် ဘုရားကြီး တည်မည်ဟု ကြံစည်စိတ်ကူးစဉ်က ဆရာတော်ထံမှာ အလှူတော်ငွေ ဘာမှ ရှိသေးသည်မဟုတ်သော်လည်း ယခုအထိ ဘုရားကြီးအတွက် ကျပ်သိန်း(၉၀)ကျော်၊ ကျောင်းတော်ကြီးအတွက် ကျပ်သိန်း (၁၀၀)ကျော် ကုန်ကျထား၍ ဖြစ်ပါသည်။ အချိန်တိုအတွင်း ဆရာတော် ဖြစ်ချင်တာ ရုပ်လုံးပေါ်လာ၍ အံ့ဩမိခြင်းဖြစ်ပါ ၏။ ဆရာတော်၏ ငယ်ဆရာရင်းဖြစ်သူ ကျောက်ဖြူမြို့မှ

**သက်**တော် (၈၆)နှစ်ရှိ ဆရာတော်ကြီးလည်း တပည့်တည်သည့် **ရွှေသာ**လျောင်းဘုရားကြီးဖူးရန် ထိုနေ့ကပင် ရခိုင်ပြည်နယ်မှ **ရောက်လာ၏**။ ဘုရားဖူးရသည်ကို ကြည်နူးဝမ်းသာနေပုံရသည်။

ရွှေသာလျောင်းဘုရားကြီးအကြောင်း ဆရာတော်ထံ မေးမြန်းလျှောက်ထား သိရှိရသမျှကို ဖော်ပြလိုက်ပါသည်။

ရွှေသာလျောင်းဘုရားကြီးကို တာဝန်ခံ ဦးစီးတည်ထားကိုးကွယ်သူ အောင်စကြာကျောင်းတိုက် ဆရာတော် ဦးဂန္ဓမာလာမှာ ကျောက်ဖြူမြို့သား ရခိုင်အမျိုးသားဖြစ်၍ ယခုဆိုလျှင် သက်တော် (၅၈)၊ ဝါတော် (၃၈)ရှိပါပြီ။ ဤကျောင်းတိုက်၏ မူလတန်း တောမြေနေရာပိုင်ရှင် ဦးကြာစိ၊ ဒေါ်တင်ရှိန်တို့ဖြစ်၍ ဆရာတော်ကို အကြောင်းပြုပြီး သိမ် ကျောင်း အစရှိသော သာသနိက အဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်လာသည်။ မူလ ရှေးဟောင်းအောင်စကြာ စေတီပျက်ကိုလည်း ဆရာတော်ပင် ဦးစီးပြုပြင်ခဲ့၏။

တစ်နေ့တွင်ဆရာတော်ဘုရား၏ သီလဂုဏ်၊ သမာဓိဂုဏ်တို့ကို ကြည်ညိုကြသောပုဂ္ဂိုလ်များကဆရာတော်ဘုရားအား -

"အများသတ္တဝါတို့အတွက် ရွှေသာလျောင်းဘုရားကြီး တည်ပါ။ လိုအပ်သလို ကူညီမစပါမည်၊ မတ္တာပ်ထိုး အလှူမခံပါနှင့်၊ အလုပ်သာလုပ်ပြပါ" ဟု အိပ်မက်ပေးသည်ဟု ဆို၏။ ဆရာတော်က ဖြစ်အောင် တည်မည်ဟု ဆုံးဖြတ်လိုက်သောအခါ မူလအလှူရှင် ဒေါ်ငွေရင်က ကျပ်တစ်သိန်း မတည်လိုက်၏။ တကယ်တမ်း ဘုရားတည်ဖြစ်သောအခါ ကျပ် (၁၅)သိန်း လှူသည်။ (၇)ရက်သားသမီး အခြားအလှူရှင်အသီးသီးလည်း ပေါ်လာကြသောဟူ၏။

သာသနာနှစ် (၂၅၄၂)၊ ကောဇာသက္ကရာဇ် (၁၃၆၀)၊ ခရစ်နှစ် (၁၉၉၈)ခု၊ ကဆုန်လပြည့်နေ့ တနင်္ဂနွေနေ့ နံနက် (၆:၅၀)နာရီအချိန် ပန္နက်ရိုက်သည်။ ဝါဆိုလပြည့်ကျော် (၄)ရက် (၁၂-၇-၉၈) တနင်္ဂနွေနေ့ နံနက် (၈:၃၀)နာရီ မင်္ဂလာ အုတ်မြစ်စီသည်။ ဘုရားကြီး ရုပ်လုံးတင်ပွဲကို ဒုတိယဝါဆိုလဆန်း (၁၃)ရက်၊ တနင်္ဂနွေနေ့ နံနက် (၈:၀၀)နာရီစခဲ့၏။ တော်သလင်းလဆန်း (၃)ရက်နေ့တွင် ဘုရားကြီး အကြမ်းဖျင်း ပြီးစီးခဲ့ရာ သီတင်းကျွတ်လဆန်း (၃)ရက်နေ့ (၁၁:၄၅)နာရီအချိန် ဘုရားကြီး မျက်ရှင်တော် လှူခဲ့သည်။ (၁၃၆၁)



၂၈၁၁၄

ခုနှစ်၊ တပေါင်းလပြည့်၊ တနင်္ဂနွေနေ့၊ နံနက် (၈:၀၀)နာရီ နောက်ဆုံး၌ဥပနာ ပိတ်ခဲ့ပါသည်။ ဆရာတော်၏ ကြီးကြပ် လမ်းညွှန်မှုဖြင့် ပန်းရန်ဆရာ ဦးအေးဒွါးက လုပ်ငန်းဆောင်ရွက် ခဲ့ခြင်းဖြစ်၏။

ဘုရားကြီးပြီးပြန်တော့ မိုးထဲရေထဲ နေပူထဲတွင် သီတင်းသုံးနေရသည်ကို ဆရာတော် စိတ်မချမ်းသာ၍ ကျောင်း တော်ကြီးဆောက်မည်ဟု ကြံရွယ်ဆန္ဒပြုလိုက်သည်နှင့် အလှူ ရှင်များ အလိုလိုရောက်လာကြောင်း၊ ရန်ကုန်မြို့နေ ကျောင်း အိမ်ဆောက်လုပ်ရေး ပစ္စည်းရောင်းဝယ်ရေး ဦးငြိမ်းမောင်၊ ဒေါ်စောတို့က ကျပ် (၁၅)သိန်း၊ တွံတေးမြို့ ဒေါ်ကုလားမက သွပ်အချပ် (၂၀) စတင် မတည်လှူလိုက်သည်။ ထာဝရမိဘ မေတ္တာကုမ္ပဏီ ဦးညွန့်ဦး၊ ဒေါ်စောစန္ဒာအေးတို့က လိုအပ်သည့် သံထည်များကို ၄င်းတို့ကားနှင့် လာရောက်ချထားပေးသည် ဆို၏။ လာလှူကြသည့်ငွေဖြင့် ဆောက်လုပ်ရေး ပစ္စည်းဖိုး များ ပေးချေပြီးကြောင်း၊ ယခုထိ ကုန်ကျငွေ ကျပ်သိန်း(၂၀၀) ခန့်မှာ (၇)ရက်သားသမီးများ အလှူငွေဖြင့် ပေးချေပြီးဖြစ်၍ အကြွေးမရှိကြောင်း သိရှိရပါသည်။

ရန်ကုန်တိုင်းဒေသကြီးမှာ ခြောက်ထပ်ကြီးကလွဲလျှင် ဒုတိယအကြီးဆုံး ရွှေသာလျောင်းကိုယ်တော်ကြီးဖြစ်၍ နေ့ဖက်တွင် မျက်လုံးတော်ဖွင့်၊ ညဖက်တွင် မျက်လုံးတော်ဝင်းနေသည်ကို ဖူးတွေ့သည်ဟု ဆရာတော် အမိန့်ရှိပါသည်။

ဆရာတော်ဘုရား စိတ်ကူးထားသည့် ရှေ့လုပ်ငန်းများမှာ ကျောင်းတော်ကြီး အကာအရံ၊ ကြွေပြားခင်းရန်နှင့် ဘုရားကြီး ရွှေသင်္ကန်းကပ်လှူရန်တို့ဖြစ်ကြောင်း သိရပါ၏။

တရားချစ်ခင် သူတော်စင် ဓမ္မမိတ်ဆွေ (၇)ရက်သားသမီးများ သဒ္ဓါတတ်အားသရွေ့ ပါဝင်လှူဒါန်း ကုသိုလ်ယူနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ နှိုးဆော်လိုက်ရပါသည်။

မှတ်ချက် ။ ။ အချက်အလက်များ ကူရှာပေးသည့် ဆရာမ ဒေါ်ဘေဘီနှင့် ဓာတ်ပုံရိုက်ပေးသည့် ဇော်ဝင်းမြင့် ဓာတ်ပုံတို့ကို အထူးကျေးဇူးတင်ပါသည်။

*သီလဝဘာသာရေးမဂ္ဂဇင်း ၆/၂၀၀၂*

## သံဝေဇနီယလေးဌာနနှင့် သတ္တဌာနတွင် ဓမ္မဖြင့် ပူဇော်ခဲ့ပုံ

ပြင်ဦးလွင်မြို့နေ ဦးလေးတော်သူ ဗိုလ်ကြီးကျော်စိန် (အငြိမ်းစား) သည် အသက် (၂၅)နှစ်ရှယ်က ဗေဒင်မေးရာ ယတြာကုသိုလ်ကောင်းမှု မပြုပါက အသက် (၃၅)နှစ်အရွယ်မှာ ကွယ်လွန်မည်ဟု ဗေဒင်ဟောကိန်း ထွက်၏။ သေချင်သေပေစေဟု စစ်မှုထမ်းရင်း ဂုဏ်တော်ပုတီးစိတ်ခြင်း၊ တရားအားထုတ်ခြင်းကို အလေ့အထုံ ဖြစ်စေခဲ့သည်။ တရားဓမ္မလိုက်စားသည့် ကျေးဇူးကြောင့် အသက်(၃၅)နှစ်မှာ မသေခဲ့သည့်ပြင် အသက် (၇၀)ပြည့် မွေးနေ့မင်္ဂလာပင် ဘုရားဖူးသွားနိုင်ခဲ့ရာ သံဝေဇနိယ လေးဌာနနှင့် သတ္တဌာနတို့တွင် ဓမ္မဖြင့် ပူဇော်ခဲ့ပုံများမှာ နည်းယူစရာ ကောင်းသဖြင့် ဓမ္မစာပေပရိသတ်ကို မျှဝေလိုက်ပါသည်။

တူမောင်-

(၁၉၉၇)နှစ် နိုဝင်ဘာလထဲမှာ ဘုရားဖူးအဖွဲ့နဲ့ မဇ္ဈိမဒေသ ဗုဒ္ဓဂယာကို ဦးလေးရောက်ခဲ့တယ်။ ဗုဒ္ဓဂယာဘုရားဖူး တစ်ခေါက် ရောက်ဖို့ဆိုတာ ဦးလေးအဖို့ အတော်ကလေး ကြိုးစားစီစဉ်ရတယ်ဆိုတာ တူတော် အသိပါ။ မဇ္ဈိမဒေသ နေရသမျှကာလအတွင်း ဒုလ္လဘရဟန်း ဝတ်ပြီး အချိန်ကို အကျိုးရှိစွာ အသုံးချ ဓမ္မပူဇာလုပ်ခဲ့ပုံကို တူမောင်ထံ စာရေးလိုက်ပါတယ်။ မင်းတို့လို စာရေးဆရာအတွက် ဓမ္မစာပေ ကုန်ကြမ်းပေါ့။ သင့်လျော်တယ်ဆိုရင် ပရိသတ်ကို မျှဝေပေးပါ တူမောင်။

## သံဝေဇနိယလေးဌာန

ကုသိနာရုံကျောင်းမှာ ဒီလို ဆောင်ပုဒ်ရေးထားတယ်ကွ၊ "ဖွားရာ ပွင့်ရာ၊ စက်လှည့်ရာ၊ စံရာ ဤလေးမည်။ သံဝေဇနိယ၊ လေးဌာန၊ ဖူးကြ အလီလီ၊ အပါယ်လေးဝ၊ မရောက်ရ၊ လားရလူနတ်ပြည်" တဲ့။

(၁) မြတ်စွာဘုရားအလောင်း ဖွားမြင်ရာ လုမ္ဗိနီမှာ အာသော

ကမင်းတရားကြီးရဲ့ ကျောက်တိုင်နဲ့ မယ်တော် မာယာ ဖွားမြင်ခန်း ရုပ်ထုထားရာ တိုက်ခန်း ရှိတယ်။ အဲဒီနေရာ မှာ ဘုရားလောင်း သိဒ္ဓတ္ထမင်းသား ဖွားလျှင်ဖွားချင်း ခြေစုံရပ်၊ အရပ်ဆယ်မျက်နှာကြည့်ကာ 'ငါသည် လောက (လူသုံးပါး)တွင် အမြတ်ဆုံး အကြီးအကဲဆုံး၊ အချီးမွမ်းအပ်ဆုံး' ဟူ၍ ကြုံးဝါးသံကို ဦးလေး ကြား ယောင်ပြီး နှလုံးသွင်းခဲ့ပါတယ်။

(၂) မြတ်စွာဘုရား ပွင့်ရာဒေသ ဗုဒ္ဓဂယာမှာ မဟာဗောဓိပင် နဲ့ အပရာဇိတပလ္လင်တော် ရှိပါတယ်။ အဲဒီနေရာမှာ **ဇယစက္ကော** အစချီတဲ့ ဘုရားရှိခိုး ဂါထာတော်ကြီးနဲ့ ပူဇော်ခဲ့ပါတယ်။ ဘုရားစင်စစ်ဖြစ်လျှင်ဖြစ်ချင်း နှလုံး သွင်းခဲ့တဲ့ ပဋိစ္စသမုပ္ပါဒ်ဒေသနာ အနုလုံပဋိလုံပါဠိတော် ကို ရွတ်ဆိုပွားပြီးတော့လည်း ပူဇော်ခဲ့ပါတယ်။

(၃) မြတ်စွာဘုရားရှင် တရားဦးဟောရာ ဗာရာဏသီမိဂဒါ ဝုန်တော (ယခုဥယျာဉ်ကြီးသဖွယ် ဝင်းအကျယ်ခတ် ထား) နေရာမှာ ဓမ္မရာဇိကစေတီ မူလအုတ်မြစ်ချ အထိမ်းအမှတ် အုတ်ငုတ် (ရွှေချ)ကို မဏ္ဍိုင်ပြုပြီး

ဓမ္မစကြာတရားတော်ကို ရွတ်ပွားခဲ့ပါတယ်။ ပဥ္စဝဂ္ဂီ ငါးဦးတို့ကို ရဟန္တာဖြစ်စေတဲ့ အနတ္တလက္ခဏာသုတ်ကို ဓမ္မေခစေတီကို ပတ်ပြီး ရွတ်ပွားခဲ့ပါတယ်။

(၄) မြတ်စွာဘုရား ပရိနိဗ္ဗာန်စံရာ ကုသိနာရုံမှာ ဂဏ္ဍာကုဋီ တိုက်အတွင်း အလောင်းတော်ရှိရာနဲ့ ပရိနိဗ္ဗာနစေတီ ကိုပတ်ပြီး ဗုဒ္ဓနောက်ဆုံးဟောကြားတဲ့ ဟန္ဒဒါနိဘိက္ခဝေ **အာမန္တယာမိဝေါ၊ ဝယဓမ္မာ သင်္ခါရာ အပ္ပမာဒေနသမ္ပာ ဒေထ** - ဖြစ်ခြင်းပျက်ခြင်းသဘောကို မမေ့မလျော့ နှလုံးသွင်းရမယ်ဆိုတဲ့ ဒေသနာကို နှလုံးသွင်း ရွတ်ပွား တရားထိုင်ခဲ့ပါတယ်။

## သတ္တဋ္ဌာန

### (၁) ပထမ-ပလ္လင်္ကသတ္တာဟ

ဗုဒ္ဓဂယာ မဟာဗောဓိစေတီကြီး (အလယ်မှာ ရွှေဆင်းတုရှိ)မှာတစ်နေရာ၊ အဲဒီစေတီရဲ့ အနောက်ဘက် (ကျောဘက်ကပ်လျက်) ဗောဓိ ပင်ကြီးနဲ့ အပရာဇိတပလ္လင် (ဘုရားဖိနပ်တော်)

ကြားမှာ တစ်နေရာ၊ နှစ်နေရာခွဲပြီး အားထုတ်ခဲ့ပါတယ်။ မဟာဗောဓိစေတီကြီး လိုဏ်အတွင်း ဗုဒ္ဓဆင်းတုရှေ့မှာ ကျီးသဲလေးထပ် ဆရာတော်ဘုရားကြီး ရေးသားစီကုံးခဲ့တဲ့ ပဏ္ဍိတ္ထာကနမဏ္ဍာ ရကြီး ခေါ် အစိန္တေယျကြီး ဘုရားရှိခိုးကြီး (၁၁) ပုဒ်ကို အလွတ်ရွတ်ဆိုပူဇော်ခဲ့ပါတယ်။ ဆရာကြီးဦးသုခက ဓမ္မလက်ဆောင်ပေးခဲ့တဲ့ ဘုရားရှိခိုးကြီးပေါ့။ အမရပူရ မဟာဂန္ဓာရုံဆရာတော်ဘုရားကြီး အရှင်ဇနကာဘိဝံသ ရေးခဲ့တဲ့ ရတနာ့ဂုဏ်ရည်မှ ဘုရားဂုဏ်တော်များလည်း ရွတ်ပွားပူဇော်ခဲ့ပါတယ်။

ဒုတိယဗောဓိပင်ရင်း အပရာဇိတပလ္လင်နံဘေးမှာ **ဇယစက္ကောဂါထာ၊ ဇယန္တော ဗောဓိယာမူလေ** အစရှိ ဘုရားရှိခိုးဂါထာတို့နဲ့ လယ်တီဆရာတော်ဘုရားကြီး ရေးသားခဲ့တဲ့ ပဋ္ဌိစ္စသမုပ္ပါဒ်လင်္ကာကြီး (၁၃)ပုဒ်တို့ဖြင့် အလွတ်ရွတ်ပွားပူဇော်ခဲ့ပါတယ်။ မြတ်စွာဘုရားရှင် ဘုရားဖြစ်ဖြစ်ချင်း နှလုံးသွင်း

တဲ့တရားမှာ ပဋိစ္စသမုပ္ပါဒ်ဖြစ်တာကြောင့် ဘုရားရှင်ကို မျက်ဝါးထင်ထင်မြင်အောင် အာရုံပြု ရွတ်ပွားခဲ့ပါတယ်။ သ ဖြင့် နိဗ္ဗာန်ရလိုပါ၏လို့လည်းဆုတောင်းခဲ့ပါတယ်။

**(၂) ဒုတိယ အနိမိသသတ္တာဟ**

မဟာဗောဓိစေတီတော်ကြီးရဲ့ အရှေ့မြောက်ယွန်းရှိ အနိမိသစေတီကုန်းတော်မှာ ဗောဓိစေတီ၊ ဗောဓိပင်ဘက် မျက်နှာမူကာ မင်းကွန်းဆ တော်ဘုရားကြီး ရေးသားခဲ့တဲ့ ပါရမီတော် ဆယ်ပါး (နမက္ကာရဘုရားရှိခိုး) ကို မျက်စိမမှိ ဘဲ ရွတ်ပွားကာ အလောင်းတော်ဘဝက ဖြည့် ဆည်းခဲ့တဲ့ ပါရမီတော်တွေကို ကြည်ညိုနှလုံး သွင်းခဲ့ပါတယ်။ မျက်စိရောဂါ ကင်းဝေးရပါလို၏ လို့လည်း ဆုတောင်းခဲ့ပါတယ်။

**(၃) တတိယ-ရတနာစင်္ကြံသတ္တာဟ**

မဟာဗောဓိစေတီတော်ကြီး မြောက်ဘက်ကပ်လျက် စင်္ကြံလျှောက်ပုံကို အာရုံပြုပြီး တရား

ထိုင်ခဲ့ပါတယ်။ အဲဒီနောက် မြတ်စွာဘုရား ဟော ကြားခဲ့တဲ့ အင်္ဂုတ္တရနိကာယ်ကျမ်းလာ စကြံန် အကျိုးငါးပါး **(ခရီးသွားနိုင်၊ ကြွခိုင်အင်အား၊ ကင်းငြားရောဂါ၊ အစာကြေဘိ၊ သမာဓိရ၊ မှတ် ကြ စကြံန်အကျိုးတည်း)**ကို နှလုံးသွင်းခဲ့ပါတယ်။ ဤအကျိုးငါးပါးရရှိပြီး မိမိသည် ခရီးသွားရင်း လမ်းလျှောက်ရင်း အများအကျိုး သာသနာအကျိုး ဆောင်ရွက်နိုင်ရပါလို၏လို့ ဆုတောင်းခဲ့ပါတယ်။

(၄) စတုတ္ထ-ရတနာဃရသတ္တာဟ

မဟာဗောဓိစေတီကြီး အနောက်မြောက်ယွန်း ရှိ ရတနာဃရစံအိမ်ရှေ့မှာ ပဋ္ဌာန်းပစ္စယုဒ္ဒေသ နဲ့ မိမိ ရွတ်ပွားနေကျ (ပဋ္ဌာန်းပုစ္ဆာဝါရ) တို့ကို ရွတ်ပွားတရားအားထုတ်ခဲ့ပြီးတဲ့နောက် ပဋ္ဌာန်း ဆက် ကောင်းကျိုး တရားထူးများနဲ့သာ တွေ့ဆုံ ကြုံကြိုက်ရပါလို၏။ ပဋ္ဌာန်းဉာဏ် ကြီးကျယ် သလို မိမိဉာဏ်ပညာလည်း ကြီးကျယ်ရပါလို၏။ မြတ်စွာဘုရားရှင်သည် ဤတရားပွားရင်း-ရောင်

ခြည်တော်များ ကွန့်မြူးခဲ့သဖြင့် မိမိဘဝသံသရာ တွင် ရုပ်အဆင်းနှင့်ပတ်သက်၍ ချွတ်ယွင်းချက် မရှိ ဖြစ်ရပါလို၏လို့ ဆုတောင်းခဲ့ပါတယ်။

**(၅) ပဥ္စမ-အဇပါလသတ္တာဟ**

မဟာဗောဓိစေတီကြီးရဲ့ အရှေ့မျက်နှာ (လိုဏ် ဂူအဝနှင့် တည့်တည့်) မှာ အသောကမင်းကြီးရဲ့ အထိမ်းအမှတ် ကျောက်စာတိုင်နဲ့ ကျောက်တိုင် ထိပ်မှာ ဆင်းတုတော် ရှိပါတယ်။ ဘုရားဖူးများ ထူထပ်တဲ့နေရာဖြစ်လို့ တရားထိုင်ဖို့ အခွင့်မသာ ပါ။ ကျောက်စာတိုင်ကိုပဲ ကိုင်တွယ်ရှိခိုးရပါ တယ်။ ဓမ္မစကြာကို ရွတ်ပွားပြီး သစ္စာသိနဲ့ မဂ္ဂင် အလုပ်အားထုတ်ရင်း နိဗ္ဗာန်ဝင်ရပါလို၏လို့ ဆုတောင်း ခဲ့ပါတယ်။

**(၆) ဆဋ္ဌမ-မုစလိန္ဒသတ္တာဟ**

မဟာဗောဓိစေတီရဲ့ အရှေ့တောင်ဘက် ခပ် ယွန်းယွန်းမှာ ရှိပါတယ်။ အခုတော့ ကန်ကြီး ပေါ့။ ကန်ကြီးအလယ်မှာ မြန်မာနိုင်ငံက အလှူ

ရှင်တွေရဲ့ကုသိုလ် နဂါးရုံဘုရား ရှိပါတယ်။ ကန်ရဲ့ မြောက်ဘက်စပ် အုတ်ခုံပေါ်မှာ တရားထိုင်ခဲ့ပါ တယ်။ မြတ်စွာဘုရားမှာသာရှိတဲ့ အာဝေဏိက ဂုဏ်တော် (၁၈)ပါးကိုလည်း ရွတ်ပွားခဲ့ပါတယ်။ မြွေနဂါးတို့ကိုလည်း မေတ္တာပို့ခဲ့ပါတယ်။ မြွေ နဂါးများအန္တရာယ်မှ ကင်းလွတ်ရပါလို၏။ မြွေ ဆိပ်သင့်သူများကို ကယ်တင်နိုင်ရပါ၏လို့ ဆုတောင်းခဲ့ပါတယ်။

## (၇) သတ္တမ-ရာဇာယတနသတ္တာဟ

မဟာဗောဓိပင်ကြီးရဲ့ တောင်ဘက်မှာရှိပါ တယ်။ မူလလင်းလွန်းပင်နေရာမှာ အုတ်ခုံ (အုတ် ကာ၊ အမိုးမရှိ) ရှိတယ်။ အဲဒီ အရှေ့ဘက်ကပ် လျက် မြန်မာနိုင်ငံ နယ်စပ်တိုင်းတာရေး အဖွဲ့ ခေါင်းဆောင် ဗိုလ်မှူးကြီး လှအောင် စိုက်သွား တယ်ဆိုတဲ့ လင်းလွန်းပင် ခြေရင်းထိုင်ပြီး မဟာ ဗောဓိဘက် မျက်နှာမူ တရားအားထုတ်ခဲ့ပါ တယ်။ တဖုဿ၊ ဘလ္လိက ညီနောင် မြန်မာနိုင်ငံ

သာသနာကြီး စည်ပင်ထွန်းကားအောင် ဆောင်ရွက်နိုင်သလို မိမိလည်း ဆောင်ရွက်နိုင်ရပါလို၏လို့ ဆုတောင်းခဲ့ပါတယ်။

မဇ္ဈိမဒေသ အခြားဗုဒ္ဓဝင်နေရာများကိုလည်း ရောက်အောင်သွားပြီး တရားတော်များ ရွတ်ပွားနှလုံးသွင်းခဲ့ပါတယ်။ အချုပ်အားဖြင့်တော့ ဗုဒ္ဓဂယာ ဘုရားဖူးခရီးမှာ တစ်ခေါက်ဆို တစ်ခေါက်မှန်းသိသိ အကျိုးရှိအောင် ဒါန၊ သီလ၊ ဘာဝနာ အလုပ်ကို ကြိုးပမ်းအားထုတ်ခဲ့ပါတယ်။ မိမိပြုခဲ့ရတဲ့ ကုသိုလ်ကောင်းမှု အစုစု၏ အဖို့ဘာဂကို အမျှ ပေးဝေလိုက်ပါတယ် တူမောင်။

*ဖမျှရတနာမဂ္ဂဇင်း ၄/၉၉*

# တရားလွဲလျှင် သံသရာရှည်တတ်သည်

တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)၏ (၁၂) ကြိမ်မြောက် ဘုံကထိန်သင်္ကန်း ကပ်လှူပွဲအတွက် ကထိန်ခံကျောင်းရှာပေးရေး လျှောက်ထားရန် ဗဟန်းကြားတောရလမ်းရှိ ဓမ္မသုခကျောင်းကြီးတိုက်သို့ မကြာမီက ရောက်သွားသည်။ သံဃာတော်များ ဆွမ်းကပ်ချိန် ဖြစ်ပါ၏။ ဆရာတော် ဦးဓမ္မိကနှင့် အာလာပ၊ သလ္လာပ လျှောက်ထားရင်း ဆရာတော်က ဤသို့ အမိန့်ရှိပါသည်။

"အစားနည်းလျှင် မြန်မကြာ သေတတ်သည်၊ တရားလွဲလျှင် သံသရာရှည်တတ်သည်လို့ ဆိုရိုးစကားရှိတယ်၊ အစားလည်း မနည်းအောင်၊ တရားလည်း မလွဲအောင် လုပ်နေရတာပဲ ဒကာကြီးရဲ့"

ဆရာတော်သည် လောကရေး၊ ဓမ္မရေး နှစ်လီကို ဟန်ချက်ညီအောင် ကျင့်သုံးသောပုဂ္ဂိုလ် ဖြစ်ပါသည်။ တောင်တွင်းကြီးမြို့နယ်အသင်း ရုံးခန်း မဝယ်ရသေးမီက ဆရာတော်ကျောင်းတွင် မကြာခဏ အစည်းအဝေး လုပ်ခဲ့ရပါသည်။ ဆရာတော်က မိမိဇာတိအသင်းကို ကြီးပွားတိုးတက်စေချင်သည်။ အလှူမခံရဘဲနှင့် အသင်းအတွက် မကြာခဏ ငွေလှူလေ့ရှိသော ဆရာတော် ဖြစ်ပါ၏။

"တရားလွဲလျှင် သံသရာရှည်တတ်သည်" ဟူသော စကားကို မှတ်သားသဘောကျမိသည်။ မြတ်ဗုဒ္ဓ၏ အလိုကျ ဖြစ်ပါ၏။ မဟာကရုဏာ ရှေ့ထားသည့် မြတ်စွာဘုရားသည် သတ္တဝါများကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်စေလိုသည်။ သစ္စာလေးပါးနှင့် မဇ္ဈိမပဋိပဒါ အစွန်းနှစ်ပါး ရှောင်ကြဉ်သည့် အလယ်အလတ်ကျင့်စဉ် ပါဝင်သော ဓမ္မစကြာတရားကို ဦးစွာ ဟောကြားခဲ့သည်။ ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာကို (သိ)၊ ဆင်းရဲကြောင်းအမှန် သမုဒယသစ္စာကို (ပယ်)၊ ဆင်းရဲချုပ်ငြိမ်းခြင်းအမှန် နိရောဓသစ္စာသို့ (ဆိုက်)၊ ဆင်းရဲ ချုပ်ငြိမ်းကြောင်းအမှန် မဂ္ဂသစ္စာကို (ပွား) ကြရန် ဖြစ်ပါသည်။

သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ပြီး မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုရေး ကျင့်ကြံအားထုတ်ရာတွင် မိမိစိတ်အလိုလိုက် ကာမဂုဏ်ခံစားမှုစွန်း (မကာသုခလ္လိကာနုယောဂ)၊ မိမိကိုယ်ကို ပင်ပန်းအောင် ညှင်းဆဲပြီး ကျင့်ကြံအားထုတ်မှုအစွန်း (အတ္တကိလ မထာနုယောဂ) တည်းဟူသော အစွန်းတရားနှစ်ပါးကို ပယ်၍ မဇ္ဈိမပဋိပဒါ အလယ်အလတ်လမ်းစဉ်လိုက်မှ လမ်းမှန်ပါသည်။ မလျော့မတင်း စောင်းကြိုးညှင်းသလို ကျင့်မှ တရားမှန်မည်။ လျော့လွန်း၊ တင်းလွန်းပါက တရားလွဲသွားပြီ။

မဂ်၊ ဖိုလ်၊ နိဗ္ဗာန်ကို ရှေးရှု၍ ဆင်းရဲငြိမ်းအေးချမ်းသာရေးအတွက် ကျင့်ကြံအားထုတ်သူတိုင်းသည် သတိပဋ္ဌာန်(၄)ပါး + သမ္မပ္ပဓာန် (၄)ပါး + ဣဒ္ဓိပါဒ် (၄)ပါး + ဣန္ဒြေ(၅)ပါး + ဗိုလ် (၅)ပါး + ဗောဇ္ဈင် (၇)ပါး + မဂ္ဂင် (၈)ပါးတည်းဟူသော ဗောဓိပက္ခိယတရားများကို လျစ်လျူရှုထားလျှင် တရားလွဲပြီ။

လက္ခဏာရေးသုံးပါး သဘောတရားအရ **အနိစ္စ**မမြဲမှုအကြောင်းပြု၍ အို နာ သေ ဖြစ် တည် ပျက် နေရသည်ကို

**ဒုက္ခ**ဆင်းရဲလှပါတကား၊ အတ္တအလိုပုဂ္ဂိုလ် အလိုမလိုက်သည် အစိုးမရ **အနတ္တ**သဘောပါလားဟု မြင်လျှင် တရားမှန်သည်။ သို့မဟုတ်ဘဲ အဝိဇ္ဇာဖုံးထားသဖြင့် အနိစ္စကို နိစ္စ၊ ဒုက္ခကို သုခ၊ အနတ္တကို အတ္တဟူ၍ ယူဆနေလျှင် တရားလွဲပြီ။

အနတ္တ လက္ခဏသုတ်တွင် ဗုဒ္ဓက အတ္တဝါဒများ၍ အနတ္တဝါဒသာမှန် ကြောင်း ဖော်ထုတ်ဟောကြားခဲ့ပြီ။

သက္ကာယခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါး ထင်ရှားရှိသည်မှာ မှန်သော်လည်း ၎င်းအပေါ်တွင် ငါသူတစ်ပါး ယောကျ်ားမိန်းမ ပုဂ္ဂိုလ် သတ္တဝါဟူ၍ စွဲလျှင် တရားလွဲပြီ။ ပရမတ်ပျောက်၍ ပညတ်ကို အဟုတ်မှတ်နေလျှင် အမှားကြီးမှားပြီ။ သက္ကာယဒိဋ္ဌိဟု ခေါ်ပါသည်။

မိစ္ဆာဒိဋ္ဌိ (၆၂)ပါး ဘုရားဟောထားရာ အဓိကအားဖြင့် အတ္တဝိညာဉ်က နောက်ဘဝ ဆက်သွားသည်ဟု ယူဆလျှင် သဿတဒိဋ္ဌိ သတ္တဝါသေလျှင် ဘဝပြတ်သွားပြီဟု ယူဆလျှင် ဥစ္ဆေဒဒိဋ္ဌိ ဖြစ်တာပါ ဘဝဆက်တာရော ဘဝဖြတ်တာပါ အယူမှားချည်းဖြစ်ပါ၏။ ဘဝဟောင်းမှ ဘဝသစ်သို့ အကြောင်းအကျိုး ဆက်သွားခြင်းသာ ဖြစ်သည်။ ပြုလုပ်မှုကံနှင့် ကံ၏

**အကျိုး** ဆက်သွားခြင်းသာ ဖြစ်သည်ဟု ယူဆမှ မှန်သည်။ မိစ္ဆာဒိဋ္ဌိသမားများ တရားလွဲပြီ။

မြတ်စွာဘုရားက ပဋိစ္စသမုပ္ပါဒ်ဒေသနာတွင် အဝိဇ္ဇာ မသိမှုကြောင့် ပြုပြင်စီရင်မှု သင်္ခါရသုံးမျိုးကို ဟောကြားရာ၌

**ပုညာဘိသင်္ခါရ** = ကုသိုလ်ကောင်းမှု သုစရိုက်တွေ ပြုသဖြင့် ကောင်းသောဘုံဘဝတွေ ရောက်ပြီး သံသရာလည်ခြင်း၊

**အပုညာဘိသင်္ခါရ** = မကောင်းမှုဒုစရိုက် အကုသိုလ် အလုပ်တွေလုပ်သဖြင့် အပါယ်ကျ သံသရာလည်ခြင်း၊

**အာနေဉ္ဇာဘိသင်္ခါရ** = ဈာန်တရားတွေ အားထုတ် ဗြဟ္မာ့ဘုံများရောက်ပြီး သံသရာလည်ခြင်း (သုဒ္ဓါဝါသဗြဟ္မာ့ဘုံ ၅-ဘုံမှလွဲ၍)

တို့ ဖြစ်ရပါသည်။ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ်မရ ပုထုဇဉ်ဘဝနှင့် သံသရာဝဲဩဃမှာ မြုပ်လိုက် ပေါ်လိုက်ဖြစ် အနှစ်သာရ ကင်းမဲ့သဖြင့် ခန္ဓာငါးပါးတွင် သင်္ခါရက္ခန္ဓာကို ငှက်ပျောတုံးနှင့်

တူသည်ဟု ဗုဒ္ဓကဟောကြားခဲ့ခြင်းဖြစ်ပါသည်။ တရားလွဲသဖြင့် သံသရာရှည်ရခြင်း ဖြစ်ပါ၏။

ငှင်းဒေသနာမှာပင် ဝေဒနာပစ္စယာတဏှာဟူ၍ ဗုဒ္ဓကဟောထားရာ ဝေဒနာက တဏှာကူးလျှင် သံသရာလည်ပြီခံစားပြီးပျက် ရှေ့မဆက်ဖို့ တဏှာဘက်မကူးဖို့ လိုသည်။ သုခဝေဒနာ ချမ်းသာလိုက်တာဟု ခံစားလျှင် လောဘ၊ ဒုက္ခဝေဒနာ ဆင်းရဲလိုက်တာဟု ခံစားလျှင် ဒေါသအပါယ်ဆွဲချမည့် ကိလေသာချည်းဖြစ်ပါ၏။

ချမ်းသာမှု ဆင်းရဲမှုကို လျစ်လျူပြု ဥပေက္ခာဝေဒနာရှုမှသာ တရားမှန် သည်။ တဏှာဘက်ကူးလျှင် တရားလွဲပြီ။ တရားလွဲလျှင် သံသရာရှည်တော့မည်။

*ရတနာမွန်မဂ္ဂဇင်း ၈/၂၀၀၄*

# ဗုဒ္ဓအလိုကျ ပျော်ရွှင်ချမ်းမြေ့မှု

ဗုဒ္ဓက ရောင့်ရဲတင်းတိမ်မှုဆီသို့ ဦးတည်သည့် လမ်းသည် စိတ်သာဖြစ်ပြီး ငွေကြေးခနေ မဟုတ်ကြောင်း သင်ကြားတရားပြခဲ့၏။

ကျွန်ုပ်သည် ဆန်ဖရန်စစ္စကိုရှိ ဗုဒ္ဓစာပေဆိုင်ရာ စာအုပ်ဆိုင်မှ ထွက်လာစဉ် ရေဒီယိုမိနစ်ခွန်းသံကို ဖြတ်မောင်းသွားသော ကားတစ်စင်းဆီမှ ကြားလိုက်ရသည်။

မိနစ်ခွန်းအရ နိုင်ငံသားတို့ အလေးအနက် တန်ဖိုးထားသော အရာသည် ဗုဒ္ဓဘာသာဝင်တို့ အမြတ်တနိုး စောင့်ထိန်းကျင့်သုံးသော တရားဖြစ်နေ၏။ ကြင်နာသနားခြင်း၊ လွတ်မြောက်ခြင်းဟူသော စကားလုံးများကို ပွဲတင်ထပ်အောင် ပြောကြားသွားပါသည်။

ကြင်နာသနားမှု၊ ပျော်ရွှင်ချမ်းမြေ့မှုနှင့် စပ်လျဉ်း၍ ဗုဒ္ဓ၏ အမြင်မှတစ်ပါး အခြားနည်းမတတ်နိုင်ဟု ကျွန်ုပ် ယုံကြည်သည်။

ဗုဒ္ဓခေတ်က ထင်ရှားသော အဖြစ်အပျက်တစ်ခု ရှိခဲ့ဖူး၏။ အမျိုးသမီးငယ်တစ်ဦးသည် နို့စို့ရွယ် ရင်သွေးငယ်အလောင်းကို ရင်မှာပိုက်လျက် သူ့ရင်သွေး အသက်ရှင်အောင် လုပ်ပေးဖို့ အကူအညီလိုက်တောင်းသည်။ လူတစ်ယောက်က ဗုဒ္ဓဆီသွားရန် လမ်းညွှန်လိုက်၏။ ဗုဒ္ဓက သနားစဖွယ် လျှောက်ထားတင်ပြနေသော ကလေးမ၏ စကားကို စိတ်ရှည်စွာ နားထောင်သည်။ လူမသေဖူးသည့်အိမ်က မုန်ညင်းစေ့ကို ယူပေးနိုင်လျှင် ကလေး အသက်ပြန်ရှင်အောင် လုပ်ပေးမည်ဟု ပြောကြားလိုက်သည်။

ကလေးမသည် အိမ်ပေါက်စေ့ သွားခဲ့ပြီးနောက် ဗုဒ္ဓဆီ ပြန်ရောက်ခဲ့ပါသည်။ မုန်ညင်းစေ့က ပါမလာ။ လူဆိုတာ မွေးလာရင် သေရမှာပါလား ဟူ၍ အသိတရား သင်ခန်းစာရသွား၏။ ဤအချက်ကို မသိကြ၍သာ လိုချင်တပ်မက်မှု တဏှာ၊ အလိုမပြည့်၍ မကျေနပ်မှုနှင့် ဆင်းရဲမှုသံသရာ ဝဲဂယက်မှာ နစ်မွန်းကြရခြင်း ဖြစ်သည်။

ဗုဒ္ဓသည် အိန္ဒိယမြောက်ပိုင်းတစ်လွှား ဒေသစာရီ ကြွချီခရီးသွားစဉ် လူများစွာကို တရားရေအေး အမြိုက်ဆေး

တိုက်ကျွေးခဲ့၏။ နှစ်သိမ့်အားပေးခဲ့၏။ ထိုအချိန်ကား ဘီစီ (၆)ရာစု ဖြစ်သည်။ ရှေးဟောင်းဆွေမျိုးစု လူ့အဖွဲ့အစည်း တိမ်ကောရ၍ မြို့ပြယဉ်ကျေးမှု ထွန်းကားစအချိန်၊ လူများ၏ လိုအင်ဆန္ဒ လောဘ ထူပြောလာချိန်၊ အုပ်စိုးသူဘုရင်များ တန်ခိုးကြဲဇာ အင်ပါယာချဲ့ထွင်သော စစ်ပွဲများ ဆင်နွှဲနေချိန် ဖြစ်သည်။

သစ္စာလေးပါးတရားကို လက်ကိုင်ထားသော ဗုဒ္ဓသည် အစဉ်အလာ သိနေသည်နှင့်ဆန့်ကျင်သော ဆင်းရဲခြင်း၏ အကြောင်းတရားကို ဟောကြားခဲ့၏။ လူမှုစီးပွားရေး တရားမျှတမှုမရှိခြင်း လူတန်းစား သို့မဟုတ် လူမျိုးရေး ကွာဟခြင်း စသော လောကီရေးရာများဖြင့် ဆင်းရဲခြင်းအကြောင်းကို မရှုမြင်။

ရှေးက အချင်းချင်း အပြန်အလှန် ရင်းနှီးချစ်ခင် သံယောဇဉ် တွယ်ခဲ့သော လူ့အဖွဲ့အစည်းဟောင်း ယိုယွင်းတိမ်ကောရ၍ ကျယ်ပြောသော လောကကမ္ဘာသစ်ကြီး ပေါ်ထွန်းလာသောအခါ တဏှာ လောဘ၊ ထောင်လွှား မာန၊ မနာလိုမှု၊ မုန်းတီးမှုများ၊ အတ္တလွန်ကဲမှုများကြောင့် လူတို့ ကိုယ်ရော

စိတ်ပါ ဆင်းရဲကြရကြောင်း ဗုဒ္ဓက တွေ့ရှိခဲ့၏။

ဟော့ဘ်စ် ကားလ်မတ်ခ်စ်တို့ကဲ့သို့ ခေတ်ပေါ်တွေး ခေါ်ရှင်ကြီးများ ယူဆသကဲ့သို့ ဒေါသူပုန်ထနေသော လူသား တို့က တော်လှန်ပုန်ကန်ပြီး စံပြ လူ့အဖွဲ့အစည်း ထူထောင်ဖို့ လိုအပ်သည်ဟုတော့ ဗုဒ္ဓက မယူဆခဲ့ပါ။

ဗုဒ္ဓက ဆင်းရဲခြင်း၏ အကြောင်းတရားမှာ စိတ်ပိုင်း ဆိုင်ရာ လိုချင်တောင့်တမှု၊ သံယောဇဉ် ငြိတွယ်တပ်မက်မှု၊ မုန်းတီးမှု၊ မာနထောင်လွှားမှု၊ ငြူစူမှု၊ မနာလိုမှု စသည်တို့ ဖြစ်ကြောင်း အခိုင်အမာ ဟောခဲ့၏။

ဤသည်တို့ကား ဆိုးဝါးယုတ်မာသော အကုသိုလ် စေတသိက်များ ဖြစ်ပါ၏။ စိတ်ကို ညစ်နွမ်း ပုံပျက်စေသော အနုတ်လက္ခဏာသဘောဆောင်သည့် စေတသိက်များပါသည်။

ထိုစေတသိက်များ၏ စေ့ဆော်မှုကြောင့် တန်ခိုး အာဏာ ခံရအောင်၊ ပစ္စည်းဥစ္စာ၊ နယ်မြေပိုင်ဆိုင်မှု ရအောင်၊ ကာမဂုဏ်အာရုံ ခံစားရအောင် ကြိုးပမ်းရှာဖွေတော့သည်။

လိုအင်ဆန္ဒများ လွဲချော် ပျက်ပြားရလေသောအခါ အလိုမကျမှု ဖြစ်ပြီး ဆင်းရဲဒုက္ခ ခံစားရလေ၏။ ဆန္ဒပြည့်ပြန်

တော့လည်း ပျော်ရွှင်ချမ်းမြေ့မှု မရှိစေသည့်အရာ ကြုံရပြန်သည်။ လိုချင်တပ်မက်မှု လောဘက အတောမသတ်နိုင်တော့ဘဲ ရလေလိုလေ အိုတစ္ဆေသဘော ဆောင်လာ၏။ တင်းတိမ်ရောင့်ရဲခြင်း မရှိသည့်အလျောက် ပျော်ရွှင်ချမ်းမြေ့ခြင်းကလည်း ပျောက်ပျောက်သွားသည်။

ဗုဒ္ဓအလိုအရ သာမန် ပျော်ရွှင်ချမ်းမြေ့မှု၏ မမြဲခြင်းသဘောတရားကို သိနေခြင်းသည် စစ်မှန်သော တကယ့်ပျော်ရွှင်ချမ်းမြေ့မှုအတွက် ပထမခြေလှမ်းဟု သဘောပေါက်ဖို့ လို၏။

ပထမခြေလှမ်းကတော့ ကမ္မဋ္ဌာန်းထိုင်ခြင်းဖြစ်သည်။ ငြိမ်သက်စွာ ထိုင်လိုက်ပါ။ စိတ်၏ လှုပ်ရှားဖြစ်ပေါ် တွေးခေါ်မှုများ လိုအင်ဆန္ဒများကို ရှုမှတ်ပါ။ စိတ်ထဲမှာ အဆက်မပြတ်ရောက်တတ်ရာရာ ပေါ်သမျှ ရှုပါ။ ယင်းတို့နှင့် ပုဂ္ဂိုလ်၊ သတ္တဝါ၊ ငါကို ခွဲထုတ်နိုင်သောအခါ (ဝါ) ခန္ဓာငါးပါး ရုပ်နာမ်နှစ်ပါးမျှသာဟု သိသောခါ စိတ်ကို ထိန်းချုပ်၍ ရနိုင်ကြောင်းသိပြီး စိတ်ပိုင်းဆိုင်ရာ လွတ်မြောက်မှုရကာ ပေါ့ပါးသွားသည်။

ဗုဒ္ဓအလိုအရ ပျော်ရွှင်ချမ်းမြေ့မှု၏ အမြင့်ဆုံးပုံစံသည်

ကိုယ်တွင်းလွတ်လပ်မှုထဲမှာ ရှိသည်။ လူ၏ စိတ်ပိုင်းဆိုင်ရာ အခြေအနေဖြင့်သာ ပျော်ရွှင်ချမ်းမြေ့မှုကို ဆုံးဖြတ်နိုင်သည်။ ပြင်ပပယောဂဖြစ်စဉ်များဖြင့် မဆုံးဖြတ်နိုင်။ ပျော်ရွှင်ချမ်းမြေ့မှုသည် လက်ဝယ်ပိုင်ဆိုင်ရယူ မှီဝဲသုံးဆောင်ရသော ရုပ်ဝတ္ထုပစ္စည်းမျိုး မဟုတ်ပါ။

ယနေ့ မျက်မှောက်ခေတ်တွင် မဆုံးနိုင်သော အာရုံနှီးဆွမှုများ၊ လိုချင်တပ်မက်မှု လောဘဇောတိုက်ပြီး မရောင့်ရဲမတင်းတိမ်မှုများ ကြီးစိုးနေသော လူ့အဖွဲ့အစည်းတွင် နေထိုင်ကြသူများအဖို့ ဆင်းရဲငြိမ်းအေး တကယ့်ပျော်ရွှင် ချမ်းမြေ့မှုရရေးအတွက် ဗုဒ္ဓ လမ်းညွှန်ပြသလို ကမ္မဋ္ဌာန်းထိုင်၍ တရားရှုမှတ်ရန်သာ ဖြစ်ပေသည်။ ဆင်းရဲဒုက္ခကို တရားဓမ္မဖြင့် ကုစားရန် ဖြစ်ပါကြောင်း။

Ref:

A Deeper Sense of Happiness by Pankaj mishra, ime Feb: 28/05.

*ဓမ္မရံသီမဂ္ဂဇင်း၁၀/၂၀၀၅*

# ဦးဝါသဝ၏ မှာတမ်းစာသံပေါက်

စာရေးသူသည် မကြာသေးမီက ရုံးဆင်းအပြန် ကမ္ဘာအေး၊ ချော်တွင်းကုန်းထိပ်ရှိ ချမ်းမြေ့ရိပ်သာကျောင်းသို့ဝင်၍ "နှစ်ဦးပူဇာ မင်္ဂလာပွဲ" သံဃာတော်များ နဝကမ္မအတွက် ဝတ္ထုငွေ ကျပ်သုံးရာ လှူဒါန်းခဲ့၏။ ထို့နောက် ဓမ္မရံသီသုံးထပ် ကျောင်းသို့ဝင်ပြီး ဦးလေးတော်သူ သက်တော် (၈၆)နှစ်ရှိပြီ ဖြစ်သော ကုက္ကိုခွဆရာတော် ဦးဣန္ဒြိယအား ဦးချဂါရဝပြု လိုက်သည်။ ကျန်းကျန်းမာမာတွေ့ရ၍ ဝမ်းသာရပါ၏။

"တပည့်တော် နှစ်ဦးပူဇာ မင်္ဂလာပွဲအတွက် ဝတ္ထုငွေ လာလှူပါတယ်ဘုရား"

စာရေးသူ ပဋ္ဌိသန္တာရစကား လျှောက်ထားသည်။

"အေးကွာ မင်းလာတာနဲ့ အတော်ပဲ မင်းကို ပြော စရာရှိလို့"

"အမိန့်ရှိပါဘုရား"

"ငါတစ်နေ့က သေမလိုဖြစ်လို့ ဆေးရုံတက်ရတယ်။ ဆရာဝန်များ၊ သမားတော်များ ကျေးဇူးကြောင့် သေကံ မရောက် သက်မပျောက်သေးဘူးပေါ့ကွာ။ ငါများသေရင် ဘာ လုပ်ရမယ်ဆိုတာ ပြောချင်တာ"

"ဆရာတော် အခု စိတ်ရောကိုယ်ပါ ကျန်းမာရေး ကောင်းနေပြီပဲ။ ပျံလွန်တော် မမူနိုင်သေးပါဘူးဘုရား"

ဆရာတော်တွင် ပန်းနာရင်ကျပ်ရောဂါ ရှိ၏။ မန္တလေး စိန်ပန်းသာသနာ့ရိပ်သာနှင့် တောင်တွင်းကြီးမြို့နယ် ကုက္ကိုခွ ကျေးရွာတွင် သီတင်းသုံးစဉ်က ပန်းနာရင်ကျပ်ရောဂါ၏ဒဏ် ကို သေမလောက် ခံစားခဲ့ရဖူးသည်။ ချမ်းမြေ့ရိပ်သာကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးတော့မှ ရောဂါဖိစီးမှု သက်သာခွင့်ရ၏။ ရာသီဥတု သပ္ပါယျမှု၍ ဖြစ်မည်။ သို့သော် ရောဂါ လုံးဝ ကင်းစင်သည်တော့မဟုတ်။ ဇီဝိတဒါန သံဃာဆေးရုံ မကြာ

မကြာ တက်ရသည်အထိ ရောဂါဖိစီးမှုဒဏ်က ပြန်ပေါ်လေ့ရှိ၏။ ဆရာတော်၏ ဒါန၊ သီလ၊ ဘာဝနာအကြောင်းဆက်သဖြင့် သေရက်က နှောက်ဆုတ်၍ ဆုတ်၍ သွားလေသလားမပြောတတ်။

"အနတ္တသဘော မင်းအသိသားပဲ။ ကိုယ့်ကိုယ်ကိုဘယ်အစိုးရပ့ါမလဲ။ ကောက်ကာငင်ကာ သေသွားနိုင်တာပေါ့။ ငါသေရင် ချက်ချင်း သုသာန်ပို့၊ မီးသဂြိုဟ်ပါ။ ပကာသနတွေဘာတွေ လုပ်မနေနဲ့။ ရွာကအမျိုးတွေလည်း ခေါ်မနေနဲ့။ သူတို့ရောက်တော့ကော ဘာတတ်နိုင်မှာလိုက်လို့။ အခု ချမ်းမြေ့ဆရာတော် နိုင်ငံခြား ရောက်နေတယ်။ သူ ပြန်မလာခင် ငါသေရင် ငါပြောသလိုသာလုပ်။ ငါ့အသုံးအဆောင် ပစ္စည်းတွေနဲ့ စာအုပ်တွေကို ဂျူတ်ကုန်း (ဇာတိရွာ) ကျောင်းသာ ပို့လှူလိုက်။ အဲ ချမ်းမြေ့ဆရာတော် ပြန်ကြွလာမှ ငါသေရင်တော့သူ့သဘောအတိုင်းလုပ်။ အဲဒါ ပြောချင်လို့ကွ။ သေတမ်းစာသဘောမျိုးတောင် ရေးထားချင်သေး"

"တပည့်တော် ကျဉ်းကျဉ်းနဲ့ လိုရင်းရောက်တာသဘောကျပါတယ်ဘုရား။ အကျိုးမရှိတဲ့ဘက်မှာ ငွေမကုန်၊

လူမပန်းစေချင်ပါဘုရား"

"စကားဆက်စပ်လာတော့ ငါ ကြားဖူးနား၀ မှတ်ထားတာကလေး ပြောလိုက်ရဦးမယ်။ တို့တောင်တွင်းကြီး မြို့ပေါ် မစိုးရိမ်ကျောင်း ဆရာတော် ဦး၀ါသ၀ဆိုတာ တို့များ ကိုရင်ဘ၀က ပျံတော်မူသွားတာ။ ဆရာသော်ရဲ့အဖေ တော ထွက်ရဟန်းပေါ့"

"တပည့်တော် ရှစ်တန်းမှာ ဆရာတော် ဖူးလို့ သိရပါတယ် ဘုရား"

"ဆရာတော် ဦး၀ါသ၀ ပျံတော်မူခါနီးမှာ သူ့သားကို သံပေါက်ရေးပြီး မှာထားခဲ့လို့ ငါလည်း သဘောကျပြီး မှတ် ထားမိတယ်"

"သံပေါက်က ဒီလိုကွ-

(၁) ၀ိဉာဉ်ကွေကွင်း၊ ငါ့ရုပ်ကြွင်း၊
ချက်ချင်းခေါင်းထဲထည့်။

(၂) ခုတင်မှာပြောင်၊ အထည်ရှောင်၊
လှအောင် မဆင်နဲ့။

(၃) ထင်းပုံသို့သွင်း၊ တစ်နေ့ချင်း၊

လက်ငင်း မီးရှို့ကွဲ့။

(၄) မတော်ပါလား၊ ပြောကြပြား၊ မင်းနားမယောင်နဲ့။

(၅) သံဃာကိုမူ၊ လှူသာလှူ၊ အကူမခံနဲ့။

(၆) ကုသိုလ်လိုလို၊ ဘာလိုလို၊ အပိုမလုပ်နဲ့။

(၇) မိုးကောင်း၊ မင်းကျောင်း၊ စံဖျားပေါင်း၊ ထပ်လောင်းမိုးထိထည့်။

(၈) မစိုးရိမ်နှင့်၊ ဗိမာန်ပင့်၊ တော်သင့်လောက်ပြီကွဲ့။

"ဘယ်လောက်ကောင်းတဲ့ သံပေါက်ကဗျာလဲကွာ။ ငါ သိပ်သဘောကျတယ်။ အလောင်းပြင်တဲ့ခုတင်ကို အထည် ပိတ်ရောင်စုံနဲ့ အလှမဆင်ရဘူး။ ဖြောင်ပဲ ထားပါတဲ့။ ဒီလိုတော့ မတော်လွန်းပါဘူးလို့ ဒကာ၊ ဒကာမတွေပြောရင် မင်း နား မယောင်နဲ့တဲ့။ ကိုယ့်ရှိတာနဲ့ သံဃာလှူ ဘေးက အကူမခံနဲ့ တဲ့။ သံဃာပင့်ရမယ့် ကျောင်းတွေက မိုးကောင်း၊ ကန်တော် မင်းကျောင်း၊ စံဖျားကျောင်း၊ မိုးထိကျောင်း၊ မစိုးရိမ်ကျောင်း၊ ဗိမာန်ကျောင်းတွေပါပဲ။ ဒါလောက်ဆို တော်ပါပြီတဲ့"

"ဆရာတော်ကသူ့သားကို သေသေချာချာ မှာခဲ့တာပဲ။

အဲဒီအထဲက ကုသိုလ်လိုလို၊ ဘာလိုလို အပိုမလုပ်နဲ့ဆိုတာ တပည့်တော် နှစ်ခြိုက်သဘောကျဆုံးပဲဘုရား”

“ဒါဆို မင်း ငါ့ဆန္ဒကို ရိပ်စားမိပြီ။ ငါ့ကြောင့် ဘယ်သူ့မှ ကိုယ်စိတ် မဆင်းရဲစေချင်ဘူး”

ဆရာတော်သည် ပြောရင်း ပြောရင်း အာဝဇ္ဇန်းရှင်နေ၏။ တက်ကြွလန်းဆန်းနေ၏။ ဤမြင်ကွင်းကို ကြည့်ပြီး အကဲခတ်မိသည်မှာ ဆရာတော်သည် နောက်ထပ် (၁၁)နှစ်ထက် မနည်း အသက်ရှည်ဦးမည်ဟူ၍ ဆင်ခြင်မိပါသည်။

(၁၉၉၇)၊ ဇန်နဝါရီလ၊ အမှတ် (၈၅)

ဓမ္မရံသီမဂ္ဂဇင်း ၁/၉၇

# ဗုဒ္ဓဘာသာသည် ကိုယ့်ဘာသာကိုယ် သိနားလည်ရေးတရား

မလေးရှားနိုင်ငံတွင်ရှိသော ဗုဒ္ဓဘာသာဝင်များစွာသည် သူတို့ကိုယ်သူတို့ ဗုဒ္ဓဘာသာဝင်အမည်ခံထားကြသော်လည်း လက်တွေ့တွင် ဗုဒ္ဓဘာသာတရားကို ဘာမှ မသိကြ။ ဘာသာရေးပွဲများ ဘာကြောင့် ကျင်းပရကြောင်း၊ ဖယောင်းတိုင် အမွှေးတိုင်များ ထွန်းညှိပြီး ဘုရားဆင်းတုတော်ကို ဘာကြောင့် ပူဇော်ရကြောင်း ရှင်းပြပါဟုဆိုလျှင် ကြောင်အမ်းအမ်းဖြစ်သွားတတ်ကြသည်။ ထိုမှတစ်ဆင့်တက်၍ ဗုဒ္ဓဓမ္မနှင့် ပတ်သက်တာ ဘာတွေသိသလဲဟုမေးလျှင် ပို၍ပင် ဦးနှောက်ခြောက် စိတ်ရှုပ်သွားကြ၏။ ကျေနပ်လောက်အောင် အဖြေမပေးနိုင်ကြပေ။

ဟုံးရှေးယခင်က ဤသို့ ကိုယ့်ဘာသာတရား နားမလည်သော ဗုဒ္ဓဝါဒီများကို အပြစ်မဆိုသာပေ။ အကြောင်းမှာ ဗုဒ္ဓဓမ္မကို ဟောနိုင်သော ရဟန်းသံဃာ မရနိုင်၍ဖြစ်၏။ ဗုဒ္ဓစာပေဆိုင်ရာ ရေးသားထုတ်ဝေမှုကလည်း မရှိခဲ့၍ဖြစ်သည်။ ယနေ့ အခြေအနေမှာမူ ခြားနားသွားပြီ။ ဗုဒ္ဓဘာသာဝင်များအား တရားဓမ္မ ဟောကြားပြသနိုင်သော ရဟန်းသံဃာများလည်း

ရှိလာကြပြီ။ ဗုဒ္ဓတရားတော်များကို ရေးသားထုတ်ဝေထား သော စာအုပ်စာတမ်းများကလည်း နိုင်ငံတစ်ဝန်းတွင် အလွယ် တကူ ရနိုင်ပြီ။ ဗုဒ္ဓဘာသာအသင်းအဖွဲ့များ လူငယ်ဝတ်အသင်း များလည်း တစ်ပြည်လုံး ဖွဲ့စည်းထားပြီ။ သို့ဖြစ်၍ ဗုဒ္ဓတရား ကို မသိနားမလည်ပါဟု အကြောင်းပြ၍ မရတော့ပေ။ နား မလည်က နားလည်အောင် လေ့လာလိုက်စားနိုင်သော အခွင့် အလမ်းများ ပွင့်နေပြီဖြစ်သည်။

ဧဟိပဿိကော (လာလှည့် ရှုလှည့်)မှာ ဗုဒ္ဓက နောက် လိုက် တပည့်များကို အကြံပေး တိုက်တွန်းချက်ဖြစ်သည်။ **ဗုဒ္ဓဝါဒ**သည် ဘဝအဓိပ္ပါယ်နှင့် စကြဝဠာကို စူးစမ်းရှာဖွေမှုကို အားပေးသော နူးညံ့သိမ်မွေ့သည်းခံတတ်သည့် ဘာသာတရား ဖြစ်၏။ သံသယပျောက်၍ အမှန်ဘဝ ရောက်သည်အထိ ဝေဖန်ဆွေးနွေးစောဒက တက်သည်ကို လက်ခံသော ဝါဒ လည်း ဖြစ်၏။ ကိုယ်ကျင့်တရားလည်း မြင့်မားသော ဘာသာ တရား ဖြစ်သည်။ မိမိ၏ အပြုအမူ အကောင်းအဆိုးအတွက် မိမိမှာသာ တာဝန်ရှိသည်။ ကိုယ့်ကြမ္မာ ကိုယ်သာဖန်တီး သည်ဟု ခံယူထား၏။

ဤနိုင်ငံတွင် ဗုဒ္ဓဝါဒအပေါ် အထင်လွဲမှားမှုများ ရှိသည်။ တရုတ် ဗုဒ္ဓဘာသာဝင်များက ဈာန်နှင့်ဆိုင်သော ဗုဒ္ဓဝါဒ ဇစ်မြစ်မဟုတ်သော အယူသည်းမှုများကို လက်တွေ့ကျင့်သုံးနေကြ၍ ဖြစ်၏။ ဤနိုင်ငံသို့ ကူးပြောင်းလာသော တရုတ်များတွင် အယူသည်းမှု အမွေဆိုးများ ပါလာသည်။ ထိုအလေ့အကျင့်ဆိုးများ ထွန်းကားလာသောအခါ ဗုဒ္ဓဝါဒ အစစ်အမှန်က မှေးမှိန်လာ၏။ အယူအဆတွေ လွဲမှားလာသည်။

လောလောဆယ် လူများစွာ ဆုပ်ကိုင်ထားသော အယူအဆမှား အချို့မှာ အောက်ပါတို့ ဖြစ်၏။

(က) ဗုဒ္ဓဘာသာဝင်တို့သည် ရုပ်တု ဆင်းတုရှေ့မှာ ဆုတောင်းခြင်း၊

(ခ) ဗုဒ္ဓဝါဒဆိုသည်မှာ အယူသည်းမှုများစွာနှင့် ယှဉ်သော ဘာသာဖြစ်ခြင်း၊

(ဂ) ဗုဒ္ဓဘုရား ကျောင်းကန်ဆိုသည်မှာ ဈာန်ဝါဒကို ကျင့်သုံးရာ၊ သံဃာတော်တို့ လာဘ်လာဘရှင်အောင် ညို့ယူဖမ်းစားရန် နေရာဖြစ်ခြင်း

ဗုဒ္ဓဝါဒကို ဝေဖန်သူများက ဗုဒ္ဓဘာသာဝင်များသည် သစ်သား၊ ရွှံ့၊ သတ္တုဖြင့် ပြုလုပ်သော ရုပ်တုဆင်းတုကို ဆုတောင်းနေတာပဲဟု ပြောခြင်းဖြင့် လှောင်ပြောင်သရော်ကြသည်။ ဗုဒ္ဓသည် လူသားတစ်ဦးသာဖြစ်ကြောင်း ယခုသက်ရှိထင်ရှား မရှိတော့ကြောင်း ဆုတောင်းနေသူများကို အလိုဖြည့်ဆည်းပေးနိုင်မှာမဟုတ်ကြောင်း သူတို့ ဝေဖန်၏။ ထိုဝေဖန်ချက်များသည် ကျိုးကြောင်းမဆီလျော်ရုံသာမက ဗုဒ္ဓဝါဒတွင် ဘုရားရှိခိုးဆုတောင်းသည့် သဘာဝကိုပါ သူတို့ မသိနားမလည်၍ဖြစ်၏။ ဗုဒ္ဓဝါဒကို မလေ့လာဖူး၍လည်း ဖြစ်သည်။ လေ့လာဖူးပါက သူတို့ စိတ်ပြောင်းသွားမှာ သေချာ၏။

ဗုဒ္ဓရုပ်တု ဆင်းတုကတော့ ဘုရားရှိခိုး ဆုတောင်းသူကို ကောင်းချီးမပေးနိုင်။ ကိလေသာအညစ် အပြစ်ကင်းစင်သော မေတ္တာကရုဏာရှင် ဗုဒ္ဓရုပ်ပွားဆင်းတု၏ ကြည်လင်နေသော မျက်နှာတော်ကို ဖူးတွေ့ရသည်ဆိုလျှင်ပင် သောကများပျောက်၍ ဗုဒ္ဓ၏မေတ္တာဓာတ် ကူးပြီး ငြိမ်းအေးမှုသုခ ခံစားရသည်။ ဘဝဆိုသည်မှာ ဘေးရန်အန္တရာယ် အသွယ်သွယ်နှင့် ပြည့်နေ၏။ သို့သော် ဘုရား၏မြင့်မြတ်သော တရားတော်ကို

နှလုံးသွင်း၍ သတိရပါက အကျပ်အတည်းများကို ရှောင်နိုင်ပြီး ဆင်းရဲခြင်းမှ ငြိမ်းစေနိုင်ပါသည်။

ကျွန်ုပ်တို့ ဘုရားရှိခိုးသောအခါ ဗုဒ္ဓ၏ဂုဏ်တော်များကို ရွတ်ဆိုပူဇော်လျက် ဗုဒ္ဓလမ်းညွှန်ပြသည့် ရည်မှန်းချက်ပန်းတိုင်နိဗ္ဗာန်ကို မျက်မှောက်ပြုရေး ဆုတောင်းကြ၏။ ဘုရားကို ကြည်ညိုနေစဉ် ဘုရားဂုဏ်တော်များကို အာရုံပြုလျက် ကမ္မဋ္ဌာန်းစီးဖြန်းနိုင်သည်။ ဤနည်းဖြင့် သမာဓိအား ကောင်းလာမည်။

ဗုဒ္ဓ သက်တော်ထင်ရှားမရှိတော့သည်မှာ မှန်၏။ နိဗ္ဗာန်မျက်မှောက်ပြုသွားသော ဗုဒ္ဓသည် ဤကမ္ဘာလောကနှင့် ထိတွေ့စရာအကြောင်း မရှိတော့ပေ။ သူ့ကိုယ်တွေ့ နိဗ္ဗာန်ချမ်းသာကို လမ်းညွှန်ထားခဲ့ပြီးဖြစ်၏။

ဗုဒ္ဓဘာသာဝင်တို့သည် ကံကံ၏အကျိုးကို ယုံကြည်ကြ၏။ ကောင်းမှု မကောင်းမှုဟူသော မိမိတို့အလုပ်အပေါ် မိမိသာ တာဝန်ရှိကြောင်း၊ ခံယူထားကြသည့် ဗုဒ္ဓဘာသာဝင်တို့သည် ဘုရားရှေ့သွား ဆုတောင်းရန် မလို၊ ဘုရားကို ကြည်ညို၍ ရှိခိုးပူဇော်ခြင်းသာ ဖြစ်၏။ ဗုဒ္ဓက တရားကို

မြင်သူသည် ငါဘုရားကို မြင်သူ ဖြစ်၏’ ဟု ဟောတော်မူခဲ့သည်။ သူ့နောက်လိုက် တပည့်များအား သူ့ကို မှီခိုမနေရန်၊ တရားကိုသာ ကြိုးစားအားထုတ်ရန် ဗုဒ္ဓက တိုက်တွန်းခဲ့၏။ ‘တရားနှင့်နေသူများကို တရားက ပြန်လည်စောင့်ရှောက်ပါမည်’ ဟုလည်း ဗုဒ္ဓက အာမခံ မိန့်တော်မူခဲ့ပါသည်။

ထို့ကြောင့် ဗုဒ္ဓသည် သူ့တပည့်နောက်လိုက်များ ဖြစ်ကြသည့် ကျွန်ုပ်တို့အား မကယ်တင်နိုင်ကြောင်း၊ ဆုတောင်း၍ မရကြောင်း၊ ဆုမပေးနိုင်သလို အပြစ်လည်း မပေးနိုင်ကြောင်း ကျွန်ုပ်တို့တွေ မြင်နိုင်သည်။

ကျွန်ုပ်တို့၏ အကောင်း အဆိုး အလုပ်များကသာလျှင် ကျွန်ုပ်တို့ကို ဆုပေး အပြစ်ပေးမှာဖြစ်ကြောင်း ကြောင်းကျိုးနိယာမတရားသည် ချမ်းသာဆင်းရဲမရွေး၊ ကြီးကျယ် သေးငယ်မရွေး ဘုရင် သူတောင်းစားမခွဲခြားဘဲ ဘယ်သူ့ကိုမှ ဘက်မလိုက်ကြောင်း နားလည်သဘောပေါက်ရပေမည်။ ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့သည် ဆင်းတုရုပ်တုကို ရှိခိုးသူများမဟုတ် သက်ရှိထင်ရှားမြတ်ဘုရားကို စိတ်ကူးအာရုံပြု၍ ရှိခိုးခြင်းသာ ဖြစ်သည်ဟူသော အဆိုမှန်လှ၏။

သေသူကို ရည်စူး၍ စက္ကူအိတ်နှင့် အခြားအရာများ မီးရှို့ပြခြင်းစသော ဗုဒ္ဓဝါဒနှင့် မဆီလျော်သည့် လုပ်ရပ်များကို မြင်ကြသူများက ဗုဒ္ဓဝါဒကို အယူသည်းသော ဘာသာဟု အထင်မှားကြ၏။ အဆိုးမြင်ဝါဒနှင့် အယူသည်းမှုများကို ဆန့်ကျင်သော ဗုဒ္ဓဝါဒသည် စင်စစ် ယထာဘူတကျသော သိပ္ပံနည်းကျသော ဘာသာတရား ဖြစ်၏။ မျက်မှောက်လူ့အဖွဲ့အစည်းနှင့် အလွန်ဆက်စပ်မှုရှိ၏။ ခေတ်မီသိပ္ပံတွေ့ရှိချက်ဟူသမျှသည် လွန်ခဲ့သောနှစ်ပေါင်း (၂၅၀၀)ကျော်က ဟောကြားခဲ့သော ဗုဒ္ဓတရားတော်ကို မကျော်လွှားနိုင်ပေ။ ဗုဒ္ဓတရား၏ အနှစ်ချုပ်မှာ ရုပ်နှင့်နာမ် ဖြစ်သည်။ ဤကမ္ဘာမှာသာမက အခြားဂြိုဟ်များပေါ်မှာပါ သက်ရှိများနေကြောင်း ဗုဒ္ဓက ဟောခဲ့ပြီးဖြစ်၏။

မိမိကို ကယ်တင်စိမ့်သောငှာ ဘာသာရေးအခမ်းအနားများပြုလုပ်ခြင်းကို သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရေးအတွက် ကိုယ်ကျင့်သီလ၊ စိတ်တည်ငြိမ်မှု၊ သမာဓိနှင့် မဂ်ဉာဏ် ဖိုလ်ဉာဏ်သာ အရေးကြီးသည်။ အပြစ်ကင်းအောင်နှင့် ရိုသေလေးစားထိုက်အောင် နေရန်လည်း လိုအပ်သည်။

လျှုဒါန်းပြီး ဆုတောင်းနေရုံမျှနှင့် သံသရာဝဋ်ဆင်းရဲမှ မလွတ်မြောက်နိုင်။ ဗုဒ္ဓက မကောင်းမှုများ ရှောင်စေခြင်းမှာ တစ်စုံတစ်ရာကို ကြောက်၍မဟုတ်၊ သက်ရှိသတ္တဝါများ ဆင်းရဲဒုက္ခ မရောက်စေလို၍ဖြစ်ကြောင်း သဘောပေါက်စေ၏။ တစ်ချိန်တည်းမှာ လူ၏ ကောင်းသောစရိုက်လက္ခဏာများကို ပျိုးထောင်ရန်၊ ကောင်းမှုပြုလုပ်၍ ကိုယ်ကျိုးကို မမျှော်ဘဲ သူတစ်ပါးကို ကူညီရန် အကြံပေးတိုက်တွန်းတော်မူခဲ့သည်။

ကျောင်းကန်ဘုရားများသည် ဈာန်ဝါဒကျင့်သုံးရာ အရပ် ဖြစ်သည်။ ရဟန်းသံဃာများကလည်း လာဘ်ရွှင်အောင်သာ လုပ်နေသည်ဟု ပြောသံဆိုသံ ကြားနေရသည်မှာ ဝမ်းနည်းစရာ ကောင်းလှ၏။ ဤသည်မှာ အမှန်တရားနှင့် ဖြောင့်ဖြောင့်ကြီး ဆန့်ကျင်နေ၏။ တနင်္ဂနွေနေ့ သို့မဟုတ် ဥပုသ်နေ့များတွင် ဘုရားကျောင်းကန်သွားကြသူများသည် တရားထိုင်ခြင်း၊ တရားဆွေးနွေးခြင်း၊ တရားစာအုပ်ဖတ်ခြင်း၊ တရားနာခြင်း၊ မေတ္တာပွားခြင်းအမှု ပြုကြ၏။ တိတ်ဆိတ်အေးချမ်းသော ပတ်ဝန်းကျင်ကို ရောက်သဖြင့် စိတ်ချမ်းမြေ့ ငြိမ်းအေးမှုကို ရသည်။ သံဃာတော်တို့ကလည်း ဗုဒ္ဓတရား အစစ်အမှန်များကို

ဟောပြောပြသကြ၏။ လာဘ်လာဘရှင်အောင် လုပ်နေခြင်း မဟုတ်။

ဗုဒ္ဓက တရားကို ဝေဖန်ဆန်းစစ်ပြီးမှ လက်ခံစေသည်။ ကိုယ့်ဘာသာရေးဆရာက ကြီးကျယ်သည်ဆိုရုံမျှနှင့်၊ စာနှင့်ပေနှင့် ရေးသားထားသည်ဆိုရုံမျှနှင့်၊ အစဉ်အလာ ဓလေ့ထုံးစံရှိသည်ဆိုရုံမျှနှင့် လက်ခံရမည် မဟုတ်ဟု ဟောတော်မူ၏။ တရားတစ်ခုကို လက်ခံမလား၊ ငြင်းပယ်မလား၊ ကိုယ်ပိုင်ဉာဏ်ဖြင့် ဆုံးဖြတ်စေသည်။

ဗုဒ္ဓဘာသာဝင်တို့အနေဖြင့် အရေးကြီးဆုံးတာဝန်မှာ မိမိကိုယ်ကို စည်းကမ်းချရန်နှင့် အသိပညာ ကျွမ်းကျင်မှုတို့ကို စိုးပိုင်သော လူတော်လူကောင်းဖြစ်အောင် ကြိုးပမ်းရေး တာဝန်သိ၍ အသုံးကျသော နိုင်ငံသားဖြစ်ရေး နိုင်ငံတည်ဆောက်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် စွမ်းအားရှိသမျှ ပါဝင်ရေးဖြစ်၏။ သူတစ်ပါးနှင့် သင့်မြတ်သဟဇာတဖြစ်အောင် ဆက်ဆံရေးကောင်းဖို့လည်း လိုသည်။

ကျွန်ုပ်တို့၏ အနာဂတ် ပျော်ရွှင်အောင်မြင်ရေးအတွက် မှန်ကန်သောလမ်းညွှန်မှုလည်း လိုအပ်၏။ ယနေ့ကမ္ဘာတွင်

လူသားတို့သည် ရုပ်ပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဖြည့်ဆည်းရင်း စိတ်ပိုင်းဆိုင်ရာတန်ဖိုးများကို မျက်ခြည်ပြတ်နေကြ၏။ ဘာသာရေးသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းကို ဟန်ချက်ညီစေရမည်ဟု ရည်ညွှန်းခြင်းဖြစ်၏။

ဗုဒ္ဓဝါဒကို ကျွန်ုပ်တို့ ကိုးကွယ်အားထားရာ ဘာသာအဖြစ် ရွေးချယ်ပြီးကတည်းက တရားတော်ကို သိအောင် အချိန်ရှိသရွေ့ အားထုတ်လေ့လာရမည်။ ဗုဒ္ဓက တရားဟော၍ လမ်းပြခဲ့သည်သာဖြစ်၏။ ထိုလမ်းကြောင်းကို ကျွန်ုပ်တို့က လိုက်၍ ဓမ္မသုခကို ခံစားနိုင်ရမည်။

တရားရရှိရေးအတွက် မိမိကိုယ်သာ အားကိုးရမည်ဖြစ်၏။ ကိုယ့်ဒုက္ခကိုယ်သာ ကယ်တင်နိုင်သည်။ သူတစ်ပါးက မကယ်တင်နိုင်။ ဗုဒ္ဓညွှန်ပြခဲ့သည့် လမ်းမှန်အတိုင်းလျှောက်၍ တရားအားထုတ်ပါက နိဗ္ဗာန်ကို မျက်မှောက်ပြုရမည်မှာ မြေကြီးလက်ခတ်မလွဲပါပေ။

Ref:
Voice of Buddhism Vol.29, No.16/91 rS know Our Religion By Tan Teik Beng, Malaysia.

(မြတ်သတိဝါဒီသဒ္ဓမ္မ ၂/၀၇)

# ဗုဒ္ဓဒေသနာတော်သင်တန်းနှင့် ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေး အလုပ်စခန်း

စာရေးသူသည် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်မြတ်ကြီး၏ အရှေ့ဘက် အာဇာနည်လမ်းပေါ်ရှိ ရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီးတွင် ဖွင့်လှစ်ခဲ့သော (၁၅)ကြိမ်မြောက် ဗုဒ္ဓဒေသနာတော်သင်တန်းနှင့် ဗုဒ္ဓနည်းကျ နာမ်ရုပ်လေ့ကျင့်ရေး အလုပ်စခန်းသို့ တက်ရောက်ဆည်းပူး နည်းယူခွင့် ရခဲ့ပါသည်။

ရှင်သာမဏေ ဗိမာန်ကြီးကို (၁၉၈၅)ခုနှစ်တွင် ငွေဇင်ယော် ဆီစက်ပိုင်ရှင် ဦးကြင်က ဆောက်လုပ်လှူဒါန်းခဲ့ကြောင်း၊ မန္တလေး မစိုးရိမ်ဆရာတော်ဘုရားကြီးက အုတ်မြစ်ချပေးကြောင်း၊ လွတ်လပ်ရေး မော်ကွန်းဝင်နှင့် နိုင်ငံဂုဏ်ရည် ပထမ

အဆင့် အဘ ဦးထိန်ဝင်း နာယကအဖြစ် ဆောင်ရွက်သော သာသနာ့အကျိုးဆောင်အဖွဲ့က ဤဗိမာန်ကြီးကို ထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း၊ ဘ၀နတ်ထံပျံလွန်တော်မူခဲ့ပြီး ဖြစ်သော မြောင်းမြဆရာတော်ဘုရားကြီး အမရပူရ မဟာ ဂန္ဓာရုံ ဆရာတော်ဘုရားကြီးတို့၏ ဩဝါဒခံယူခဲ့ကြောင်း သိရ ပါ၏။

ဤဗိမာန်တော်ကြီး၏ ဦးတည်ရည်မှန်းချက်မှာ ထေရ ဝါဒဗုဒ္ဓသာသနာတော်ကြီး တည်တံ့ခိုင်မြဲ ပြန့်ပွားရေးဖြစ်ပြီး အောက်ပါ ဆောင်ပုဒ်များ ထုတ်ပြထားသည်ကို တွေ့ရ၏။

ထေရဝါဒဗုဒ္ဓသာသနာတော်သည် လောကသားတို့၏ အကျိုးစီးပွား ချမ်းသာကို အကြွင်းမဲ့ ပေးစွမ်းနိုင်သည်။

ထေရဝါဒဗုဒ္ဓသာသနာတော်ကို ကိုယ်ကျင့်တရားဖြင့် ထင်ရှားစေမည်။

တစ်စတစ်စ စွန့်ဝံ့မှလျှင် ဘ၀နောက်နှောင်း ဆက် တိုင်း ကောင်း၏။

ဤဗိမာန်တော်ကြီး၏ ဦးတည်ရည်မှန်းချက်နှင့်အညီ ဗုဒ္ဓဒေသနာတော်ဆိုင်ရာ သင်တန်းများ၊ ဆင့်ပွားနည်းပြသင်

တန်းများ၊ ဗုဒ္ဓဝင်သင်တန်းများ၊ ဟောပြောပွဲများ၊ ဆွေးနွေးပွဲများ၊ စာမေးပွဲများ၊ ဗုဒ္ဓနည်းကျ ဩဠာရိက သုခုမဆေးပညာသင်တန်းများ၊ ပညာဒါန သင်တန်းများ စသည်ဖြင့် အခါမလပ်စဉ်ဆက်မပြတ် ကျင်းပပေးလျက် ရှိပါသည်။

ဘုမ်ိနက်သန်မှန်သော ဤရှင်သာမဏေ ဓမ္မဗိမာန်တော်ကြီးတွင် ဗုဒ္ဓဒေသနာနှင့် ဝိပဿနာပြန့်ပွားရေးအဖွဲ့ (ရန်ကုန်)၏ ပဓာနနာယက ဆရာကြီး ဦးဌေးအောင်က ဗုဒ္ဓဒေသနာသင်တန်းနှင့် ဗုဒ္ဓနည်း နာမ်ရုပ်လေ့ကျင့်ရေးစခန်းကို ကိုယ်တိုင်သင်ကြားပို့ချ သရုပ်ပြပေးခြင်း ဖြစ်၏။ ဗုဒ္ဓဒေသနာ သဘောတရားပိုင်း (၂၁)ရက် + လက်တွေ့စခန်း (၉)ရက်ပိုင်းခြားပြီးပို့ချပေးခြင်းတည်း။

မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာန အငြိမ်းစား ညွှန်ကြားရေးမှူး မန္တလေး ပရိယတ္တိ သာသနာ့တက္ကသိုလ် ဗုဒ္ဓဒေသနာ ပြန့်ပွားရေးဌာန တွဲဖက်ဌာနမှူးအဖြစ် တာဝန်ထမ်းဆောင်လျက်ရှိသော ဆရာကြီး ဦးဌေးအောင်သည် ဗုဒ္ဓဒေသနာနှင့်စပ်လျဉ်း၍ ပရိယတ္တိရော ပဋိပတ္တိပါ ပြည့်စုံသော ပုဂ္ဂိုလ်ကြီးဖြစ်၏။

ဆရာကြီးဦးဌေးအောင်က ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့် လေ့လာနည်း ( New Approach to Buddha Desana) သင်တန်း အမည်ပေးပါသည်။ ယခု သင်တန်းသို့ သံဃာတော် (၂)ပါး၊ သီလရှင် (၁)ပါးအပါအဝင် အမျိုးသား အမျိုးသမီး စုစုပေါင်း (၁၅၆)ဦး အချိန်ပိုင်း (၅၂)ဦး စုစုပေါင်း (၂၀၆)ဦး တက်ရောက်ကြပါသည်။ အမှတ်စဉ် (၁)မှ စတင်ရေတွက်လျှင် သင်တန်းသား (၃၀၀၀) နီးပါး ရှိသွားပြီဟု သိရ၏။

ဗုဒ္ဓဒေသနာကို စနစ်သစ်ဖြင့် လေ့လာနည်း သဘောတရားပိုင်းတွင် ဆရာကြီးက အောက်ပါအတိုင်း ခေါင်းစဉ်များခွဲခြားပို့ချသွားပါသည်။

(၁) ဗုဒ္ဓမပွင့်မီခေတ်

(၂) ဗုဒ္ဓဉာဏ်တော်

(၃) လူ့သဘာဝ

(၄) ကံစွမ်းအား

(၅) ပဋိသန္ဓိ

(၆) နာမ်ခန္ဓာ

(၇) ဥပါဒါနက္ခန္ဓာ

(၈) ဝိပဿနာ

(၉) မဂ္ဂင်ရှစ်ပါး

(၁၀) စေတနာ

(၁၁) ဟေတု

(၁၂) ဝဋ်သုံးပါး

(၁၃) ပညတ်သိ

(၁၄) ပဿာဒရုပ်များ

(၁၅) ကမ္မများ

(၁၆) စိတ်လှုပ်ရှားမှု

(၁၇) ဝိဘင်္ဂနည်း

တစ်နေ့လျှင် (၁)နာရီ × (၂၁) ရက် = (၂၁)နာရီ ပို့ချပေးခြင်းဖြစ်၏။

လက်တွေ့ အလုပ်စခန်းတွင် နံနက်(၉)နာရီမှ ညနေ (၄)နာရီ တစ်နေ့လျှင် (၇)နာရီ × (၉)ရက် = (၆၃)နာရီကြာ သရုပ်ပြ ပို့ချမှုနှင့် ထိုင်လျက် ဝိပဿနာ ဘာဝနာပွားများ အားထုတ်မှု လက်တွေ့ လေ့ကျင့်ရပါသည်။ ဗုဒ္ဓနည်း နာမ်ရုပ်

လေ့ကျင့်ရေးအလုပ်စခန်း (Buddha's Way Mind-Body Training Work Shop) ဟူ၍ ဆရာကြီးက အမည်ပေးထား၏။

အဆိုပါ (၉)ရက်စခန်းတွင် နေ့စဉ် သြကာသဖြင့် ဘုရား ကန်တော့ခြင်း၊ အာဇီဝဋ္ဌမကသီလ ခံယူခြင်း၊ လယ်တီ ဆရာတော်ဘုရားကြီး၏ ဆိုပိမ့်မညာ၊ စေ့စေ့နှာလော့၊ ဂင်္ဂါသဲမျှ … နင်လိုလူမိုက် သွားလမ်းတည်း-ဟူသော သံဝေဂလင်္ကာ ဆုံးမစာ ရွတ်ဆိုခြင်း၊ နေ့လယ်စာမစားမီ အစားအသောက်များ နှင့် ပတ်သက်၍ ပစ္စဝေက္ခနာ ဆင်ခြင်ခြင်း၊ နေ့လယ်စာ စား ပြီးချိန်တွင် အစားအသောက်ဆိုင်ရာ ပါဝင်ပတ်သက်သူများ၏ ကျေးဇူးတရား ရွတ်ဆိုခြင်း၊ အစားအသောက်များအတွက် ဆောင်ရွက်ပေးသူများကို မေတ္တာပို့ခြင်း၊ ညနေပိုင်းတွင် သာသ နာ လျှောက်ထားခြင်း၊ တစ်နေ့တာသင်တန်း အလုပ်စခန်းအပြီး မှာ အမျှဝေခြင်းများ ပြုလုပ်ကြရပါသည်။

ဗုဒ္ဓနည်း နာမ်ရုပ် လေ့ကျင့်ရေး အလုပ်စခန်း ပထမနေ့ တွင် အဖြူကသိုဏ်းဝန်းကို ရှုမှတ်ရ၏။ အနက်ရောင် နောက်ခံ ပိတ်ကားပေါ်က အဖြူရောင်စက်ဝိုင်းကို ရှုမှတ်ရခြင်း ဖြစ်ပါ

သည်။ အာရုံမပြန့်စေဘဲ တစ်နေရာတည်း စူးစိုက်မှုကို လေ့ကျင့်စေခြင်း ဖြစ်၏။ ဒုတိယနေ့တွင် ရပ်လျက် အရိုးစု ကမ္မဋ္ဌာန်းကို ရှုတည့်တည့်မှုလည်းကောင်း၊ တတိယနေ့တွင် ယင်းအရိုးစုကို ကျောဘက်မှလည်းကောင်း၊ ရှုမှတ်ရပါသည်။ စတုတ္ထနေ့တွင် အရိုးစုကမ္မဋ္ဌာန်းကို တရားထိုင်နေသည့်ပုံစံနှင့် ကုလားထိုင်ပေါ် ခြေနှစ်ဖက်ချထိုင်နေပုံကို ရှုမှတ်ရ၏။ ပဉ္စမနေ့နှင့် ဆဋ္ဌမနေ့များတွင် ကိုယ်ခန္ဓာတွင်းက ကောဋ္ဌာသများကို ခေတ်သိပ္ပံနည်းအရ ခန္ဓာဗေဒပုံစံတူ ရုပ်ကြွများဖြင့် ဆရာကြီးက ဦးစွာရှင်းပြပြီး လက်တွေ့လေ့ကျင့်ရသည်။

အဆုတ်၊ နှလုံး အလုပ်လုပ်ပုံ၊ သွေးလှည့်ပတ်ပုံများကို ဗီဒီယိုအကူအညီဖြင့် ဆရာကြီးက ရှင်းပြပါသည်။ ရူပက္ခန္ဓာအကြောင်း၊ ကာယာနုပဿနာအကြောင်းကို ဒေသနာနည်းအရရော ခေတ်သိပ္ပံနည်းအရပါ နားလည်စေခြင်းဖြစ်၏။ ဒေသနာပါ (၃၂) ကောဋ္ဌာသနှင့် ခန္ဓာဗေဒကို ဆက်စပ်နားလည်ရပါသည်။

သတ္တမနေ့တွင် ဆရာကြီးက ခန္ဓာဗေဒနှင့်တွဲ၍ ရူပက္ခန္ဓာ ပရိစ္ဆေဒပညာ၊ ဇီဝကမ္မဗေဒနှင့် တွဲ၍ ရူပက္ခန္ဓာပစ္စ

ယပရိဂ္ဂဟပညာ၊ ရုပ်ခန္ဓာကို ခြုံငုံသုံးသပ် ဆင်ခြင်မှုတည်းဟူသော ရူပကမ္မဋ္ဌာနသမ္မသနပညာ ဦးနှောက်မှ အာရုံကြောများပျံ့နှံ့ ဖြာထွက်ပုံနှင့် လျှပ်စစ်ဓာတ်အားများ စီးသွားပုံ၊ ဓာတ်ကြောများ အလုပ်လုပ်၍ ကိုယ်တွင်းအင်္ဂါ ကောဋ္ဌာသများပုံမှန်အလုပ်လုပ်နိုင်ပုံ နှလုံးသွေးများ လှည့်ပတ်ပုံ အပြင်အာရုံများကို ခန္ဓာကိုယ်ရုပ်ကြွပုံများ ဗီဒီယိုပြကွက်များဖြင့် ရှင်းပြပြီးနောက် အတွင်းကောဋ္ဌာများကို ရှုမှတ်ရပါသည်။

အဋ္ဌမနေ့တွင် မြေ၊ ရေ၊ လေ၊ မီး ဓာတ်ကြီးလေးပါး၏သဘောသဘာဝ ဂုဏ်သတ္တိများ ခန္ဓာကိုယ်အတွင်းမှာ အခဲမျိုး(၂၀) + အရေ (၁၂)မျိုး + လေ (၆)မျိုး + အပူ (၄)မျိုး + စုစုပေါင်း (၄၂)မျိုးကို ခွဲခြမ်းစိတ်ဖြာ ရှုမှတ်ဆင်ခြင်ခြင်းတည်းဟူသော စတုဓာတုဝဝတ္ထာန ကမ္မဋ္ဌာန်းကိုလည်းကောင်း၊ ဓာတ်အားတစ်ပါးစီ၏ စွမ်းအားများ ရှုမှတ်ဆင်ခြင်မှုတည်းဟူသော ဓာတုမနသိကာရကမ္မဋ္ဌာန်းကို လည်းကောင်း၊ ဝင်လေထွက်လေနှင့် အဆုတ် ဆက်စပ်နေပြီး ဝင်လေထွက်လေကြောင့်ခန္ဓာကိုယ် အသက်ရှင်နေပုံ၊ သေခြင်းတရားမှ ကာကွယ်ပေးပုံ၊ မရဏာသတိဖြစ်စေပုံ၊ သဘာဝတရားတွေ အဟုတ်တကယ်

အလုပ်လုပ်နေတာကို အမှန်အတိုင်းမြင်တွေ့ရာမှ အတ္တဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိကွာပုံ၊ နေ့စဉ် လုပ်ငန်းမှာ ထွက်လေ ဝင်လေကို သတိထားရှုမှတ်နိုင်ပုံ၊ ဒုက္ခ(၄)မျိုးအနက် ကာယိကနှင့် စေတသိကကို ခံစားမှုဖြင့် လည်းကောင်း၊ ဝိပရိဏာမနှင့် သင်္ခါရကို ဉာဏ်ဖြင့်လည်းကောင်း သိရပုံတို့ကို ဆရာကြီးက အသေးစိတ် ရှင်းပြ၏။

ထို့နောက် ဝင်လေ ထွက်လေကို သတိဖြင့် စောင့်ကြည့်ရသည့် အာနာပါနကမ္မဋ္ဌာန်းကို ထိုင်လျက် အနေအထားဖြင့် လက်တွေ့ရှုမှတ်ရပါသည်။

နဝမနေ့ (နောက်ဆုံးနေ့) တွင် ဆရာကြီးက မဟာသတိပဋ္ဌာန်သုတ်မှာပါသော ကာယာနုပဿနာသတိပဋ္ဌာန်၏ သဘောသဘာဝ၊ လျောင်း ထိုင် ရပ် သွား ဣရိယာပုတ်လေးပါးနှင့် ကမ္ဘာမြေကြီး ဆွဲအားသဘော ဟန်ချက်ညီအောင် ရူပက္ခန္ဓာက ထိန်းပေးနေပုံ၊ ဝိပဿနာပညာကို လေ့လာပြီးမှ ဝိပဿနာဘာဝနာ ပွားသင့်ပုံများ ရှင်းပြပါသည်။ ပဋိသန္ဓိခဏ ပဋိသန္ဓေတည်နေပုံနှင့် သန္ဓေသားကြီးထွားလာပုံကို ဗီဒီယို ပြကွက်ဖြင့် ရှင်းပြပါသည်။

အာနာပါနကမ္မဋ္ဌာန်းကို လက်တွေ့ထိုင်စေပြီးနောက် ဝိပဿနာဉာဏ်စဉ်ကို ဆရာကြီးက ဤသို့ ရှင်းပြ၏။

(၁) ရုပ်နာမ်နှစ်ပါး ပိုင်းခြား၍ သိသော နာမရူပ ပရိစ္ဆေဒဉာဏ်

(၂) ရုပ်နှင့်နာမ် အပြန်အလှန် အထောက်အကူပြု၍ ရုပ်နာမ်ဖြစ်ပေါ်မှုကို သိသော ပစ္စယ ပရိဂ္ဂဟဉာဏ်

(၃) ရုပ်နာမ်ကို လက္ခဏာရေး သုံးပါးဆင်ခြင်သုံးသပ်သော သမ္မသနဉာဏ်

(၄) ရုပ်နာမ်ကို ခဏမစဲ အမြဲတမ်း ဖြစ်ပျက်နေပုံကို ရှုမြင်၍ ဖြစ်ပေါ်လာသော ဥဒယဗ္ဗယဉာဏ်

(၅) ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို မြင်သော ဘင်္ဂဉာဏ်

(၆) ရုပ်နာမ်နှစ်ပါး ပျက်စီးခြင်းကို ကြောက်စရာဘေးဟု မြင်သော ဘယဉာဏ်

(၇) ဤခန္ဓာဖြင့် သံသရာခရီး ဆက်လျှောက်လျှင် အကျိုးမဖြစ် အပြစ်ဟုသာ မြင်သော အာဒီနဝဉာဏ်

(၈) ရုပ်နာမ်ခန္ဓာ သင်္ခါရဖြစ်ပျက်နေပုံ အလုံးစုံကို

စက်ဆုပ်ရွံရှာပြီး ငြီးငွေ့မုန်းတီးဖွယ်ဟု မြင်သော နိဗ္ဗိန္ဒဉာဏ်

(၉) ရုပ်နာမ်ခန္ဓာသင်္ခါရ ဖြစ်ပျက်ခြင်းတို့မှ ကင်းဝေးလွတ်မြောက်ရာကိုလိုလားသော မုဉ္စိတုကမျတာဉာဏ်

(၁၀) မမြဲဆင်းရဲ အစိုးမရသော ရုပ်နာမ်ခန္ဓာသင်္ခါရတို့မှ လွတ်မြောက်ကြောင်းကို ဆင်ခြင်သိမြင်သော ပဋိသင်္ခါဉာဏ်

(၁၁) ရုပ်နာမ်ခန္ဓာသင်္ခါရတို့၌ ချစ်ခြင်း မုန်းခြင်း ခံစားမှု ကင်းဝေးလျစ်လျူရှုထားနိုင်သော သင်္ခါရုပေက္ခာဉာဏ်

(၁၂) စေတနာ သင်္ခါရများ ချုပ်ပြီး ဆင်းရဲငြိမ်း၍ ချမ်းသာ အစစ် နိဗ္ဗာန်ကို သိမြင်မျက်မှောက်ပြုနိုင်သော မဂ်ဉာဏ်

ခြုံ၍ ရေးရလျှင် ဦးဌေးအောင်၏ ကျေးရှုးကြောင့် မဟာသမုဒ္ဒရာပမာ ကျယ်ဝန်းနက်ရှိုင်းလှသော ဗုဒ္ဓဒေသနာ၏ အတွင်း သရုပ် အနှစ်ချုပ်ကို အချိန်တိုအတွင်း သုတမယဉာဏ်မှာ ခြုံငုံ သဘောပေါက်လိုက်ရပါသည်။ မျက်မှောက်ခေတ် အာကာသ စကြဝဠာ ခန္ဓာဗေဒ ဇီဝကမ္မ အစရှိသော သိပ္ပံပညာရှင်တို့၏ တွေ့ရှိချက်များနှင့် နှိုင်းယှဉ်ပို့ချပေးသဖြင့်

ဗုဒ္ဓ၏ ဉာဏ်တော်ဖြင့် ဟောကြားခဲ့သော အနန္တစကြဝဠာ သဘောတရား၊ ရူပကမ္မဋ္ဌာန်းနှင့် ကာယာနုပဿနာအကြောင်းများ ကို ပို၍နားလည်သဘောပေါက်ရပါသည်။ သုတမယဉာဏ်မှ တစ်ဆင့် တက်ပြီး စိန္တာမယဉာဏ်မှာ ဆင်ခြင်၍ ဝိပဿနာကို လက်တွေ့ရှုမှတ်ပွားများခြင်းဖြင့် ဘာဝနာမယဉာဏ် ရင့်သန်စေ လျက် မဂ်ဉာဏ်ဖိုလ်ဉာဏ်ရအောင် ရည်မှန်းအားထုတ်သွားနိုင် ရေး ဆရာကြီးက နည်းပေးလမ်းပြသွားပါသတည်း။

မှတ်ချက် ။ ။ ဤဆောင်းပါးဖြင့် ဆရာကြီး ဦးဌေးအောင် အား ပူဇော်လိုက်ပါသည်။

(မဟောသီမဂ္ဂဇင်း ၄/ဝ၂)

# ပိုက်ကျုံးဆရာတော်ကြီး

(၁၉၈၈)ခု၊ ဇန်နဝါရီလ (၄)ရက်နေ့တွင် နိုင်ငံတော်က မန္တလေး အနောက်တောင်မြို့နယ် မဟာဝိသုဒ္ဓါရုံတိုက်သစ် ပိုက်ကျုံးဆရာတော်ကြီး ဘဒ္ဒန္တဇာနေယျာဗုဒ္ဓိအား အဘိဓဇ မဟာရဋ္ဌဂုရုဘွဲ့တံဆိပ်တော် ဆက်ကပ်ပူဇော်ကြောင်း ကြားသိရသည်။

ပိုက်ကျုံး ဆရာတော်ဘုရားကြီးသည် အဘိဓဇမဟာရဋ္ဌဂုရု ဘွဲ့တံဆိပ်တော် ဆက်ကပ်ချိန်၌ သက်တော် (၈၆)နှစ် ဝါတော် (၆၆) ရှိသည်။ ယခုသက်တော် (၈၈)နှစ်ရှိပြီ။ သို့သော် သက်တော် (၇၇)လောက်သာ ထင်ရလောက်အောင် အရွယ်က တင်လှပါသည်။ ကျန်းမာရေး ကောင်းလှပါသည်။ သီလ၊ သမာဓိ၊ ပညာ၏ ဂုဏ်ကျေးဇူးကြောင့် ဖြစ်ပါမည်။

ချမ်းမြေ့ရိပ်သာကျောင်းတွင် လွန်ခဲ့သော (၆)နှစ်က ပထမအကြိမ် ကဆုန်လပြည့် ဗုဒ္ဓနေ့ အထိမ်းအမှတ်ပူဇော်ပွဲ

ကျင်းပသောအခါ ပိုက်ကျိုးဆရာတော်ဘုရားကြီး ရန်ကုန် ကြွလာခိုက် ကြုံကြိုက်၍ မဟာဗုဒ္ဓဝင်တရား ဟောကြားချီးမြှင့်သည်ကို နာခဲ့ရဖူးပါသည်။ အသံသြဇာက အပြည့် ဗဟုသုတကလည်း ကြွယ်လှပါဘိ။ ရှင်တော်ဂေါတမ မတိုင်မီ နှစ်ကျိပ်ရှစ်ဆူ ဘုရားတို့၏ မဟာဗုဒ္ဓဝင်ကို လိုရင်းဟောကြားတော်မူခြင်း ဖြစ်၏။

(၁၃၄၀)ပြည့်နှစ်တွင် နိုင်ငံတော်အစိုးရ ဆက်ကပ်လှူဒါန်းသော အဂ္ဂမဟာပဏ္ဍိတ ဘွဲ့တံဆိပ်တော် ရထားသည့် ဆရာတော်ဘုရားကြီးသည် တိပိဋက ပါဠိမြန်မာ အဘိဓာန်ကျမ်းကြီး၊ တိပိဋက ပါဠိမြန်မာအဘိဓာန်အကျဉ်း၊ ပါဠိပဒပိဋကကျမ်းညွှန်း၊ ဘဝလွတ်မြောက်ရေးခရီး ရှုမှတ်ပွားများနည်းအကျဉ်းနှင့် သိမှတ်ဖွယ် ဝိနိစ္ဆယများကို ကြီးမှူးပြုစုတော်မူခဲ့၏။

ပိုက်ကျိုးဆရာတော်သည် စစ်ကိုင်းတိုင်း၊ ဒီပဲယင်းမြို့နယ်၊ ချုံရွာဇာတိ ဖြစ်၏။ မင်းတုန်းမင်းနှင့် သီပေါမင်းလက်ထက် အထူးအာဏာရ တိုက်သူကြီး ခမည်းတော် ဦးဖိုး၊ မယ်တော် ဒေါ်သဲမှုန်တို့က သက္ကရာဇ် (၁၂၆၄)ခုနှစ်၊ ဦးတန်ခူး

လပြည့်ကျော် (၁၄)ရက် အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့သော သားရတနာ ဖြစ်ပေ၏။ သားသမီး (၆)ယောက်တွင် အငယ်ဆုံး ဖြစ်သည်။ ငယ်နာမည် မောင်လှပ ဟု တွင်ခဲ့သည်။

ဆရာတော်လောင်းလျာသည် (၁၂၇၆)ခုနှစ်၊ တန်ခူးလဆန်း (၁၂)ရက်၊ အသက်(၁၂)နှစ်အရွယ်၊ ဒီပဲယင်းမြို့နယ် ကျွန်းဦးကျောင်း ဆရာတော် ဦးဇောတထံ၌ ခမည်းတော် မယ်တော်တို့၏ ပစ္စယာနုဂ္ဂဟဖြင့် ရှင်သာမဏေအဖြစ်သို့ ရောက်ရှိခဲ့သည်။ (၁၂၈၃)ခုနှစ် တပေါင်းလဆန်း (၁၂)ရက် နံနက် (၉)နာရီအချိန် စစ်ကိုင်းမြို့နယ် ပန်းချီရွာ ဦးဣသိ ကျောင်း ခဏ္ဍသိမ်၌ တတိယ ရွှေကျင်သာသနာပိုင် ဒီပဲယင်း ဆရာတော်ဘုရားကြီးကို ဥပဇ္ဈာယ်ပြုလျက် ကျောင်းဒါယကာ မြေပိုင်ရှင်ပွဲစားကြီး ဦးမြို့၊ ဒေါ်အေးပွင့် သမီး မဖွားစိန်၊ သား မောင်ကြာကြီးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူခဲ့၏။

ပိုက်ကျိုးဆရာတော်သည် ဒီပဲယင်းမြို့နယ် ကျွန်းဦး ကျောင်း ဆရာတော် တတိယရွှေကျင်သာသနာပိုင် ဒီပဲယင်း ဆရာတော် ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ စည်ရှင်ဆရာတော်နှင့်

ပခုက္ကူမြို့ အရှေ့တိုက်သစ် ဆရာတော်တို့ထံ၌ ပရိယတ္တိ အခြေခံကျမ်းစာများနှင့် ပါဠိ အဋ္ဌကထာ၊ ဋီကာ၊ သက္ကတ ဘာသာ ကျမ်းများကို တတ်မြောက်လိမ္မာအောင် ရှင်သာမဏေ ဘဝမှ စတင်သင်ကြားဆည်းပူးတော်မူခဲ့၏။ ဝိသုဒ္ဓါရုံ ဂဏဝါစက စာမေးပွဲ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီး တန်းတို့ကို လည်းကောင်း၊ ရန်ကုန် စေတိယင်္ဂဏပရိယတ္တိ ဓမ္မာနုဂ္ဂဟ အသင်းက ကျင်းပသည့် စာသင်တန်းစာမေးပွဲကိုလည်းကောင်း၊ နိုင်ငံတော်အစိုးရက ကျင်းပသည့် ပထမပြန် စာမေးပွဲများ၌ ပထမငယ်၊ ပထမလတ်၊ ပထမကြီးတန်းတို့ကို လည်းကောင်း ဖြေတိုအောင်မြင်တော်မူခဲ့၏။ ပါဠိတက္ကသိုလ် ဗဟိုအဖွဲ့က ကျင်းပသည့် ဓမ္မာစရိယ စာချတန်း၌လည်း (၉) ကျမ်းလုံး အောင်မြင်တော်မူသောကြောင့် သာသနဓဇ သိရီပဝရ ဓမ္မာစရိယဟူသော ဘွဲ့တံဆိပ်တော်၊ (၁၃၀၉)ခုနှစ်၌ မန္တလေး မြို့ ပရိယတ္တိ သာသနဟိတ အသင်းကြီးက ဆက်ကပ်လှူဒါန်း သော ပရိယတ္တိသာသနဟိတဓမ္မာစရိယ မူလစာချ ဘဒ္ဒန္တ ဓာနေယျဗုဒ္ဓိဘိဝံသဟူသော ဘွဲ့တံဆိပ်တော်နှင့် ကောဒသမ အကြိမ် ရွှေကျင်နိကာယဂိုဏ်းလုံးကျွတ် အစည်းအဝေးက

တင်မြှောက်သော ရွှေကျင်နိကာယဉပဉက္ကဋ္ဌဟူသော ဂုဏ်ထူး ဝိသေသကို ခံယူရရှိတော်မူခဲ့သည်။

ဆရာတော်ကြီးသည် ရွှေကျင်နိကာယ ဗဟိုဌာနဖြစ်သော မန္တလေး မဟာဝိသုဒ္ဓါရုံတိုက်သစ် စည်ရှင်ကျောင်း၌ သီတင်းသုံးလျက် စံကင်းဆရာတော်ဘုရားကြီး၊ မြောင်းမြဆရာတော်ဘုရားကြီးများ သက်တော်ထင်ရှား ရှိစဉ်ကပင် ထိုဆရာတော်ဘုရားကြီးများကိုယ်စား ရွှေကျင်ဂိုဏ်းဆိုင်ရာ စီမံအုပ်ချုပ်မှုများကို ဆောင်ရွက်တော်မူခဲ့ရာ ယခုအချိန်ထိ ဖြစ်ပေသည်။ ဆရာတော်ကြီးသည် ပထမရွှေကျင်ဆရာတော်၊ မဟာဝိသုဒ္ဓါရုံ ဆရာတော်၊ ဒီပဲယင်း ဆရာတော်ဘုရားကြီးများ စသည့်တို့၏ သာသနာ့စည်းမျဉ်း ဥပဒေနှင့် ကျင့်စဉ်များကို အတိအကျ လိုက်နာကျင့်သုံးလျက် ကျောင်းတိုက်ပေါင်း (၁၀၀၀) ကျော်၊ သံဃာတော်ပေါင်း (၂၆၀၀၀) ကျော် ရှိသော ရွှေကျင်ဂိုဏ်းကြီး၏ တာဝန်ဝတ္တရားအားလုံးကို ထမ်းဆောင်တော်မူလျက် ရှိပါသည်။

ထိုမှတစ်ပါး မန္တလေးမြို့ မဟာဝိသုဒ္ဓါရုံတိုက်သစ် ပါဠိတက္ကသိုလ် ဗဟိုကိုယ်စားလှယ်၊ ဆဋ္ဌသင်္ဂါယနာ ပါဠိ

ဝိသောခကာ၊ နိုင်ငံတော်အစိုးရ၏ ဝိနိစ္ဆယ ထပ်မံပြင်ဆင်ရေး အဖွဲ့ဝင် ရွှေကျင်ဂိုဏ်းကိုယ်စားလှယ်အဖြစ် တာဝန်ယူလျက် သာသနာတော် သန့်ရှင်း တည်တံ့ ပြန့်ပွားရေးကိုလည်း ဆောင်ရွက်တော်မူခဲ့ပါသည်။

ထို့ပြင် ဆရာတော်ကြီးသည် ဝိနည်းသာသနာ မကွယ်ပရေး၊ ထွန်းကားရေးကို အလေးထားသည့်အလျောက် ရွှေကျင်ဂိုဏ်း ဝိနည်းပြန်ဌာနများသို့ ယခုအခါ ဆရာတော်ကြီးသည် နိုင်ငံတော်ဩဝါဒါစရိယအဖြစ် လည်းကောင်း၊ မန္တလေးမြို့ မဟာမြတ်မုနိဘုရားကြီး ဂေါပကအဖွဲ့၏ ဩဝါဒါစရိယအဖြစ်ဖြင့် လည်းကောင်း သာသနာ့တာဝန်ကို ထမ်းဆောင်တော်မူလျက်ရှိပါသည်။

(မြတ်မင်္ဂလာ ၃/၀၉)

## ကျမ်းစာလည်းတတ်၊ အကျင့်မြတ်၊ ပေါင်းစပ်အောင်မြင်၊ သူတော်စင်

စာရေးသူတို့ မိသားစု ကမ္ဘာအေးမှာနေစဉ် လွန်ခဲ့သော (၁၅)နှစ်ခန့်က ရင်းနှီးသော အိမ်နီးချင်း မိတ်ဆွေက ကားသစ်ဝယ်သဖြင့် သာမညဆရာတော်ကြီးကို သွားရောက်ဖူးမြော်မည်ဖြစ်၍ စာရေးသူတို့ ဇနီးမောင်နှံကို ခေါ်ပါသည်။ နှစ်ဦးစလုံး ကိုယ်စီ အလုပ်တာဝန် မအားလပ်၍ သားကို ထည့်လိုက်ရ၏။

ပြင်ဦးလွင်မြို့နေ ဗိဿနိုးဆေးဂေဟာ တိုင်းရင်းဆေးဆရာ ဦးလေးကျော်စိန် ဗုဒ္ဓဂယာမှ ပြန်ရောက်စ လွန်ခဲ့သော (၇)နှစ်ကျော်ကလည်း စာရေးသူအား စရိတ်ခံ၍ သာမညခေါ်ပြန်သည်။ စာရေးသူက ရုံးလုပ်ငန်းတစ်ဖက်၊ မြို့နယ်သင်း

အစည်းအဝေးတစ်ဖက်မို့ လိုက်ချင်ဖူးချင်သော ဆန္ဒကို မျိုသိပ်ငြင်းဆိုရပြန်၏။

ယခုအခါ စာရေးသူမှာ အငြိမ်းစား ယူထားပြီဖြစ်၍ ရုံးလုပ်ငန်းတာဝန်က လွတ်လပ်ခွင့်ရပါပြီ။ ယမန်နှစ်က စာရေးသူ နေထိုင်ရာလမ်းထဲက လူစုပြီး စင်းလုံးငှားကားကြီးဖြင့် သာမညနှင့် ကျိုက်ထီးရိုးဘုရားဖူး ထွက်ပါသည်။ ရန်ကုန်မှ ည (၇)နာရီထွက်ခဲ့ရာ သာမညသို့ နံနက်(၈)နာရီခွဲ ရောက်ပါ၏။ ဆရာတော်ဘုရားကြီးကို ယိုးဒယားကပင့်၍ ဆေးကုကြွသွားရာက ပြန်မရောက်သေးကြောင်း သိရပါသည်။ တောင်ပေါ်တက် မြစောညီနောင် ဘုရားဖူး အရဟံဂုဏ်တော် ပုတီးစိပ်ပြီးနောက် တောင်ပေါ်ရှိ မြစောညီနောင်စေတီတော်ရင်ပြင်မှ ပတ်ဝန်းကျင် သဘာဝရှုမျှော်ခင်းတွေ ကြည့်ရသည်မှာ သာမောဖွယ် ကောင်းလှပေစွ။ သက်လွတ်ဘေးမဲ့တောနှင့် လိုက်လျောညီထွေ ကျေးငှက်မျိုးစုံက ပို၍ပျော်မြူး တေးသီကျူးနေကြသယောင်။ ရှုလေရာ စိမ်းနေသဖြင့် မြစိမ်းတောင်နာမည်နှင့် လိုက်ပါဘိ။ သာမညတောင်မှာ အလှူဒါနများ ပြုကြပြီးနောက် တောင်ပေါ်က ကျွေးသော သက်သတ်လွတ်ထမင်းစားပြီး ပြန်

ခဲ့ကြရတော့သည်။ ဆရာတော်ဘုရားကြီးကို ဖူးခွင့်မကြုံသေးပါတကား။

၇-၆-၂၀၀၃ နေ့က တစ်ဖန် သာမညသို့ ခရီးထွက်ခွင့် ကြုံရပြန်ပြီ။ မြစ်ကြီးနားမှာ တာဝန်ကျနေသော ညီတော်မောင် ကိုကြည်ဝင်း (ပြင်ဦးလွင်မြို့နေ ဦးလေးကျော်စိန်သား) နှင့် မမိုးမိုးကြည်တို့ မိသားစုက ရန်ကုန်ရုံးချုပ်လာရင်း စင်းလုံးငှားကားဖြင့် သွားမည်ဖြစ်၍ စာရေးသူကို ခေါ်ခြင်း ဖြစ်သည်။ ယခု ရုံးပိတ်ရက်အတွင်း မြို့နယ်အသင်း အစည်းအဝေးခေါ်ထားခြင်းမရှိသော စာရေးသူအဖို့ တိုင်း၍ ရက်သည့် ပက္ကလာမိုးရွာသည်နှင့် အခန့်သင့် ဖြစ်သွားလေ၏။

ရန်ကုန်မှ မွန်းလွဲ (၁)နာရီခွဲ ထွက်ပါသည်။ လမ်းမှာ မိုးတစ်ပေါက်မှ မရွာ၊ ရာသီဥတု သာယာလှပါသည်။ သံလွင်တံတား (ဘားအံ) ရောက်တော့ ည (၇)နာရီခွဲပါပြီ။ အိန္ဒြာရွာရောက်လျှင် ဆရာတော်ကြီး၏ တူမ ဒေါ်တင်ကြည်နှင့် တပည့်ရင်း ဒေါက်တာသန်းလွင်တို့ထံ ဝင်၍ ဆရာတော်ကြီးအား အနီးကပ်ဖူးတွေ့ခွင့်ရရေး တိုင်ပင်ဆွေးနွေးရသည်။ ထိုနောက် သာမညတောင်ခြေသို့ ခရီးဆက်ရာ ည(၉)နာရီခွဲ ရောက်ပါ

၏။ ကားကြီးကားငယ် (၃၀)ခန့် ရောက်နှင့်ကြပြီ။ ထမင်းဆိုင်မှာ သက်သတ်လွတ်ထမင်းစားကြပြီး တည်းခိုးခန်း၌ ညအိပ်အနားယူလိုက်ကြပါသည်။ တစ်ညလုံး မိုးသည်းထန်စွာ ရွာသွန်းပါလေ၏။

စာရေးသူတို့အားလုံး (၈-၆-၂၀၀၃)နေ့ နံနက်(၃)နာရီမှာ နိုးနေကြပြီး နံနက်စောစော ဆရာတော်ဘုရားကြီးဖူးတွေ့ရရေး စိတ်စောနေကြသည်။ (၁၂၇၄)ခုနှစ်က ဖွားမြင်ခဲ့သော ဆရာတော်ဘုရားကြီးမှာ ယခုအခါ သက်တော် (၉၁)နှစ်ရှိပြီ။ ကျန်းမာရေးကြောင့် ပရိသတ်ရှေ့မှောက်ထွက်၍ အပူဇော်မခံသေးကြောင်း သိရ၏။ ညီကိုကြည်ဝင်းတို့မိသားစုကလည်း မြစ်ကြီးနားကပင် တကူးတက လာရ၍ ဖူးမျှော်ကြသည်ပေါ့။

စာရေးသူတို့အဖွဲ့က ဆရာတော်ဘုရားကြီးအတွက် ထီး၊ သင်္ကန်း၊ ဖိနပ် ပစ္စည်းလေးပါး နဝကမ္မအလှူငွေများ စီစဉ်ပြီး မိုးကုတ်ကျောင်းဆောင်သစ်ပေါ်တက်၍ ဆရာတော်ကြီး စံကျောင်းအခန်းဝ ပလ္လင်ရှေ့မှ ဖွဲနှင့်ထိုင်စောင့်ကြသည်။ စာရေးသူတို့၏ ဆရာတော်ဘုရားကြီး ဖူးချင်သော ဆန္ဒအာသီသနှင့် သဒ္ဓါတရား ထက်သန်မှုကို ငဲ့ညှာသော ဝေယျာဝစ္စပုဂ္ဂိုလ်

က လှူဖွယ်ပစ္စည်းများကို လက်ခံရယူ၍ တံခါးတစ်ဖက်ဟ ပေးပြီး တံခါးဝကပင် ဆရာတော်ဘုရားကြီးကို အလှည့်ကျ ဖူးစေသည်။ ဆရာတော်ဘုရားကြီးက ခုတင်ပေါ်တွင် တစ်ဖက် စောင်း၍ လျောင်းနေတော်မူသဖြင့် မျက်နှာကို မဖူးရပေ။ သို့သော် ကျေနပ်ကြပါသည်။ ပြီးလျှင် ပလ္လင်ရှေ့ ပြန်ထိုင်၍ ဆရာတော်တူမ ဒေါ်တင်ကြည်နှင့် ဝိုင်းဖွဲ့စကားပြောကြသည်။ ဝေယျာဝစ္စပုဂ္ဂိုလ်က ကျိုက်ထီးရိုးပုံနှင့် ဆရာတော်ကြီးပုံ ကျော ကပ်ထားသည့် လည်ဆွဲတစ်ခုစီ၊ ဆရာတော်ဘုရားကြီးပုံနှင့် ဘုရားကိုးဆူ ဂါထာတော်မြတ်၊ ဘယ်ညာလက္ခဏာ၊ အချိန် အခါရွေးနည်းကတ်ပြားတစ်ခုစီ ဓမ္မလက်ဆောင် ချီးမြှင့်ပါ သည်။

ထိုစဉ် ဆရာတော်ကို အနီးကပ် ပြုစုသော ဆရာဝန် က ချိုင်းအောက်ကတွဲ၍ ထွက်လာပြီး ကပ်လျက်အခန်းသို့ ကူးသဖြင့် ဆရာတော်ကြီးကို အနီးကပ်ဖူးရပါပြီ။ ဆရာတော် ကြီးကို ကျန်းကျန်းမာမာ ဖျတ်ဖျတ်လတ်လတ် ဖူးတွေ့ရ၍ ဝမ်းသာကြည်နူးရပါသည်။ ယခုတစ်ခေါက် သာမညလာရကျိုး နပ်ပါပြီ။ ဆရာတော်ကြီးကို ဖူးပြီးနောက် သာမညတောင်ပေါ်

ကားဖြင့်တက်၍ မြစောညီနောင် ဘုရားဖူး အရပ်ဂုဏ်တော် ပုတီးစိပ်ခဲ့သည်။ ထို့နောက် တောင်ပေါ်မှာကျေးသော သက်သတ်လွတ်ထမင်းစားခဲ့ရာ ပဲငံပြာရည်နှင့် ရှောက်ရွက်တို့စရာ တို့ကို မမေ့ပါ။

မြစောညီနောင်ဘုရားနှင့်ကပ်လျက် ရင်ပြင်ပေါ်က တန်ဆောင်းငယ်တွင်ထိုက်ထုထားသော သာမညတောင်တော်မြတ် ဖြစ်တည်လာပုံ မော်ကွန်းကျောက်စာကိုလည်း ဖတ်ရှုလေ့လာခဲ့ သည်။ လိုရင်းအကျဉ်းကို ဖော်ပြရသော် ဘားအံမြို့အရှေ့ တောင်ဘက်(၂၃)မိုင်အကွာတွင် အမြင့်ပေ (၆၅၃) ပေ၊ ဒေးမဲ့စော (စပါးပုံကြီးနှင့်တူသောတောင်ဟု အဓိပ္ပာယ်ရ၊ နောင်တွင် သာမညတောင်ဟုတွင်) တောင်တွင် ပအိုဝ်ဆရာတော် ဦးဝိနယ သည် (၁၃၄၂)ခု၊ တပေါင်းလပြည့်ကျော် (၂) ရက်နေ့ ရောက် ရှိပြီး (၁၃၄၃)ခုနှစ်မှစ၍ (၃)နှစ်အဓိဋ္ဌာန်ဝင်ပြီး တရားဘာဝနာ အားထုတ်ခဲ့ရာမှ လူအရောက်အပေါက်များ ကိုးကွယ်ဆည်း ကပ်သူတို့ဖြင့် စည်ကားလာပုံ၊ သာသနိက အဆောက်အအုံများ ဖြစ်တည်လာပုံနှင့် ဆရာတော်ဘုရားကြီး၏ အလှူဒါနကောင်းမှု ကုသိုလ်အဝဝကို မှတ်တမ်းတင်ထားပါသည်။

ဆရာတော်ဘုရားကြီးကို ဖူးတွေ့ခွင့်ရသော်လည်း တရားနာခွင့် မကြုံရသဖြင့် ဆရာတော်ဘုရားကြီးနှင့် ပတ်သက်သော စာအုပ်စာတမ်းများကို ဝယ်ယူဖတ်ရှုလေ့လာရပါသည်။ ဘားအံမြို့နယ်၊ ဇကော့ကျိုက် ပအို့ဝ်ရွာကြီးဇာတိ ပအို့ဝ်တောင်သူလယ်သမားမျိုးရိုးမှ ဆင်းသက်သော သာမည ဆရာတော်ဘုရားကြီးသည် ဗုဒ္ဓဒေသနာ ပရိယတ္တိစာပေကို ကျမ်းကြီးပေါက် သင်ယူတတ်မြောက်ခဲ့ရုံသာမက တပည့်ရဟန်း သံဃာ သာမဏေများကို စာပေပို့ချခဲ့ပါသည်။ ပရိယတ္တိကျမ်းစာတတ်ရုံနှင့် အားမရ ဘုရားအလိုကျ ပဋိပတ္တိကျင့်စဉ်ကိုပါ ပေါက်မြောက်အောင် လိုက်စားကျင့်ကြံအားထုတ်ခဲ့သည်။

သာမညတောင်ပေါ်တွင် ဆရာတော်ဘုရားသည် (၃) နှစ်အဓိဋ္ဌာန် ဝင်စဉ်ကာလအတွင်း ရတနာမြတ်သုံးပါး၊ ဂုဏ်တော်များ ပွားများခြင်း၊ ကမ္မဋ္ဌာန်းဘာဝနာ ရှုမှတ်ခြင်း၊ မေတ္တာပွားများပို့လွှတ်ခြင်း၊ ဗုဒ္ဓါနုဿတိဘာဝနာ အထူးပွားများခြင်းများ ပြုလုပ်ခဲ့သည်။ သက်တော် (၆၀)ပြည့် မွေးနေ့အလှူမင်္ဂလာပွဲမှစ၍ အသက်အသားလွှတ် ဘုဉ်းပေးခဲ့သည်။ မိမိ၏

ကမ္မဋ္ဌာန်းဘာဝနာအလုပ်ကို အချိန်မှန် ဖိဖိစီးစီး ခွဲလုံ့လကြီးစွာဖြင့် အားထုတ်ခဲ့ရာမှ အဓိဋ္ဌာန်ပြီးမြောက် လိုရာခရီးရောက် သိဒ္ဓိပေါက်ခဲ့ခြင်းဖြစ်သည်ဟု ဆိုရပေမည်။ ထိုကြောင့် စာရေးသူက "ကျမ်းစာလည်းတတ်၊ အကျင့်မြတ်၊ ပေါင်းစပ်အောင်မြင်၊ သူတော်စင်" ဟူ၍ ဆရာတော်ကြီးကို ပူဇော်ကြည်ညိုလိုက်ရပါသည်။

သာမညဆရာတော်ဘုရားကြီး ကျင့်ကြံအားထုတ်မှုကို အတုယူလျက် ရတနာသုံးပါးကိုသာ အားထားမေတ္တာပွားခြင်း၊ ဘယ်တော့မှ မပျင်းဘဲ ဒါန သီလ ဘာဝနာအမှုကို ပြုခြင်း၊ မကွေ့မကောက် ဖြောင့်ဖြောင့်သွားခြင်း၊ သိဒ္ဓိပေါက် သိဒ္ဓိမြောက်လိုပါက အဓိဋ္ဌာန်ဝင် သစ္စာခံ မေတ္တာတရား ပွားများခြင်း စသည် ပြုလုပ်နိုင်လျှင် ကောင်းလေစွဟူ၍ ...။

(ရတနာမွန် ၂/၀၄)

# ငြိမ်းချမ်းရေး လိမ္မော်သီး

(၁၉၆၁)ခုနှစ်က ဖနွမ်းပင် ကမ္ဘောဇဗုဒ္ဓဘာသာဝင်များ ညီလာခံ ကျင်းပခဲ့ရာ မလေးရှားကိုယ်စားလှယ်အဖွဲ့လည်း တက်ရောက်ခဲ့သည်။ ထိုစဉ်က မင်းသားကြီးသီဟာနုခေါင်း ဆောင်သော ကမ္ဘောဒီးယားအစိုးရက တက်ကြွစွာ ထောက်ခံ အားပေးခဲ့၏။ မင်းသားကြီးသီဟာနုသည် ကိုယ်စားလှယ် (၁၀၀)ကျော်နှင့် လေ့လာသူများအပေါ် ရက်ရောသဘော ကောင်းပြီး ဧည့်ဝတ်ကျေပွန်ခဲ့၏။ တက်ရောက်ကြသူများအား ဖျော်ဖြေသည့်အနေဖြင့် ကမ္ဘောဒီးယား ရေတပ်အင်အား ပါဝင်မှုနှင့် စစ်သင်္ဘောအုပ်စုကြီး ကျော်ဖြတ်မှုကိုပါ ခမ်းနားစွာ ပြသခဲ့သည်။

ကမ္ဘောဒီးယားမှာ ကျင်းပခဲ့သော အဌမအကြိမ်မြောက် ညီလာခံကို ထိုစဉ်က ဥက္ကဌဖြစ်သော ကွယ်လွန်သူ ဦးချန်ထွန်းက သဘာပတိအဖြစ် ဆောင်ရွက်ခဲ့၏။ မည်သို့ဆိုစေ နိုင်ငံရေး အခြေအနေအရ ထိုညီလာခံသို့ ယိုးဒယားနိုင်ငံမှ မတက်ရောက်ခဲ့ပေ။ သို့သော်လည်း ညီလာခံ အောင်မြင်ခဲ့ပါသည်။

မျက်နှာစုံညီ အစည်းအဝေးတစ်ခုတွင် တရုတ်ပြည်မကြီးမှ ကိုယ်စားလှယ်က အလွန်ရှည်လျားသောမိန့်ခွန်း ပြောကြားခဲ့၏။ တရုတ်ပြည်တစ်ပြည်သာ ရှိကြောင်း နှစ်ပြည်မရှိကြောင်း အလေးထားပြောသွားသည်။ ထိုစဉ်က အမေရိကန်နယ်ချဲ့ဝါဒ အမှတ်(၇) ရေတပ်ကြီးကို တရုတ်ပင်လယ်မှာ ထား၍ တရုတ်နှစ်ပြည် ဖြစ်နေရ၏။ တိုင်ဝမ်ကို ကမ္ဘာ့ဗုဒ္ဓဘာသာဝင်များ ညီလာခံမှ ထုတ်ပယ်သင့်ကြောင်း၊ တိုင်ဝမ်သည် တရုတ်ပြည်ကို ကိုယ်စားမပြုကြောင်း ဆွေးနွေးအရေးဆိုသည်။ တိုင်ဝမ်သည် ပြင်းထန်စွာ ဝေဖန်ခံရသော်လည်း တုံ့ပြန်ချေပမည့် တိုင်ဝမ်ကိုယ်စားလှယ် တက်ရောက်ခြင်း မရှိပါ။ နိုင်ငံရေး အခြေအနေအရ ညီလာခံသို့ တိုင်ဝမ်ကို ဖိတ်ကြားထားခြင်း မရှိပါ။

မလေးရှားကိုယ်စားလှယ်က သဘာပတိထံ စကား ပြောခွင့်တောင်းရာ ခွင့်မရဘဲ အထိုင်ခိုင်းခံရသည်။ သူက သဘာပတိစကားကို နာခံ၍ ထိုင်ချလိုက်သည်။ အလားတူ အကြောင်းအရာတွေကို ဆွေးနွေးခွင့်တောင်းသော် ပြင်သစ် ကိုယ်စားလှယ်ကိုမူ သဘာပတိက ခွင့်ပြုခဲ့၏။ ထိုအခြေအနေ တွင် မလေးရှားကိုယ်စားလှယ်သည် သဘာပတိကို သံဂုန် ဟစ်အော်၍ ထောက်ပြဝေဖန်ပါလေ၏။ စည်းဝေးခန်းတစ်ခုလုံး လှုပ်လှုပ်ရွရွ ဖြစ်သွားသည်။ သဘာပတိက မလေးရှားကိုယ် စားလှယ်ကို ဘာပြောချင်သလဲဟု မေးသောအခါ မလေးရှား ကိုယ်စားလှယ်က သူ့ကို ထိုင်ခိုင်းပြီး ပြင်သစ်ကိုယ်စားလှယ် ကို စကားပြောခွင့် ပေးသည့်ကိစ္စကို ထောက်ပြလိုက်သည်။ မိမိကိုလည်း ပြောခွင့်ပေးရန် တောင်းဆိုရာ သဘာပတိက ခွင့်ပြုလိုက်၏။

"ကျွန်တော် ဗုဒ္ဓဘာသာဝင် တစ်ယောက်ပါ။ ကျွန်တော် ဒီညီလာခံလာတာ ကျွန်တော့် ညီအစ်ကို မောင်နှမ များထံမှ ဗုဒ္ဓဝါဒအကြောင်း ပို၍နာယူဖို့ပါ။ ဒီညီလာခံမှာ နိုင်ငံရေး ဆွေးနွေးဖို့ မဟုတ်ပါဘူး။ ကမ္ဘာ့ဗုဒ္ဓဘာသာ အဖွဲ့

ကြီးကိုယ်၌က နိုင်ငံရေးနဲ့ ပတ်သက်နေရင် ဒီအဖွဲ့ဟာ နေဝင်ချိန်ရဲ့အစပဲ ဖြစ်ပါလိမ့်မယ်။ နိုင်ငံရေးနဲ့ ပတ်သက်ချင်ရင် နယူးယောက် ကုလသမဂ္ဂ သွားသင့်ပါတယ်။ အဲဒီမှာ အရှေ့အုပ်စု၊ အနောက်အုပ်စု၊ ကြားနေအုပ်စုရယ်လို့ ခွဲထားပါတယ်။ ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့ရဲ့ ဖွဲ့စည်းပုံအရ တိုင်ဝမ်ဟာ အများမကျူးလွန်ပါဘူး။ တိုင်ဝမ်ကို ဒီအဖွဲ့က ထုတ်ပယ်မပစ်သင့်ပါဘူးလို့ ကျွန်တော် ပြောချင်ပါတယ်"

မလေးရှား ကိုယ်စားလှယ်၏ ဤတိုတိုတုတ်တုတ်မိန့်ခွန်းကို ညီလာခံတစ်ခုလုံးက လိုက်လှဲစွာ ကြိုဆိုထောက်ခံကောင်းချီးပေးကြလေ၏။ တက်ရောက်သူတိုင်းက မလေးရှားကိုယ်စားလှယ်၏အမြင်ကို သဘောတူသည်။ တိုင်ဝမ်ကို ကမ္ဘာ့ဗုဒ္ဓဘာသာအဖွဲ့မှ ထုတ်ပယ်ရေးအဆို ရှုံးနိမ့်သွား၏။ ညီလာခံအပြီးတွင် မလေးရှားကိုယ်စားလှယ်ထံသို့ လူတွေဝိုင်းအုံလာသည်။ အထူးသဖြင့် ကမ္ဘောဒီးယား ရဟန်းပျိုများ ဖြစ်၏။ ရုပ်ရှင်မင်းသားတစ်ယောက်လို အော်တိုများ ရေးခိုင်းသည်။

ညီလာခံအပြီးတွင် မလေးရှားကိုယ်စားလှယ်သည် တရုတ်ပြည်မမှ ကိုယ်စားလှယ်ကို စကားပြောရန် ကြိုးစား၏။

သို့သော် တစ်ဖက်က ငြင်းပယ်သည်။ လှုပုံအလယ်မှာ မိမိအား ဝေဖန်ရှုတ်ချခဲ့သော မလေးရှားကိုယ်စားလှယ်အပေါ် စိတ်ဆိုး နေဆဲ။

အစည်းအဝေး အတော်များများတွင် တရုတ်ကိုယ်စား လှယ်က အခြားသူများနှင့်အတူ စိတ်ပါလက်ပါ ဆွေးနွေးသော အခါ မလေးရှားကိုယ်စားလှယ်သည် တရုတ်ကိုယ်စားလှယ် အား ရှင်းပြမိတ်ဖွဲ့ရန် ကြိုးစားပြန်သော်လည်း အချည်းနှီး။

ညီလာခံ ကိုယ်စားလှယ်များ အန်ကောဝပ်သို့ လေ ယာဉ်ဖြင့် လေ့လာရေးခရီး ထွက်ကြသောအခါ တရုတ်ကိုယ် စားလှယ်လည်း ပါသည်။ လေဆိပ်မှ အန်ကောဝပ်သို့ အကူး တွင် သယ်ယူပို့ဆောင်ရေး အချိန်မီမရောက် နောက်ကျ၍ ကိုယ်စားလှယ်များ လမ်းလျှောက်ကြရာ မောပန်းရေဆာကုန် ကြ၏။ တရုတ်ကိုယ်စားလှယ်လည်း တစ်ယောက်တည်း လမ်း လျှောက်လျက်ရှိသည်။

မလေးရှားကိုယ်စားလှယ်သည် သူ့ဘောင်းဘီအိတ်ထဲ မှာ လိမ္မော်သီးနှစ်လုံး ထည့်လာ၏။ သူ့မိတ်ဆွေများကို ဝေမျှ မကျွေးနိုင်ကြောင်း သူ့မျက်နှာ မကြည့်လိုသောသူကိုသာ

လိမ္မော် သီးမျှကျွေးမည့်အကြောင်း ပြောသည်။ မလေးရှား ကိုယ်စားလှယ်သည် တရုတ်ကိုယ်စားလှယ်ထံသွား၍ ..

"ခင်ဗျားတော့ မောပန်းနေပြီး ရေသိပ်ဆာနေမှာပဲ၊ ကျွန်တော့်မှာ လိမ္မော်သီးနှစ်လုံးပါတယ်၊ ခင်ဗျားကို တစ်လုံးခွဲ ပေးပါတယ်" ဟု ပြော၍ပေး၏။

တရုတ်ကိုယ်စားလှယ်သည် အားယူပြုံးရင်း လိမ္မော် သီးတစ်လုံးကို လက်ခံလိုက်၍ ကျေးဇူးတင်ကြောင်းပြော၏။ ထိုအခါမှစ၍ နှစ်ဦးသား မိတ်ဆွေဖြစ်သွားကြသည်။

မလေးရှားကိုယ်စားလှယ်သည် တရုတ်ကိုယ်စားလှယ် နှင့် ငြိမ်းချမ်းရေးလုပ်ခဲ့သည်ကို ပျော်ရွှင်ကြည်နူးလျက် သူ့ မိတ်ဆွေများထံ ပြန်လာကာ သူ့လက်ထဲမှာ ကျန်သော လိမ္မော် သီးမှာ ငြိမ်းချမ်းရေးလိမ္မော်သီးဖြစ်ကြောင်း ပြောပြပြီး အခွံ နွှာ၍ သူငယ်ချင်းများကို ငြိမ်းချမ်းရေး လိမ္မော်သီး ခွဲဝေကျွေး လေ၏။

ကိုယ်စားလှယ်နှစ်ဦးသည် အနှစ်နှစ်ဆယ်မျှ လူချင်း ကွဲသွားပြီး (၁၉၈၄)ခုနှစ်က သီရိလင်္ကာနိုင်ငံမှာ ပြန်တွေ့ကြ ၏။ မလေးရှားကိုယ်စားလှယ်က တရုတ်ကိုယ်စားလှယ်ကို

ကမ္ဘောဒီးယားနိုင်ငံ အန်ကောဝပ်မှာ ဆုံစည်းခဲ့ပုံ ပြန်လည် ဖော်ထုတ်ပြောကြားသည်။

တရုတ်ကိုယ်စားလှယ်ကလည်း ထိုစဉ်က သူအသက် ငယ်သေး၍ တကယ်စိတ်ဆိုးကြောင်း ဝန်ခံသည်။ မလေးရှား ကိုယ်စားလှယ်အား လိမ္မော်သီး တုံ့ပြန်သောအားဖြင့် အမေရိကန် ဒေါ်လာ (၅၀)တန် လှပသော စားပွဲခင်းလက်ဆောင် ပေး၏။ နှစ်ဦးသား ပို၍ ရင်းနှီးချစ်ကြည်သွားသည်။ မလေးရှားကိုယ်စားလှယ်ဆိုသူမှာ ဤဆောင်းပါးရေးသူပါတည်း။

ဝန်ခံချက် ။ ။ မလေးရှားနိုင်ငံထုတ် Voice of Buddhism 6/93 ပါ An Orange of Peace by Teh Thean Choo Malaysia ကို ပြန်ဆိုသည်။

(ရတနာမွန် ၁၁/၀၂)

# တို့သာသနာ တို့ဘာသာ ညီညာငါတို့ပြုကုန်စို့

"တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ပြုကုန်စို့" ရန်ကုန်မြို့၊ သုဝဏ္ဏ၊ သင်္ဃန်းကျွန်းမြို့နယ်ရှိ ချမ်းအေးရိပ်သာ ကျောင်းတိုက်မှ သသနာ့အမိဋ္ဌာန် ဖြစ်ပါသည်။

စာရေးသူသည် သုဝဏ္ဏ၊ ၉/က ရပ်ကွက်၊ သံသုမာ လမ်းပေါ်ရှိ ချမ်းအေးရိပ်သာကျောင်းတိုက်သို့ ၁၆-၅-၂၀၀၄ နေ့ကမှ ရောက်ဖူးရပါ၏။ အဋ္ဌမအကြိမ်မြောက် ဓမ္မစာဆို ပညာရှင်ကြီးများ ပူဇော်ပွဲနှင့် ပထမအကြိမ် ချမ်းအေးဓမ္မစာဆို

ပြိုင်ပွဲဆုချီးမြှင့်ပွဲ အခမ်းအနား တက်ရောက်ရန် ဖြစ်ပါသည်။ တက္ကသိုလ်စိုးယဉ်နှင့် ရေနံမြေမောင်ကြည်တို့က အဆိုပါအခမ်းအနား ဖိတ်ကြားလွှာပေး၍ ဆက်ဆက်တက်ရောက်ရန် တိုက်တွန်းကြ၏။ ယခင်နှစ်များက ဖိတ်ကြားပါလျက် ပျက်ကွက်ခဲ့ရသော ကျွန်တော်သည် ယခုနှစ်မှာတော့ တက်ဖြစ်သွားပါပြီ။

ကျောင်းဝိုင်းက ကျယ်ဝန်းလှသည်မဟုတ်သော်လည်း ကျောင်းအဆောက်အအုံ ဓမ္မာရုံ ဘုရားခန်းများ စနစ်တကျ ဆောက်ထားသည်ကို တွေ့ရပါ၏။

မကွေးတိုင်း၊ မြိုင်မြို့နယ်၊ ပေါင်းတည်ကျေးရွာ ဇာတိ ချမ်းအေးဆရာတော် ဘဒ္ဒန္တနာဂသေနာဘိဝံသထေရ်သည် သက်တော် (၁၃)နှစ်မှ (၂၄)နှစ်အတွင်း နိုင်ငံတော်အစိုးရ သာသနဓဇ ဓမ္မာစရိယဘွဲ့၊ မော်လမြိုင်မြို့ သုသမာစာရ ဓမ္မာစရိယဘွဲ့၊ မြင်းခြံမြို့ သဒ္ဓမ္မပါလ ဓမ္မာစရိယဘွဲ့၊ ရန်ကုန်မြို့ စေတီယင်္ဂဏ ဓမ္မာစရိယဘွဲ့၊ မန္တလေးမြို့ သကျသီဟဓမ္မာစရိယဘွဲ့ဟူ၍ (၅)ဘွဲ့ရခဲ့ပြီး သက်တော် (၂၄) မှ (၃၂)နှစ်ထိ မန္တလေး မိုးကုတ် ကမာရွတ်မြို့နယ် ရန်ကုန်မြို့တို့တွင် ပရိယတ္တိစာပေများ ပို့ချခဲ့ပါသည်။ သက်တော် (၃၃)နှစ်မှ (၃၅)နှစ်အထိ

မဟာစည်၊ မိုးကုတ်ဓမ္မရိပ်သာများတွင် ပဋိပတ္တိအလုပ် တရားအားထုတ်ခဲ့ပါ၏။ အသက် (၃၆)နှစ်အရွယ်တွင် သဃ်န်းကျွန်းမြို့နယ်၌ ချမ်းအေးရိပ်သာကျောင်းတိုက်ကို တည်ထောင်၍ မိုးကုတ်ဝိပဿနာတရားဟော တရားပြခဲ့သည်။ တရားစာအုပ်များလည်း ရေးသားခဲ့သည်။ သက်တော် (၄၅)နှစ်တွင် သထုံမြို့နယ် အနန်းကုန်းကျေးရွာသို့ ကြွ၍ (၅)နှစ်တိတိ တောရဆောက်တည်တရားအားထုတ်ခဲ့ပါ၏။

ထို့ကြောင့် ချမ်းအေးဆရာတော်ဘုရားသည် ပရိယတ္တိရော ပဋိပတ္တိပါ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံညီညွတ်နေပါသည်။ တစ်နည်းအားဖြင့် ဂန္ထဓူရ၊ ဝိပဿနာဓူရနှစ်ပါးစလုံး ပြည့်စုံလျက် ရှိပါသည်။ ဤကဲ့သို့ ပြည့်စုံရသည်မှာ ဓမ္မစာဆိုပညာရှင်ကြီးများ၏ ကျေးဇူးမကင်းဟု ခံယူထားသည့်အလျောက် ဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲကို ဆရာတော်က ဦးဆောင်ကျင်းပလာခဲ့သည်မှာ အဌမအကြိမ်တိုင်ခဲ့ပါပြီကော။ ဤမျှဖြင့် အားမရနိုင်သေး။ မိမိ၏ သက်တော် (၅၀)ပြည့် ရွှေရတုအခါ သမယ ယခုနှစ်တွင် ပထမအကြိမ် ချမ်းအေးဓမ္မစာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲပါ ထည့်သွင်းလိုက်ပြန်သည်။ သာသနာတော်

အတွက် အမြော်အမြင်ကြီးလှသော ဆရာတော်ပါပေ။

နှစ်စဉ် ဓမ္မစာဆိုပညာရှင်ကြီးများကို အလှည့်ကျ ပူဇော်ခဲ့ရာ ယခုနှစ် ပူဇော်ဂုဏ်ပြုခံ ဓမ္မစာဆိုပညာရှင်ကြီးများမှာ-

(၁) ဘဒ္ဒန္တဒေါက်တာကုမာရာဘိဝံသ
(ဖန်းမော် ဆရာတော်)
(ဒုတိယပါမောက္ခချုပ်၊
အပြည်ပြည်ဆိုင်ရာထေရဝါဒတက္ကသိုလ်)

(၂) ဦးပညာသာမိ (မာဂဓီ-သာစည်)
(အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓ)

(၃) ဦးပညိဿရာဘိဝံသ (အဂ္ဂမဟာပဏ္ဍိတ)

(၄) ပခုက္ကူ အရှင်ကေသရ (အဂ္ဂမဟာပဏ္ဍိတ)

(၅) ဘဒ္ဒန္တဓမ္မရက္ခိတ (ချောင်းဦးမောင်စန္ဒာ)

(၆) ဆရာကြီးပါရဂူ

(၇) ဆရာကြီး ဦးလေးကြီး ဦးတင်မောင်

(၈) ဆရာကြီး ဦးရွှေဥဩ

(၉) ဆရာကြီး သင့်ဘဝ ဦးရဲလွင်

(၁၀) ဆရာကြီး ဦးကောင်းထွန်း

(၁၁) ဆရာကြီး ဦးဟန်ငြေး (သုတေသန)

(၁၂) ဆရာကြီး မင်းသူရိန်

(၁၃) ဆရာကြီး ချောင်းဆုံအုန်းသွင်

(၁၄) ဆရာကြီး ဦးအုံ့မောင်
(မောင်အုံ့-မဟာဝိဇ္ဇာ- ဘုံဘော)

(၁၅) ဆရာကြီး ဦးသောင်းလွင်
(ဓမ္မာစရိယ၊ ဝင်္ဂသကာ၊ ဘီအေ)

(၁၆) ဆရာကြီး ဓမ္မာစရိယ ဦးမောင်မောင်လေး

တို့ ဖြစ်ပါသည်။ ယခုနှစ် ပူဇော်ကန်တော့ငွေမှာ တစ်ဦးလျှင် ကျပ်နှစ်သောင်းစီ ဖြစ်ပါသည်။

ပထမအကြိမ် ချမ်းအေးဓမ္မစာပေပြိုင်ပွဲဆုရ ပုဂ္ဂိုလ်များမှာ-

(၁) ပထမဆု သင်းအောင် (မဟာဓမ္မာစရိယ)
ကျပ် (၁) သိန်း

(၂) ဒုတိယဆု မင်းစော (တောင်သမန်)
ကျပ် (၇)သောင်း

(၃) တတိယဆု မောင်ချမ်းသာ (ထားဝယ်)

ကျပ် (၅)သောင်း

(၄) အထူးဆု ငှက်တောင်ပျံ (ဇင်းကျိုက်)

ကျပ် (၂)သောင်း

(၅) အထူးဆု ရှင်ငြိမ်းရှင် (ဇင်းကျိုက်)

ကျပ် (၂)သောင်း

တို့ဖြစ်ကြပြီး ပြိုင်ပွဲခေါင်းစဉ်မှာ ဓမ္မဂုဏ်ရည်ပါတည်း။

အခမ်းအနားတွင် ဝေမိုး(ကျွန်းလှ)၊ ချစ်ဦးညို၊ မြတ်နိုင်၊ မောင်ရန်ရှင်း၊ မောင်ခေတ်ထွန်းတို့က ပူဇော်ဂုဏ်ပြုခံ ဓမ္မစာဆို ပညာရှင်ကြီးများနှင့် ပရိသတ်ကို မိတ်ဆက်ပေးသလို ဓမ္မစာဆို ပညာရှင်ကြီးများ၏ အတ္ထုပ္ပတ္တိအကျဉ်းကို ဝေမိုး(ကျွန်းလှ)၊ သူရဇော်၊ မောင်ရင့်ကျူး (မြောင်းမြ)၊ တိုးထက်၊ ဒေါက်တာ လှမင်းတို့က ဖတ်ကြားကြပါသည်။

ဆရာချစ်ဦးညို၏ တင်ပြလျှောက်ထားချက်အရ ပထမ အကြိမ် ဓမ္မစာပေပြိုင်ပွဲကို စာမျက်နှာ (၄၀)မှ (၆၀)အတွင်း ယှဉ်ပြိုင်ကြရာ စာမူ (၄၂)ပုဒ်ရောင်ကြောင်း၊ အရေးအသား

**ပြေပြစ်မှု** (၂၀)၊ ပါဠိကို နေရာမှန် သုံးစွဲတတ်မှု (၂၀)၊ **ခေါင်း**စဉ်နှင့် ညီညွတ်မှု ရည်ရွယ်ချက် ပေါက်မြောက်မှု (၂၀)၊ ကိုးကားမှု (၂၀)၊ သဒ္ဒါတရားနှီးဆော်မှု (၂၀) စုစုပေါင်း **အမှတ်**(၁၀၀)ဖြစ်ကြောင်း၊ ထိုမှုဖြင့် ဆု(၅)ဆု ရွေးချယ်ခဲ့ကြောင်း၊ လာမည့်နှစ် ဒုတိယအကြိမ် ဓမ္မစာပေပြိုင်ပွဲခေါင်းစဉ်မှာ သာသနာပြုခြင်းဖြစ်ကြောင်း သိခဲ့ရပါသည်။

ဗန်းမော်ဆရာတော်က ဩဝါဒကထာ ချီးမြှင့်ရာတွင် **မကာရ**လောပကျေသော ဆရာတော်ခင်ကြီးဖျော်ကို ရှင်ဘုရင်**က ရွှေငွေ**လုပ်ငန်း ကျမ်းရေးရန် လျှောက်ထားပုံ၊ သိကြားမင်းက ဆရာတော်ထံလာ၍ ရေးတော့ရေးပါ လူသာမန်တွေသိအောင် မရေးပါနှင့်။ လောဘဇောတိုက်မှာ စိုးရသည်။ သာသနာဖျက်ရာ ကျမည်။ ပါရမီရှင်တွေ သိဖို့သာ ရေးပါဟု လျှောက်ထားပုံ၊ ထို့ကြောင့် ဆရာတော်က ဗေဒင်၊ ဆေး၊ ဓာတ်အနက်သုံးမျိုးထွက်သော အင်္ဂဝိဇ္ဇာဋီကာသုံးကျမ်းရေးခဲ့ပုံ၊ အတိတ်ဘဝက မကာရလောပဆရာတော်ဖြစ်ရပုံ၊ ယနေ့ ဗုဒ္ဓစာပေကို ချီးမြှောက်ထောက်ပံ့သူများအဖို့လည်း တူသောအကျိုးရနိုင်ပုံတို့ကို ထည့်သွင်းမိန့်ကြားသွားပါသည်။

မြတ်စွာဘုရားသည် (၄၅)ဝါပတ်လုံး သတ္တဝါတို့ အကျိုးအတွက် အခါမလပ် ဆောင်ရွက်ခဲ့ပုံ၊ အမျိုးသမီးဆိုလျှင် လူရာမသွင်းသည့်စနစ်ကို ဆန့်ကျင်၍ ဘိက္ခုနီခွင့်ပြုခဲ့ပုံ၊ ဇာတ်စနစ်ကို ဖျက်၍ အမျိုးဇာတ်မရွေး လက်ခံခဲ့ပုံ၊ လူပုဂ္ဂိုလ်တို့ အတွက် မင်္ဂလသုတ်၊ သိင်္ဂါလောဝါဒသုတ်၊ ပရာဘာဝသုတ်များ ဟောခဲ့ပုံ၊ သီရိဓမ္မာအသောကမင်းကြီး လောကအကျိုး သာသနာအကျိုး ဆောင်ရွက်ခဲ့ပုံ၊ ဆေးရုံဆေးခန်းများဖွင့်ခဲ့ပုံ၊ ကျောက်စာတိုင်တွေ စိုက်ထူခဲ့ပုံ၊ အသောက ကျေးဇူးကြောင့် သာသနာပြန့်ပွားခဲ့ပုံ၊ သာသနာပြုရာမှာ အသောကမင်းကြီးကို စံနမူနာယူသင့်ပုံများ လျှောက်ထားသွားသော ဆရာကြီးပါရဂူ ၏ စကားကလည်း အားရစရာ ကောင်းလှပါ၏။

ယနေ့ပေါင်းပြု ကောင်းမှုအစုစုအတွက် ပခုက္ကူအရှင် ကေသရဆရာတော်ထံမှ ရေစက်ချတရား နာယူကြပြီးနောက် 'တို့သာသနာ၊ တို့ဘာသာ၊ ညီညာငါတို့ ပြုကုန်စို့' ဟူသော သာသနာ့ အဓိဋ္ဌာန်သုံးကြိမ် ရွတ်ဆို၍ အခမ်းအနား ရုပ်သိမ်းပါသည်။ ဓမ္မဒါနအဖြစ် ဖြန့်ချိသော ချမ်းအေးဆရာတော် ရွှေရတုဘာဝခရီးစာစောင်လည်း ရရှိခဲ့ပါသည်။

နှစ်စဉ် ကျင်းပသွားမည့် ဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲနှင့် ချမ်းအေးဓမ္မစာပေပြိုင်ပွဲ ဆုချီးမြှင့်ရေးအတွက် မည်သူမဆို ငွေပဒေသာပင် စိုက်ထူကုသိုလ်ယူနိုင်ကြပါသည်။ စာရေးသူလည်း တတ်နိုင်သလောက် ပါဝင်လှူဒါန်းခဲ့ပါ၏။

ချမ်းအေးဆရာတော် ဦးဆောင်သည့် ဓမ္မစာဆိုပညာရှင်ကြီးများ ပူဇော်ပွဲနှင့် ချမ်းအေးဓမ္မစာပေပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဝမ်းမြောက်နှမော် သာဓုအကြိမ်ကြိမ် ခေါ်ဆိုလိုက်ပါကြောင်း။

(မဟောသီမဂ္ဂဇင်း ၉/၀၄)

# ညံ့ညံ့မှန်းသိ လူတော်ဖြစ်နိုင်၏

ကျွန်တော် ကမ္ဘာအေးတွင် နေစဉ်က ရပ်ကွက်ဆွမ်းလောင်းအသင်းမှာ ဆယ်နှစ်တာ ဝေယျာဝစ္စအမှုဆောင် လုပ်ခဲ့ဖူးပါသည်။ ပတ်ဝန်းကျင် ဘုန်းကြီးကျောင်းများ စာသင်တိုက်များသို့ ဝါတွင်းကာလ သံဃာတော်များ အရဏ်ဆွမ်း လောင်းလှူနိုင်ရေးအတွက် ဘုန်းကြီးပင့်ထွက်ရသည်။ ထို့ကြောင့် မရမ်းကုန်းမြို့နယ် (၉)ရပ်ကွက်အတွင်းမှာရှိသော ကမ္ဘာအေး၊ မဟာဂန္ဓာရုံ စာသင်တိုက်ကြီးများသို့ မကြာခဏ ရောက်ခဲ့ရပေ၏။ ပဓာန နာယကဆရာတော်မှာ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘွဲ့တံဆိပ်တော်ရ အရှင်သုမင်္ဂလာလင်္ကာရ ဖြစ်သည်။

လက်ချိုးရေတွက်၍ရသော တိပိဋကဓရ ဆရာတော်များထဲက ပထမဆုံး တိပိဋကမင်းကွန်းဆရာတော်ဘုရားကြီး ဦးဝိစိတ္တသာရာဘိဝံသ၊ ပခုက္ကူဆရာတော် ဦးနေမိန္ဒ၊ ပြည်ဆရာတော် ဦးကောသလ္လ (ရန်ကင်းပဋ္ဌာနိကာယ်ကျောင်းတိုက်) တို့ ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ကြသလို (၂၀၀၆)ခုနှစ်အတွင်းမှာလည်း ကမ္ဘာအေး မဟာဂန္ဓာရုံဆရာတော် အရှင်သုမင်္ဂလာလင်္ကာရ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက အဂ္ဂမဟာပဏ္ဍိတ Ph.D သည် ဘဝနတ်ထံ ပျံလွန်တော်မူခဲ့ပြန်ပါပြီ။ ထေရဝါဒဗုဒ္ဓသာသနာတော်အတွက် ရောမဆုံးရှုံးမှုကြီး ဖြစ်ပါပေ၏။

အရှင်သုမင်္ဂလာလင်္ကာရ၏ မြားမြောင်လှစွာသော ဩဝါဒများထဲက ကျွန်တော် အကြိုက်တွေ့တာတစ်ခုကတော့-

"ညံ့ ညံ့မှန်းသိ၊ လူတော်ဖြစ်နိုင်၏
ညံ့ဖျင်းလျက်ပင်၊ တော်တယ်ထင်
ဖျင်းမြဲ ဖျင်းမည်ပင်" ဖြစ်ပါသည်။

လူ၏ ပင်ကိုဉာဏ်မှာ တစ်ဦးနှင့်တစ်ဦး မတူညီကြပါ။ ဉာဏ်ထက်သူရှိသလို အားနည်းချက်ရှိသူလည်း မနည်းပေ။ ကြိုးစားအားထုတ်မှုချင်း တူလျှင် ဉာဏ်ထက်သူက သာသည်။

သို့သော် ကြိုးစားအားထုတ်မှုရှိသော ဉာဏ်ထိုင်းသူသည် ကြိုးစားအားထုတ်မှုမရှိသော ဉာဏ်ထက်သူကို ဖြတ်ကျော်သွားနိုင်၏။ ယုန်နှင့်လိပ် အပြေးပြိုင်ရာတွင် မြန်သောယုန်ကို နှေးသောလိပ်က ဖြတ်ကျော်ပန်းဝင် အနိုင်ရသွားသည့် ပုံပြင်ရှိပါသည်။

ဝီရိယအကျိုး ကံ၏ထက်ဝက်ဟု ဆိုရိုးစကား ထင်ရှားရှိသည်။ ထကြွလုံ့လ ဝီရိယရှိပြီး ကြိုးစားအားထုတ်လျှင် အကျိုးရှိမည်မှာ မလွဲပါ။

အချို့ ကိုယ့်ကိုယ်ကို အထင်ကြီး ဘဝင်မြင့်တတ်ကြ၏။ သိလှပြီ တတ်လှပြီဟု ထင်ကြ၏။ အဆန်မပြည့်၍ ထောင်နေသည့် စပါးနှံလို ဘဝင်မြင့်လိုက်ကြ၏။ တကယ်တမ်း ရင်ဆိုင်ရသည့်အခါကျမှ အရှက်ရကြသည်။ ဤသည်မှာ ကိုယ်ညံ့မှန်းမသိသည့် လူစားမျိုး ဖြစ်၏။ ကိုယ်တော်သည်ဟု အခြောက်တိုက် ထင်နေသူများ ဖြစ်၏။ ငါအကုန်သိသည်ဟု ဆိုသူပင် မရှား။ ဘဝင်မြင့်၍ ရှုံးသွားသောသာဓကများလည်း ရှိ၏။

ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းသူများ ဂရိပညာရှင်

ဆိုကရေးတီး၏ထုံးကို နှလုံးမူစေချင်ပါဘိ။ ပညာပြည့်ဝသည့် ဆိုကရေးတီးက ယခုလို နှိမ့်ချပါသည်။

"I Know only one thing. That is I know nothing."

"ငါသိတာ တစ်ခုပဲရှိတယ်၊ အဲဒါကတော့ ငါ ဘာမှ မသိသေးဘူး"

ကိုယ့်ကိုယ်ကို ပြည့်စုံပြီဟု ထင်နေသူများ ထပ်ဖြည့်ဖို့ စိတ်မကူးကြသဖြင့် ကျန်ရစ်ခဲ့မည်။ ခွက်မှောက်ထားသူများနှင့် တူ၏။ ငါ မသိသေးဘူး၊ မပြည့်သေးဘူးဟု ခံယူထားသူများက ခွက်လှန်ထားသူများနှင့်တူပြီး ရနိုင်သမျှ အသိဉာဏ်၊ ဗဟုသုတတွေ ဖြည့်ဆည်းကြ၊ ဉာဏ်သစ်လောင်းကြသဖြင့် ပို၍ ပို၍ ပြည့်စုံရင့်ကျက်လာကြသည်။ ဘယ်သူမှ မပြည့်စုံနိုင် "Nobody is perfect. Nothing is final." ဟူသော သဘောတရားအရ ဘဝတစ်သက်သာ သင်ယူသူ Life Long Learner အဖြစ် ခံယူထားနိုင်မှ တော်ကာကျမည်။

ကိုယ်ညံ့သည့်အပိုင်းကို ဦးစွာသိဖို့လို၏။ ကျောင်းသားဖြစ်လျှင် ဘယ်ဘာသာမှာ ညံ့သလဲ၊ မြန်မာစာလား အင်္ဂလိပ်စာလား သင်္ချာလား ကျက်စာလား တွက်စာလား ဝိဇ္ဇာလား

သိပ်ပွဲလား ညံ့သည့်ဘာသာသိလျှင် ပို၍ ဝီရိယစိုက်ထုတ် လေ့လာဖတ်ရှု ကျက်မှတ်ရပေမည်။ ဆရာကို ချဉ်းကပ်မေးမြန်း ရပေမည်။

ဘာသာစကားဆိုလျှင် အပြောမှာ ညံ့သလား၊ အရေးမှာညံ့သလား၊ အဖတ်မှာ ညံ့သလား၊ နားထောင်မှုမှာ ညံ့သလား၊ ညံ့သည့်အပိုင်းကို ဖိ၍ ကုစားရပေမည်။

ညံ့သည့်အပိုင်းကို ဖိ၍ ကုစားပြုပြင်သွားသူများထဲက အောင်မြင်ကျော်ကြား လူသိများသော စာပေပညာရှင်များ၊ ဂီတပညာရှင်များ၊ အနုပညာသည်များ၊ ကချေသည်များ၊ သရုပ်ဆောင်များ၊ ဒါရိုက်တာများ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ စစ်ရေး နိုင်ငံရေးခေါင်းဆောင်များ ပေါ်ထွန်းခဲ့သည်မှာ မနည်းတော့ပါပြီ။ ဖြတ်လမ်းလိုက် အချောင်အောင်မြင်သူဟူ၍ မရှိပါချေ။

ပထမဆုံး မြန်မာနိုင်ငံ ပုဂံခေတ်က ရဟန်းကြီး ဦးကျည်ပွေ့ ဆိုပါစို့။ စာမတတ်၍ ပြည့်ရှင်ဘုရင်၏ ကဲ့ရဲ့ခြင်းကို ခံရသောအခါမှ ကိုယ်ညံ့ဖျင်းမှန်းသိပြီး တစ်နေ့လျှင် တံပူ တစ်ထောက်စာ စာကျက်ရာ ကျည်ပွေ့အတတ်ပေါက်သလို

ပိဋကတ်အကျော် ရှင်ဒိသာပါမောက်ဘဝသို့ ရောက်ခဲ့ပေသည်။

မျက်မှောက်ခေတ်တွင် နယူးယောက်မြို့မှ နာမည်ကျော် မက်ထရိုပိုလီတန်အော်ပရာအဖွဲ့ကြီးက ပြုလုပ်သောအဆို၊ အက သရုပ်ဆောင်ရွေးပွဲတွင် ပြိုင်ပွဲဝင်သူ အမျိုးသမီးတစ်ဦးသည် အရေးနိမ့်၍ စိတ်ဓာတ်ကျနေ၏။ ဤလောကဝင်ရန် ဒေါ်လာငွေထောင်ချီ ချေးငှားရင်းနှီးခဲ့ပါလျက် သဲထဲရေသွန်ဖြစ်ရလေခြင်းဟု ခံစားမိသည်။ ကိုယ်တော်ပါလျက် အဆက်အသွယ်မကောင်း၍သာ အရွေးမခံရတာဟူ၍ အထင်မှားနေ၏။ ထိုစဉ် မက်ထရိုပိုလီတန်မှ အထွေထွေမန်နေဂျာက ဤသို့ဖုန်းဆက်သည်။

“ငါ မင်းရမယ်ထင်နေတာ၊ ဒါပေမယ့် အခုအရွေးခံရတဲ့ ကောင်းမလေးက အတွေ့အကြုံပိုရှိတယ်”

သူမ၏ နည်းပြဆရာမကလည်း ဤကဲ့သို့ ဆုံးမလမ်းညွှန်သည်။

“သမီး၊ ကိုယ့်အားနည်းချက်ကို ကိုယ်ရဲရဲရင်ဆိုင်တတ်တဲ့ သတ္တိ မွေးစမ်းပါ”

ဤပုဂ္ဂိုလ်နှစ်ဦး စကားကြားခါစက နားခါး ဘဝင်

မကျ ဖြစ်မိလေ၏။ သို့သော် တစိမ့်စိမ့် ပြန်စဉ်းစားတော့မှ ကိုယ့်အားနည်းချက်၊ ချို့ယွင်းချက်တွေ တွေ့လာသည်။ ဆရာမ က အနီးကပ်သင်ကြားပြသလို ကိုယ်တိုင်ကလည်း ကြိုးစား အားထုတ်လေ့ကျင့်ရာမှ အောင်မြင်ကျော်ကြားသော အနုပညာ ရှင် ကြယ်တစ်ပွင့် ဖြစ်သွားခဲ့လေပြီ။

မိမိကိုယ်ကို လိုအပ်သလို ပြုပြင်ရန် အရေးကြီးလှပေ သည်။ ကိုယ့်အားနည်းချက်သိပြီး လေ့ကျင့်ပြုပြင်မှ အောင်မြင် မှုပန်းတိုင် ရောက်နိုင်သည်။ အင်္ဂလိပ်ဆိုရိုးစကား "Practice makes perfect" လေ့ကျင့်မှုသာ ပြည့်စုံရာ၏ဟူသည်ကို အောင်မြင်လိုသူများ လက်ကိုင်ထားကြပါဟူ၍။

Ref: Advice R-D 8-1955

(ငွေတာရီ ၄/၀၇)

# အမျိုးသမီးထဲက မဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ရ ကမ္ဘာလှည့်တင်တင်စိန်



မရမ်းကုန်းမြို့နယ် (၇)မိုင် နေ ကမ္ဘာ့လှည့် တင်တင်စိန် ကို ကောင်းစွာရင်းနှီးပါ သည်။ စာပေဟောပြောပွဲ နှင့် ရေးသူဖတ်သူ ဆွေးနွေး ပွဲများတွင် ဆုံနေကျ။ သူ့ကို

ကြည့်လိုက်လျှင် အမြဲတမ်း ယောဂီဝတ်စုံနှင့်။

(၁၃-၂-၂၀၀၅)နေ့က ဦးခင်ဇော် (မရမ်းကုန်း) စီစဉ်သည့် စာချစ်သူတို့ ဆုံစည်းရာပွဲတွင် စာရေးသူက ပညာတန်ဆောင်အကြောင်း သိကောင်းစရာကို ဆွေးနွေးနေစဉ် ဒေါ်တင်တင်စိန်သည် နိုင်ငံခြားသူ အမျိုးသမီးတစ်ယောက်နှင့်အတူ ဝင်ရောက်လာ၏။ ယခုပင် လေဆိပ်မှာ ကြိုလာခဲ့သော ဂျာမန်အမျိုးသမီးဖြစ်ကြောင်း မော်လမြိုင် ဖားအောက်တရားစခန်းသို့ ပို့ပေးရမည်ဖြစ်ကြောင်း ပြော၍ မိတ်ဆက်ပေးပါသည်။ ကျွန်တော်ကလည်း စာရေးဆရာ သတင်းစာဆရာများ ဦးဆောင်၍ စာပေချစ်မြတ်နိုးသူများ အပြန်အလှန်ဆွေးနွေးကြသည့်ပွဲဖြစ်ကြောင်း ဂျာမန်အမျိုးသမီးကိုလည်း စာချစ်သူအနေဖြင့် ပါဝင်ဖို့ ဖိတ်ခေါ်ပါကြောင်း အင်္ဂလိပ်လို ပြောလိုက်ပါသည်။

ထိုနေ့က စာချစ်သူတို့ ဆုံစည်းပွဲတွင် စာရေးသူအပါအဝင် ဖတ်စရာဂျာနယ် အယ်ဒီတာချုပ် ဆရာအောင်ပြည့် (ယခုကွယ်လွန်)၊ လယ်ယာစီးပွားဂျာနယ် အယ်ဒီတာချုပ် ဆရာမြတ်စိုး (လှိုင်)၊ မောင်တွေးထက် (သတင်း)တို့ ဦးဆောင်ဆွေးနွေးသည်ကို ထိုဂျာမန်အမျိုးသမီးက စိတ်ဝင်တစား နား

ထောင်သည်။ ဓာတ်ပုံတွေလည်း တဖျပ်ဖျပ်ရိုက်သည်။ ဒေါ်တင် တင်စိန်က သူ့ကို တောက်လျှောက် အင်္ဂလိပ်လို စကားပြန် လုပ်ပေးနေရပါ၏။

မြန်မာနိုင်ငံ တရားစခန်းများသို့ ဒေါ်တင်တင်စိန် ပို့ ဆောင်ဆက်သွယ်ပေးသည့် ယောဂီပေါင်း (၈၀၀၀) ရှိပြီဖြစ်ရာ အဆိုပါ ဂျာမန်အမျိုးသမီးအပါအဝင် ဖြစ်ပါသည်။ ဒေါ်တင် တင်စိန်ဟောပြောမှုကို သဘောကျသဖြင့် ကမ္ဘာအရပ်ရပ်မှ ဗုဒ္ဓဘာသာဝင် ဖြစ်လာသူအပေါင်းမှာ (၆၀၀၀၀)ကျော်ပြီဟု သိရှိရပါ၏။

ဒေါ်တင်တင်စိန်သည် ထောင်ပိုင်ကြီး ဦးစကင်းနား၊ ဒေါ်ကယ်ရီလိုင်းနား (ခ) ဒေါ်လှမေတို့၏ တစ်ဦးတည်းသော သမီး၊ ငယ်နာမည် ပန်းမာလာ (Pameia) ဖြစ်ပြီး သရက်မြို့မှ (၁၉၅၃)ခုနှစ်တွင် တက္ကသိုလ်ဝင် (၁၀)တန်းစာမေးပွဲကို ပထမ ဆင့်မှ အောင်မြင်ခဲ့သည်။ ငယ်စဉ်က အားကစားထူးချွန်ခဲ့သူ ဖြစ်သည်။ (၁၉၅၅-၅၆)ခုနှစ်တွင် ခင်ပွန်းသည် သစ်တော အရေးပိုင် ဦးဘတုတ်နှင့်အတူ မော်တော်ဆိုင်ကယ်ဖြင့် ခရီး ကြမ်း ကမ္ဘာပတ်ခဲ့ရာ (၁၂) လကြာပြီး (၂၉)နိုင်ငံ ရောက်ခဲ့ သည်။ အာရှမှ ပထမဆုံး ကမ္ဘာလှည့်ခရီးသည် (First Asian

Global Tourist) အဖြစ် အိန္ဒိယဝန်ကြီးချုပ် ဂျဝါဟာလာနေရူး၏ (၂၆-၁-၅၆)နေ့တွင် ဂုဏ်ပြုခြင်းခံခဲ့ရ၏။

(၁၉၅၇) မှ (၆၁)ထိ စစ်တွေမြို့တွင် အထက်တန်းပြ ဆရာမ၊ ကင်းထောက်နှင့် ကြက်ခြေနီဥက္ကဋ္ဌအဖြစ် ထမ်းဆောင်ခဲ့သည်။ (၁၉၆၃)တွင် ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ငွေစာရင်းဌာနတွင် အမှုထမ်းခဲ့သည်။ (၁၉၆၆) မှ (၁၉၇၄)ထိ လုပ်သားများကောလိပ် ဒဿနိကဗေဒ၊ သမိုင်း၊ အင်္ဂလိပ်စာဌာနများတွင် အချိန်ပိုင်းနည်းပြ အားကစားဆရာမ ညနေပိုင်းဆရာမ တာဝန်များ ထမ်းဆောင်ခဲ့သည်။ (၁၉၆၉)မှ (၁၉၇၄) ထိ သစ်လုပ်ငန်းကော်ပိုရေးရှင်း ဒုမန်နေဂျာ (ငွေစာရင်း) ရာထူးများတွင် အမှုထမ်းဆောင်ခဲ့သည်။

စွန်းလွန်းဝိပဿနာကို ထိရောက်စွာ အားထုတ်ခဲ့သည့် ကျေးဇူးကြောင့် B.A (Eco), R.A (Full Fledge). M.A (Final), SAS (Grade III), ICMA (Lond). TFA (London) စာမေးပွဲများကို အခက်အခဲမရှိ ထူးချွန်စွာ အောင်မြင်ခဲ့ကြောင်း သိရပါ၏။

ဒေါ်သိန်းဆိုင် (မမြတ်လေး) က တိုက်တွန်း၍ တက္ကသိုလ် စာမေးပွဲတစ်ခု ဖြေဆိုနေစဉ် မိမိအား ဆရာမဟူ၍ လာနှုတ်ဆက်သူ ကြီးကြပ်ရေးမှူးဆရာမှာ တစ်ချိန်က မိမိ

တပည့်ဖြစ်နေကြောင်း၊ ယခုအခါ ထိုသူမှာ ရူပဗေဒပါမောက္ခ ပင် ဖြစ်နေကြောင်း၊ ဆရာမကြီးက စာရေးသူအား ပြောပြ ပါသည်။

(၁၉၈၄)ခုနှစ်တွင် ကုလသမဂ္ဂဖော်လန်ဒီယာအမှုထမ်း ခွင့် လျှောက်ထားရာ ဆိုမာလီပြည် ဇာဟီဟီကျွန်းသို့ သုံးကြိမ် သွားရောက် အမှုထမ်းခွင့်ရခဲ့၏။

ယခုအခါ ဒေါ်တင်တင်စိန်သည် နိုင်ငံတကာသို့



ကမ္ဘာအနှံ့ ခရီးထွက်၍ ဗုဒ္ဓသာသနာ ထွန်းကားပြန့်ပွားစေခြင်း ငှာ ရဟန်း၊ သီလရှင်၊ လူပုဂ္ဂိုလ်များအား အင်္ဂလိပ်ဘာသာဖြင့် အခမဲ့ပို့ချ သာသနာပြုလျက် ရှိနေပါ၏။

ဒေါ်တင်တင်စိန်သည် ကမ္ဘာလှည့်အတွေ့အကြုံစာအုပ်များ ရေးသားထုတ်ဝေခဲ့ရာ (၁၁)အုပ်ရှိပြီဖြစ်၏။ ဆိုင်ကယ်တစ်စီးဖြင့် ကမ္ဘာပတ်ခဲ့သည့် စွန့်စားမှုခရီးအဖြစ် ငွေကမ္ဘာ(၄)အုပ်၊ ကမ္ဘာလှည့်ဓမ္မခရီးအဖြစ် ပြောပြစမ်းချင် (၇)အုပ်တို့ဖြစ်သည်။ ၄င်းတို့မှာ မရှိုမတစ်ခွင်၊ ကမ္ဘောဒီးယားတစ်ခွင်၊ ဂျပန်တစ်ခွင်၊ နီပေါ+ဥရောပ+အင်္ဂလန်+သီရိလင်္ကာ+စင်ကာပူ တစ်ခွင်တို့ ဖြစ်ပါ၏။

ဒေါ်တင်တင်စိန်က မိမိသည် သစ်တော်အရေးပိုင်ကတော်ဆိုပြီး မာနကြီးခဲ့ဖူးရာ စွန်းလွန်းဝိပဿနာတရား အားထုတ်သည့် ကျေးဇူးကြောင့် မာန်ကျသွားကြောင်း၊ (၁၀)ရက် (၁၀)ည နိသဇ္ဇမုတင်ဆောင်ပြီး စွန်းလွန်းဝိပဿနာတရား အားထုတ်ခဲ့ကြောင်း၊ အီတလီဘုန်းတော်ကြီး ဦးလောကနာထ မြန်မာနိုင်ငံ ပြန်လာစဉ် တိုက်တွန်းသဖြင့် သက်သတ်လွတ်စားသည်မှာ (၃၅)နှစ်ရှိပြီဖြစ်ကြောင်း ဆရာတော်က လမ်းလျှောက်နေတဲ့ သင်္ချိုင်းကုန်း (You are walking cemetery) ဟူ၍လည်း သတိပေးခဲ့ကြောင်း၊ (၁၉၉၉)ခုနှစ်က ဗြိတိန် ထပ်ရောက်သောအခါ မေတ္တာ၊ သဒ္ဓါတရား ကိန်းအောင်းသော မြန်မာနိုင်ငံ၏ သဘာဝ၊ ဗုဒ္ဓဘာသာ ကမ္မဋ္ဌာန်းတရားစခန်းများ၏ အနေ

အထား၊ လူမျိုးဘာသာမရွေးကို ကြိုဆိုပုံတို့ကို အင်္ဂလိပ်လို အသံလွှင့်ဟောပြောခဲ့ကြောင်း၊ ယိုးဒယားက မိမိကို သူတို့နိုင်ငံသားလုပ်ပြီး ဘန်ကောက်မှာပဲနေဖို့ ပြောတော့ ကျွန်မနိုင်ငံက ကျွန်မကို ပိုပြီးလိုအပ်ပါတယ်။ "My country needs me more" ဟု ပြောခဲ့ရကြောင်း၊ နယ်သာလင်ရောက်စဉ်က ကမ္ဘာပေါ်မှာ ဗုဒ္ဓဟာ အကြီးကျယ် အမြင့်မြတ်ဆုံး ဒဿနပညာရှင် "Buddha is the greatest Philospher on earth" ဟု အစချီပြီး ဝိပဿနာတရားအားထုတ်နည်းနှင့် အကျိုးကျေးဇူးဟောရာ မိမိတရားကို သဘောကျပြီး ဒေါ်လာတွေ စုပေါင်းလှူကြောင်း၊ လက်မခံဘဲ ဝိဟာရကို ပြန်လှူခဲ့၍ အံ့သြနေကြကြောင်း၊ နိုင်ငံခြားမှာ ကိုယ်က တရားပဲဟောပြီး ကိုယ်သိတာမျှဝေပေးခြင်းသာဖြစ်ကြောင်း၊ လူမှုရေးများလည်း ဝါသနာပါ၍ ဆောင်ရွက်ခဲ့ရာ စမ်းချောင်းမြို့နယ်၌ မနော‌ရမ္မ ပညာဒါန လုပ်ခဲ့သည်မှာ (၇)နှစ်ရှိပြီဖြစ်ကြောင်း၊ အင်္ဂလိပ် ဂျာမန် ပြင်သစ်စသော (၉) ဘာသာ သင်ပေးသည့်နေရာဖြစ်ကြောင်း ရခိုင်၊ နာဂ၊ ကော့သောင်း ရှမ်းပြည်နယ် မိဘမဲ့ကျောင်းများကိုလည်း ထောက်ပံ့ကြောင်း၊ လှိုင်မေတ္တာ ဝါဒီကျောင်းကိုလည်း နိုင်ငံခြားသားများအား ခေါ်ပြလေ့ရှိကြောင်း၊ ထိုကျောင်းမှ ကလေးများက

မိမိကိုလာ၍ဖက်လေ့ရှိကြောင်း၊ သူတို့ခမျာ မိဘမေတ္တာမဲ့နေကြ ကြောင်း၊ နာဂတောင်တန်းသို့ မိမိခရီးသွားလေ့ရှိသည်မှာ (၅) နှစ်ရှိပြီဖြစ်ကြောင်း၊ တနိုင်းက မိဘမဲ့ကလေး ဂျူလီယာကို မိမိစရိတ်နှင့် ခေါ်ယူ၍ နာဂလိုဏ်ဂူကျောင်းမှာ အပ်ပေးရာ ယခုနှစ် ရှစ်တန်းရောက်ပြီဖြစ်ကြောင်း စသည်ဖြင့် ဒေါ်တင်တင် စိန်၏ ပြောစကားများအား နားထောင်၍မဝပါ။

ဤသို့လျှင် ဗုဒ္ဓ သာသနာ ထွန်းကားပြန့်ပွားရေးနှင့် လူမှုရေး စွမ်းစွမ်းတမံ ဆောင်ရွက်သူ ဒေါ်တင်တင်စိန်အား နိုင်ငံတော်အစိုးရက သာသနာပြု ဒုတိယအဆင့် မဟာသဒ္ဓမ္မ ဇောတိကဓဇဘွဲ့ကို (၁၃၆၇)ခု၊ တပေါင်းလပြည့်နေ့ (၁၃-၃-၂၀၀၆)က ကမ္ဘာအေး မဟာပါသာဏလိုဏ်ဂူ၌ ချီးမြှင့်ခဲ့ သည်။ ဤသာသနာပြုဘွဲ့ကို ရဟန်းတော်များ၊ သီလရှင်များ နှင့် လူပုဂ္ဂိုလ်အမျိုးသားများအား ချီးမြှင့်ခဲ့ပေါင်းများသော်လည်း အမျိုးသမီးထဲကမူ ဒေါ်တင်တင်စိန် ပထမဆုံးဖြစ်၍ ဂုဏ်ယူ ရပါသည်။ ရှေ့ဆက်၍ သက်ရှည်ကျန်းမာ သာသနာပြုနိုင်စေ ကြောင်း အများအကျိုး ဆောင်ရွက်နိုင်ပါစေကြောင်း ဆုမွန် ကောင်း တောင်းရပါသည်။

(မဟေသီမဂ္ဂဇင်း ၁၀/၀၆)

## မေတ္တာရှေ့ထား အမျက်ဖြေတရား

မြတ်စွာဘုရားက အဘိဓမ္မာ ပဋ္ဌာန်းဒေသနာတော်မှာ (၂၄)ပစ္စည်းအကြောင်းပြုပြီး အကျိုးတရားတွေ ဖြစ်ပေါ်တာကို အကွက်စေ့စေ့ ပြည့်စုံအောင် ဟောကြားတော်မူခဲ့ပါတယ်။ (၂၄)ပစ္စည်းမှာ ဟေတုပစ္စယောက ထိပ်ဆုံးကပါ။ လောဘ (လိုချင်တပ်မက်မှု)၊ ဒေါသ (ရန်လိုစိတ်ဆိုး မုန်းတီးမှု)၊ မောဟ (တွေဝေမှု၊ မသိမှု)၊ အလောဘ (လှူဒါန်းပေးကမ်းစွန့်ကြဲမှု)၊ အဒေါသ (မေတ္တာသက်ဝင် ချစ်ခင်မှု)၊ အမောဟ (သိမှု)ဆိုတဲ့ ဟိတ် (၆)ပါးအကြောင်းပြု၍ အကျိုးတရား အကောင်း အဆိုးတွေ ဖြစ်ပေါ်စေတာပါ။

ဒီဆောင်းပါးမှာ ဒေါသနဲ့ အဒေါသတဆိုတဲ့ ဟိတ်(၂) ပါးကိုပဲ ခေါင်းပေးတင်ပြ ဆွေးနွေးချင်တာပါ။ ခိုက်ရန်ဖြစ်ပွားမှု၊ အဓိကရုန်းဖြစ်မှု၊ ဆူပူအုံကြွမှု၊ အစုအပြုံလိုက် သတ်ဖြတ်မှု၊ နိုင်ငံပျောက် လူမျိုးတုံးစေလိုမှု၊ ဖမ်းဆီးထောင်ချမှု၊ လူတွေ သေကြေပျက်စီးအောင် မိုင်းထောင် ဗုံးခွဲမှု၊ ပြည်တွင်းစစ် / နိုင်ငံချင်းစစ်ပွဲ ကြီး / ငယ်များဖြစ်ပွားမှု အစရှိတဲ့ ဆိုးကျိုးများရဲ့ အဓိကအကြောင်းရင်းဟာ ရန်လိုမုန်းတီးမှု (ဒေါသ)ပါပဲ။

လူအချင်းချင်း သင့်မြတ်စွာ နေထိုင်မှု၊ အပြန်အလှန် ကူညီရိုင်းပင်းစောင့်ရှောက်ရေး ဘေးအန္တရာယ်ကင်းစေမှု၊ သူတစ်ပါးကို ချမ်းသာပျော်ရွှင်အောင်မြင်စေလိုမှု၊ ငြိမ်းချမ်းရေး ရရှိမှုအစရှိတဲ့ ကောင်းကျိုးတွေဟာ အဒေါသကို အကြောင်းခံလို့ပဲ။ အဒေါသရဲ့ တရားကိုယ်က မေတ္တာတရားပဲ။ မိမိနဲ့ ထပ်တူ သူတစ်ပါးကို ကောင်းစားစေချင်၊ ချမ်းသာပျော်ရွှင်စေချင်၊ ကြီးပွားတိုးတက်စေချင်၊ အနှောင်အဖွဲ့မှ လွတ်ကင်းစေချင်၊ အန္တရာယ်ကင်း ဘေးရှင်းစေချင်၊ ပင်ကို စွမ်းရည်ကို ထုတ်ဖော်ပြသမျှဝေစေချင်၊ သက်ရှည်ကျန်းမာ လိုရာဆန္ဒ

ပြည့်စေချင် … အစရှိတာတွေဟာ မေတ္တာတရားရဲ့ သဘောထားတွေပဲ၊ အဒေါ်သဟိတ်ပေါ့။

ပေလေးပင် ရှင်လေးပါး သိုက်ဝင် ရှင်မဟာသီလဝံ သရေးခဲ့တဲ့ ပါရာယနဝတ္ထု (ပထမဆုံး မြန်မာစကားပြေဝတ္ထု) ထဲမှာ မြတ်စွာဘုရားရဲ့ လက်ျာတော်ရံ၊ အဂ္ဂမဟာသာဝက ပညာအရာဧတဒဂ်ရ အရှင်သာရိပုတ္တရာရဲ့ လက်သုံး အမျက်ဖြေတရားငါးပါးကို ဖတ်ရှုမှတ်သားရပါတယ်။ လိုရင်းအနှစ်ချုပ်ကတော့ -

(၁) ကိုယ်အမူအရာမကောင်း၊ နှုတ်ထွက်စကားသာကောင်းသူဖြစ်ပါက နှုတ်ထွက်စကားကို နှလုံးမူပြီး အမျက်ရန်ငြိုးဖြေပါ။

(၂) ကိုယ်အမူအရာကောင်းပြီး နှုတ်ထွက်စကားမကောင်းသူဖြစ်ပါက ကိုယ်အမူအရာကောင်းသည်ကို အကြောင်းပြုပြီး အမျက်ရန်ငြိုးဖြေပါ။

(၃) ကိုယ်အမူအရာလည်း မကောင်း၊ နှုတ်ထွက်စကားလည်း မကောင်းသူကို တစ်ခါတရံ နှလုံးကြည်ခြင်း အကြောင်းပြုပြီး အမျက်

ရန်ငြိုး ဖြေပါ။

(၄) ကိုယ်အမူအရာလည်း မကောင်း၊ နှုတ်ထွက်စကားလည်း မကောင်းသည့်အပြင် ရန်ဖန်မှုနှလုံးကြည်ဖွယ်မရှိသူကို ပစ္စုပ္ပန်သံသရာ၌ ခဲယဉ်းလေစွတကားဟု သနားပြီး အမျက်ရန်ငြိုး ဖြေပါ။

(၅) ကိုယ် နှုတ် နှလုံး သုံးပါးစုံကောင်းသူကို အမျက်ရန်ငြိုးဖြေဖို့ အထူးပြောစရာ မရှိပါ

တို့ ဖြစ်ပါတယ်။

လူမှုဆက်ဆံရေးမှာ လူအချင်းချင်း တစ်ဦးစီရဲ့ ကိုယ်နှုတ် နှလုံး အမူအရာသုံးမျိုးထဲက ကောင်းတာတစ်ခုကိုပဲကြည့်ပြီး အပြန်အလှန် အကောင်းမြင် ခွင့်လွှတ်တတ်ရင် သင့်မြတ်အဆင်ပြေကြမှာ ဖြစ်ပါတယ်။ ကောင်းတာကိုပဲ ရှာကြည့်တာကို အကောင်းမြင်ဝါဒ (Optimism) လို့ ခေါ်ပါတယ်။ Look at the bright side ရယ်လို့ အင်္ဂလိပ်ဆိုရိုးစကားလည်း ရှိတယ်။ တောက်ပတဲ့ဘက်ကို ကြည့်ပါလို့ အဓိပ္ပာယ်ရတယ်။ ချို့ယွင်းအားနည်းချက်ကိုသာ ရှာပြီး အပြစ်ဆိုနေရင် အဆိုးမြင်ဝါဒ

(Pessimism) လို့ ခေါ်ပါတယ်။ မှောင်တဲ့ဘက်ကိုပဲကြည့်ကာ Looking at the dark side ဖြစ်သွားပြီပေါ့။

ဆရာတပည့် ဆက်ဆံရေးမှာ တပည့်အပြစ်ရှိရင်တောင် ကွယ်ရာခေါ်ဆုံးမဖို့ လူပုံအလယ်မှာတော့ ကောင်းတာရှာ ချီးကျူးပေးဖို့ အင်းဝခေတ် ရဟန်းစာဆိုရှင်မဟာရဋ္ဌသာရက ကိုးခန်းပျို့မှာ ဒီလိုဆိုခဲ့ပါတယ်။

"တစ်ရံတစ်ဆစ်၊ အပြစ်အနှာ၊ ရှိသောခါမူ၊ ကွယ်ရာခေါ်၍၊ ဆုံးမလေ့၏။ သူ့ရှေ့သူ့မှောက်၊ ပွဲပြင်ရောက်မူ၊ မြှောက်မြှောက်စားစား၊ သားအားပိုက်ဖြူး၊ မိဘကျူးသို့၊ ကျေးဇူးကိုသာ၊ ရှာ၍ချီးဆို၊ ထဲကြည်ညိုလျက် ..."

လူပုံအလယ်မှာ လူ့တန်ဖိုး လူ့သိက္ခာ မကျစေရအောင်ပါ။ အရပ်စကားနဲ့ပြောရင် အမြှောက်ကြိုက်တာ လူ့သဘာဝပဲ။ တကယ်တော့ မြှောက်ပင့်ပြောဆိုတာထက် ချီးကျူးစကားအကောင်းဆုံးပေါ့။

မန်လည်ဆရာတော်က မာဃဒေဝလင်္ကာ အပိုဒ် (၁၈၅) မှာ ဒီလို ဖွဲ့ဆိုလမ်းညွှန်ခဲ့ပါတယ်။

"သူ့ကို ချီးမြှောက်၊ ကိုယ့်ဂုဏ်မြှောက်၏။ ယွင်း

ဖောက်အလို၊ ဝန်မတိုနှင့်၊ သူ့ကိုဂုဏ်နှိမ့်၊ ကိုယ့်ဂုဏ်နှိမ့်၏။ စည်းစိမ့်အရာ၊ သူ့ချမ်းသာ၌ ဣဿာမပြု၊ ဝမ်းမြောက်ရှုလော့”

သူတစ်ပါး အပြစ်ကိုသာ ပြောဆို သိက္ခာချနေတာတွေဟာ ဒေါသဟိတ်ကြောင့် ဖြစ်သလို သူတစ်ပါးကို လူသိရှင်ကြား ချီးကျူးစကား ပြောဆို ဂုဏ်တင်ပေးကြတာဟာ အဒေါသဟိတ်ကြောင့်ပဲ။ မေတ္တာရှေ့ထားလို့ပဲ။

ဘုရားဖြစ်ဖို့ ဖြည့်ဆည်းရတဲ့ ပါရမီဆယ်ပါးမှာ မေတ္တာပါရမီ ပါတယ်။ ဘုရားဟောတဲ့ ပရိတ်ကြီး (၁၁)သုတ်မှာလည်း မေတ္တာသုတ်ပါတယ်။ ဘုရားဟော ဗြဟ္မစိုရ်တရား (ဗြဟ္မဝိဟာရ) လေးပါးမှာလည်း မေတ္တာက နံပါတ် (၁)ပါ။ လောကကြီးမှာ မေတ္တာအရေးကြီးတာကို ပြောကာပါ။

လောက လူ့ဘောင်မှာ မေတ္တာနဲ့ စပ်လျဉ်း၍ “ရန်ကိုအောင်စေလိုသော် မေတ္တာ”၊ “ရန်မလိုမှ ရန်ငြိမ်းမည်”၊ “ဒေါသရှေ့ထား မှားတတ်သည်” ရယ်လို့ ဆိုစကားများရှိပါတယ်။ တွံ`ဘားမြို့ ဗောင်းတော်ချုပ်ဆရာတော်ဘုရားကြီးက “ခန္တီမူလ၊ မာန်ကိုချ၊ ဒေါသကိုပယ်၊ မေတ္တာလွှယ်”လို့ ဆောင်ပုဒ်လုပ်ခဲ့သလို တောင်တွင်းကြီးသား ချမ်းမြေ့ရိပ်သာ

ဆရာတော်ဘုရားကလည်း ''စိတ်ထားဖြောင့်မှန်၊ ခွင့်လွှတ်ရန်၊ သည်းခံမေတ္တာပွား'' လို့ ဆောင်ပုဒ်လုပ်ထားပါတယ်။

ဒါကြောင့် လောကီနယ်ပယ် လူ့ပြဿနာအသွယ်သွယ်ကို ဖြေရှင်းရာမှာ လူလူချင်း လေးစားတန်ဖိုးထား အပြန်အလှန် မေတ္တာရှေ့သွား အမျက်ဖြေတရား ငါးပါးကို နှလုံးသွင်းကြမည်ဆိုရင် လူတိုင်းစေ့ ချမ်းမြေ့ပျော်ရွှင်ကြမှာပဲဟု ယုံကြည်လျက်။

(အတွေးအမြင် ၁/၀၈)

# အနံ့ကြီးကြီးရွေးပြီး ကောက်သီးကောက်ထားတယ်

"အနံ့ကြီးကြီးရွေးပြီး ကောက်သင်းကောက်ထားတယ်" ဆိုတာ ကျွန်တော့်ဦးလေး ဘုန်းတော်ကြီး ချမ်းမြေ့ရိပ်သာကျောင်းမှာ သီတင်းသုံးစဉ်က အမိန့်ရှိဖူးတာပါ။ ကုက္ကိုခွဆရာတော် ဦးဣန္ဒြိယလို့ လူသိများပါတယ်။ ဇာတိရွာမှာ တုန်းက လက်ထပ်ပြီး များမကြာမီ ဇနီးဆုံးသွားလို့ သံဝေဂရပြီး ရဟန်းဘဝရောက်ခဲ့တဲ့အတွက် တောထွက်ရဟန်းလို့ ဆိုနိုင်ပါတယ်။

တောင်တွင်းကြီးမြို့ တောရပိမာန်ကျောင်းမှာ ချမ်းမြေ့ရိပ်သာဆရာတော်လောင်းလျာ အရှင်ဇနကနဲ့ သီတင်းသုံးဖက်ဖြစ်ခဲ့ပါတယ်။ ချမ်းမြေ့ရိပ်သာ ဆရာတော်ကတော့ ပိဋကတ်သင်ရိုးမပေါက်ခဲ့ပါဘူး။ အခြေခံသာသာလောက်သာသင် ယူခွင့်ရခဲ့တာပါ။ ဒါပေမယ့် ကျောင်းသင်အခြေခံလောက်နဲ့ ရပ်မနေဘူး၊ ဆက်လက်လေ့လာဖတ်ရှု ကျက်မှတ်တယ်။ ဒါကြောင့် ဇာတိရွာဝန်းကျင်တစ်ခွင်မှာ တရားဟောကောင်းတဲ့

ဆရာတော်လို့ ဂုဏ်သတင်း ကျော်ကြားခဲ့ပါတယ်။

နောက်တစ်ဆင့်တက်ပြီး မဟာစည်ဆရာတော်ကြီးထံမှာ ကမ္မဋ္ဌာန်းနည်းကို သင်ယူဆည်းပူးခဲ့ပါတယ်။ မန္တလေးမြို့ စိန်ပန်းသာသနာ့ရိပ်သာမှာ မဟာစည်သြဝါဒခံ ကမ္မဋ္ဌာနာစရိယ ဆရာတော်အဖြစ် နှစ်အတန်ကြာ သာသနာပြုခဲ့ပါတယ်။ နောက်တော့ ဇာတိရပ်ရွာ ပြန်ကြွသီတင်းသုံးပါတယ်။ ပန်းနာရင်ကျပ်ရောဂါကြောင့် ဇာတိရပ်ရွာကိုစွန့်ပြီး ချမ်းမြေ့ရိပ်သာ ရောက်လာတာပါ။ အသက်ဂုဏ်ဝါအရ ဗိမာန်ဆရာတော် ဦးကုသလနဲ့အတူ ချမ်းမြေ့ရိပ်သာမှာ နာယကဆရာတော်အဖြစ် သာသနာ့တာဝန်ကို ထမ်းဆောင်ခဲ့ပါတယ်။ ချမ်းမြေ့ဆရာတော် ပြည်တွင်းပြည်ပ ခရီးထွက်တဲ့အခါ တရားဟော တရားပြတဲ့ တာဝန်ကို အလျဉ်းသင့်သလို ထမ်းဆောင်ခဲ့ပါတယ်။

ဇာတိရွာ သံယောဇဉ်ကြီးလွန်းတဲ့ ဆရာတော်ဟာ သက်တော် ၈၆ နှစ်အရွယ်မှာ ဇာတိရွာအလည်ပြန်ကြွရင်း ၁၀ နတ်ထံ ပျံလွန်တော်မူခဲ့တာပဲ ဆယ်နှစ်နီးပါး ရှိပါပြီ။ သို့ပေတဲ့ ‘‘အနံ့ကြီးကြီးရွေးပြီး ကောက်သင်းကောက်ထားတယ်’’ ဆိုတဲ့စကား နားမှမထွက်ပါ။

အလွန်ကျယ်ပြောတဲ့ ပိဋကတ်ပင်လယ်ကြီးကို ကူးခတ်နိုင်သူများကို လေးစားချီးကျူးဂုဏ်ပြုပူဇော်ထိုက်သလို မကူးခတ်နိုင်သူများအဖို့လည်း စိတ်ဓာတ်ကျစရာအကြောင်း မရှိပါ။ သင်ရိုးမပေါက်ချင် နေပါစေ ရှာဖွေဖတ်ရှုလေ့လာသူများ၊ တရားနာသူများအဖို့ ပိဋကတ်ရဲ့ အနှစ်သာရများကို နှလုံးသွင်း ကျင့်ကြံအားထုတ်နိုင်ပါတယ်။

ကျွန်တော်တို့ ဇာတိဒေသမှာ ကောက်သင်းကောက်တဲ့ အလေ့အထ ရှိပါတယ်။ လယ်ပိုင်ရှင် ယာပိုင်ရှင်များက သီးနှံများ ရိတ်သိမ်းပြီးတဲ့အခါမှာ အကြွင်းအကျန်များကို မည်သူမဆို ကောက်သင်းကောက်ခွင့် ရှိပါတယ်။ ကိုယ့်မှာ လယ်ပိုင်ယာပိုင် မရှိပေမယ့် ကိုယ့်အားကိုယ်ကိုး ဝီရိယရှေ့ထား ကြိုးစားလှုပ်ရှား ကောက်သင်းကောက်ကြသူများအဖို့ ဝမ်းစာဖူလုံစေပါတယ်။ ဒီလို လူစားမျိုးကို ရပ်ရွာက ချီးကျူးပါတယ်။

ဒီဓလေ့နဲ့ ယဉ်ပါးနေတဲ့ ဆရာတော်က "ငါ အနှံကြီးကြီး ရွေးပြီး ကောက်သင်းကောက်ထားတယ်ကွ" လို့ အမိန့်ရှိခဲ့ခြင်း ဖြစ်ပါတယ်။

ဝေဘူဆရာတော်ကြီး ဟောကြားခဲ့တဲ့ အနှစ်ချုပ်ကို

ပြန်လည်သတိရမိပါတယ်။

"ပိဋကတ်သုံးပုံဆိုတာ အလွန်ကျယ်ဝန်းတယ်၊ ပိဋကတ်သုံးပုံကို အကျဉ်းချုံးရင် ဗောဓိပက္ခိယတရား (၃၇)ပါးရတယ်။ ဗောဓိပက္ခိတရား (၃၇)ပါးကို အကျဉ်းချုံးရင် မဂ္ဂင်ရှစ်ပါးရတယ်။ မဂ္ဂင်ရှစ်ပါးကို အကျဉ်းချုံးရင် သိက္ခာသုံးပါးရတယ်။ သိက္ခာသုံးပါးကို အကျဉ်းချုံးရင် (ဧကောဓမ္မော)ဟု ဆိုအပ်သော သံသရာဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်းတရား တစ်ခု ရတယ်"

ဝေဘူဆရာတော်ကြီး အမိန့်ရှိသလို ဘုရားဟောပိဋကတ် အနှစ်ချုပ်ကို ဖမ်းဆုပ်တတ်ဖို့ လိုပါတယ်။ သို့မှသာ ကုက္ကိုခွဆရာတော် အမိန့်ရှိခဲ့တဲ့ အနံ့ကြီးကြီးရွေးပြီး ကောက်သင်းကောက်ရာရောက်မယ်။ ရွေးပြီးကောက်သင်းကောက်ရမယ့် အနံ့ကြီးကြီးတွေကို တန်းစီစဉ်းစားကြည့်မိပါတယ်။ ရွေးပြီးကောက်သင်းကောက်ရမယ့် အနံ့ကြီးကြီးထဲမှာ သစ္စာလေးပါး၊ လက္ခဏာရေးသုံးပါး၊ ပရမတ်လေးပါး၊ ပညတ်နှင့်ပရမတ်၊ သမုတိသစ္စာနှင့် ပရမတ္ထသစ္စာ၊ ဒါန သီလ ဘာဝနာ အင်္ဂါသုံးပါး၊ သီလ သမာဓိ ပညာ သိက္ခာသုံးပါး၊ လောဘ

ဒေါသ မောဟတရားဆိုး သုံးပါး၊ ဗြဟ္မစိုရ်တရားလေးပါး၊ (၃၈)ဖြာ မင်္ဂလာ၊ ခန္ဓာငါးပါး၏အနှစ်ချုပ်၊ ရုပ်နာမ်ဖြစ်ပျက်၊ ပဋ္ဌာန်း (၂၄)ပစ္စည်း၊ အဓိပတိတရားလေးပါး၊ ပဋိစ္စသမုပ္ပါဒ်သံသရာ လည်ပုံ၊ သတိပဋ္ဌာန်တရားလေးပါး၊ ဘုရားရှင်တိုင်း၏ အဆုံး အမ "မကောင်းမှုရှောင်၊ ကောင်းမှုဆောင်၊ ဖြူအောင်စိတ်ကို ထား" တရားတော်၊ ပရိတ်ကြီး၊ မိစ္ဆာဒိဋ္ဌိ (၆၂)ပါး၏ အချုပ် သက္ကာယ ဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိသုံးမျိုးပယ်ရေး အစ ရှိသည်တို့ မပါမဖြစ်ပါ။

ဗုဒ္ဓ၏ ပရိယတ္တိသာသနာပိဋကတ်သုံးပုံကို လက်လှမ်း မမီရှိပါစေ၊ ဖော်ပြပါ အခြေခံအနှစ်သာရတည်းဟူသော အနှံ ကြီးများကို လက်ဝယ်ပိုင်ပိုင်ရရှိကျင့်သုံး အားထုတ်မည်ဆိုလျှင် ဆင်းရဲငြိမ်းအေးချမ်းသာရေးလို့ ဆိုအပ်တဲ့ မဂ်ဉာဏ်၊ ဖိုလ်ဉာဏ် နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ပါတယ်။ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်တဲ့ ဝိမုတ္တိရသကို ခံစားနိုင်ကြမှာ မလွဲပါဟူ၍။

(မဟောသီမဂ္ဂဇင်း)

## ဒေးစွန်းပါ သာသနာမြေ
## ဖွံ့ဖြိုးဝေစည်

ကိုလိုနီခေတ် ဒုတိယကမ္ဘာစစ်မဖြစ်မီ ဥစ္စာစောင့်သိုက် သမိုင်းကို လူတို့ စိတ်ဝင်စားချိန် ဒေးစွန်ပါဘုရားသမိုင်းကို "နတ်မောင်မယ်" အမည်ဖြင့် ရုပ်ရှင်ရိုက်ကူးလိုက်ရာမှ လူသိများခဲ့ရပါသည်။ စာရေးသူအနေဖြင့် (၂၀-၂-၂၀၀၈)နေ့ကျမှ ဘုရားဖူးစရောက်ခဲ့ရသည်ကို ဦးစွာဝန်ခံပါရစေ။

ကျွန်တော် နောက်ဆုံးတာဝန်ထမ်းခဲ့သော မင်္ဂလာ တောင်ညွန့် အ·ထ·က (၅)မှ အငြိမ်းစားဆရာမ ဒေါ်ရီရီသန်း (မြန်မာစာ) တို့က တပို့တွဲ ထမနဲပွဲ သွားရောက်ဆင်နွှဲလှူဒါန်း မည်ဖြစ်၍ ဒေးစွန်ပါသို့ ဘုရားဖူးလိုက်ရန် ဖုန်းဆက်ဖိတ်ခေါ် ကြသည်။

ရန်ကုန်မှ မွန်းလွဲ (၂)နာရီခန့်တွင် စထွက်ခဲ့ရာ မိုင် (၇၀)ဝေးသော ပဲခူးမြို့နယ် ဝမ်းဘဲအင်းရွာသို့ ညနေ(၅)နာရီ

ခန့် ရောက်၏။ ရန်ကုန်-မန္တလေးကားလမ်းပေါ်က ထိုဝမ်းဘဲ အင်းရွာမှာပင် "သမိုင်းဝင်ဒေးစွန်ပါစေတီတော်မြတ်ကြီးသို့" ဟူသော မုခ်ဦးဆိုင်းဘုတ်ကြီးက ဆီးကြိုနေသည်။ အနောက် ဘက်မြေနီလမ်းအတိုင်း ချိုးကွေ့မောင်းရာမှာ (၃)မိုင်ခန့်ဝေး သော တောင်ခြေသို့ ညနေ(၅)နာရီခွဲကျော်ကျော် ရောက်သွား ၏။ ဒေးစွန်ပါတောင်ခြေမရောက်မီ လမ်းဘေးဝဲယာတွင် ဘုန်း ကြီးကျောင်းများ အဆက်မပြတ် တွေ့ရသည်။ ဒေးစွန်ပါ သာသနာမြေတစ်ခုလုံးမှာ (၈၅)ကျောင်းရှိသည်ဟု သိရ၏။

တောင်ခြေမှာ ကားထားခဲ့ပြီး သမိုင်းဝင် ဆံတော်ရှင် ဒေးစွန်ပါစေတီတော်မြတ်ကြီးရှိရာ တောင်ထိပ်သို့ စောင်းတန်း အတိုင်း အုတ်အင်္ဂတေလှေကားဖြင့် တက်ရောက်ကြသည်။ ဝဲယာတွင် နတ်ကွန်းအချို့ကို တွေ့ရ၏။ ပုပ္ပားတောင်ကလပ် တက်ခဲ့ရသည်ကို မြင်ယောင်မိ၏။ မျောက်တွေတော့ မရှိ။ အမြင့်က ပုပ္ပားတောင်ကလပ်၏ သုံးပုံတစ်ပုံနီးပါးပဲရှိမည်။ ဘီးလင်းမြို့နယ် တောင်စွန်းရွာအနီးရှိ ကေလာသတောင် တက်ခဲ့ပုံနှင့်လည်း နှိုင်းယှဉ်ကြည့်သည်။ ဒေးစွန်ပါထက်မြင့်ပြီး တောင်တက်အုတ်လှေကား စောင်းတန်းမရှိသေး။ မိုးရွာလျှင်

တောင်ဆင်း တောင်တက်လမ်းချော်သည်ကို ကြုံခဲ့ဖူး၏။

ဒေးစွန်ပါစေတီမြတ်ရင်ပြင်ပေါ်ရောက်တော့ ဝင်ဆဲနေကို ကြည်နူးဆွတ်ပျံ့ဖွယ် ကြည်ညိုလိုက်ရသေးသည်။ အနောက်မိုးကုတ်စက်ဝိုင်းမှာ နေလုံးပျောက်ကွယ်သွားသော်လည်း ပတ္တမြားသွေးနေရောင်ခြည်နီတျာရဲကမူ ကျန်ရစ်ဆဲ။ ပုဂံဘုရားစေတီပေါ်က နေဝင်ချိန် ကြည့်ခဲ့ရသည်နှင့် အလှချင်းတစ်မျိုးတစ်ဘာသာ။ ဒေးစွန်ပါစေတီတော်ကို လက်ယာရစ်ဖူးကြသည်။ ဘက်စုံပြုပြင်ရေးငွေ လှူကြသည်။ ရင်ပြင်ပေါ်အတက် ပတ်ပတ်လည်ကို အကြီးစား ပြင်ဆင်တည်ဆောက်ဆဲတွေ့ရ၏။ ရင်ပြင်ပေါ်မှာ အသံမစဲ ပဋ္ဌာန်းပွဲနှင့်လည်း ကြုံကြိုက်ရာ ငွေလှူကုသိုလ်ယူကြသည်။ နိဗ္ဗာန်ရောက်သည်ထိ ပဋ္ဌာန်းဆက်အောင် ပဋ္ဌာန်းရေ သောက်ကြသည်။ အရပ်ရှစ်မျက်နှာ မြင်ကွင်းကျယ်ကို စေတီရင်ပြင်ပေါ်က အပေါ်စီးရှုကြည့်ရသည်မှာ ရင်ဝယ်ကြည်နူးချမ်းမြေ့ရပါဘိ။ တပို့တွဲလပြည့်မတိုင်မီ အဖိတ်နေ့ညမို့ ရွှန်းပနေသော ငွေစန္ဒာရောင်အလင်းက တစ်လောကလုံးကို အမှောင်ခွင်း မင်းမူနေပါပြီ။

ဒေးစွန်ပါ ဝေါဟာရသည် မွန်စကားဖြစ်၍ စကားဝါ

တောင်ဟု အမိပ္ပါယ်ရကြောင်း မှတ်သားရ၏။ ဒေးစွန်ပါ ဆံတော်ရှင်စေတီတော်ကို တောင်ငူဘုရင်တစ်ပါး တည်ထား ကိုးကွယ်ခဲ့သည်ဟု ဆို၏။ ဘုရားသမိုင်းပေမူ လက်ရေးမူများ ကို စာအုပ်ထုတ်ရန်ဆိုပြီး ခေတ်ဟောင်းစာရေး ဆရာ ဒါရိုက် တာတစ်ဦးက ရန်ကုန်ယူသွားရာ ပျောက်ခြင်းမလှ ပျောက်သွား ကြောင်း သိရ၍ စိတ်မကောင်း။

ဒေးစွန်ပါတောင်ကုန်းသည် ကုန်း(၉)ကုန်းတွင် တစ် ကုန်းပါဝင်ကြောင်း၊ ဒေးစွန်ပါစေတီမှာ ဆံတော်နှစ်ဆူ ကိန်းဝပ် ကြောင်း၊ ရာသီဥတုကြည်လင်ပါက ကျိုက်ထီးရိုးဘုရားကို လှမ်းမြင်ရကြောင်း၊ ဒေးစွန်ပါသာသနာမြေက ဘုန်းကြီးကျောင်း အများစုမှာ ဓမ္မရိပ်သာတွေ ဖြစ်ကြောင်း ဆင်ပုန်းကျောင်း၊ မဟာဗောဓိကျောင်း၊ စန်းမြရောင်ခြည်ကျောင်းများတွင် ဝါရင့် ဆရာတော်ကြီးများ သီတင်းသုံးကြောင်း၊ အောင်မြေဒီပါ ကျောင်း ဆရာတော်က သံဃနာယကဥက္ကဋ္ဌ၊ သန္တိသုခကျောင်း ဆရာတော်က ဒု-ဥက္ကဋ္ဌတာဝန်များ ထမ်းဆောင်နေကြောင်း ဝေဠုဝန်ဝေါကျောင်း ဆရာတော် ဦးကေသရက ရှင်းပြပါသည်။

ဒေးစွန်ပါစေတီပေါ်က ပြန်အဆင်းတွင် ဆရာတော်

ဦးခေမာ၏ ''သန္တိသုခကျောင်း'' မှာ ညအိပ်တည်းခိုကြပါ၏။ ကျောင်းဆောင်ကလေးများက အစီအရီ။ ရေမြောင်းများပေါ် ခုံးကျော်ကွန်ကရစ်တံတားငယ်များ ထိုးပြီးခါစ။ ''ခေမာရံသိ သိမ်တော်မင်္ဂလာ'' ကလည်း ခံ့ညားထည်ဝါ ကျက်သရေရှိလှပါဘိ။

''ဒီသိမ်နေရာမှာ မနှစ်က ကျွန်တော်တို့ ထမနဲထိုးခဲ့ကြတာပေါ့ ဆရာကြီး''

ဆရာ ဦးသိန်းထွန်း(ယခုကွယ်လွန်)က ပြောခြင်းဖြစ်၏။ တစ်နှစ်အတွင်း အုတ်တိုက်သိမ်တော်မင်္ဂလာ ပြီးစီးခဲ့သည်မှာ မြန်ဆန်လှပါသည်။ အလှူရှင်များ၏ စေတနာ သဒ္ဓါတရားထက်သန်မှုကို ဝမ်းမြောက်နှမော်သာဓု ခေါ်မိပါသည်။ သိမ်၏အရှေ့ဘက် (၁၅)ပေခန့်အကွာတွင် သဲဖြူခင်းရာ ဇမတ်ကာထားသည်။ ''ဆွေတော်ပြ ဓာတ်ပေါင်းစု အောင်တော်မူ ရွှေရင်အေးစေတီတော်'' တည်မည့် မြေနေရာဟု စာတန်းထိုးထား၏။ စာရေးသူတို့အဖွဲ့မှ ဆရာမဒေါ်ရီရီသန်းက ကျပ်တစ်သိန်း၊ ဒေါ်ရီရီဝင်းက ကျပ်ငါးသောင်း၊ မိမိက ကျပ်ငါးထောင်စသဖြင့် ကုသိုလ်ပါဝင်ခဲ့ကြပါသည်။

## မောင်ကျေးငှး

စေတီတည်မည့်မြေနေရာဘေးတွင် စာရေးသူတို့အဖွဲ့ ထမနဲ ထိုးကြပါသည်။ ဆရာတော်က သူ့တပည့် ဒကာအချို့ ကို လုပ်အားကူညီဖို့ စီစဉ်ပေးသည်။ (၁၂)ဒယ်ထိုးရသဖြင့် ညဉ့်သန်းခေါင်ကျော် နှစ်နာရီခွဲမှ အလုံးစုံပြီး၏။ တစ်ညလုံး ထမနဲထိုးရင်း အနီးရှိ စန်းမြရောင်ခြည်စာသင်တိုက်မှ အသံမစဲ ပဋ္ဌာန်းတရား နာရသည်မှာ ကျက်သရေရှိ ဓမ္မပီတိ ဖြစ်ရပါဘိ။ သုံးနာရီထိုးမှ တစ်ရေးတမော အိပ်စက်အနားယူကြသည်။ လေး နာရီခွဲတော့ ဆရာတော်တပည့်များ ဆိုင်းအဖွဲ့မှ တီးမှုတ်သော နားဝင်ပီယံရေကောင်းသံဖြင့် နိုးထကြပါ၏။ မြန်မာ့ဂီတကို ဂုဏ်ယူမိသည်။

နံနက်စာ မုန့်ဟင်းခါးသုံးဆောင်ကြပြီးနောက် ဒေးစွန် ပါဗုဒ္ဓသာသနာမြေ၊ သန္တိသုခကျောင်းမှ ရန်ကုန်သို့ ပြန်ခဲ့ကြ ပါသည်။ ဗုဒ္ဓသာသနာတော် ဖွံ့ဖြိုးဝေစည် အဓွန့်ရှည်ပါစေ ဟူ၍ ...။

(ကိုးနဝင်းမဂ္ဂဇင်း ၈/၀၈)

# မာယာနှင့် သာဌေယျ

မယာနဲ့သာဌေယျကို လှည့်ပတ်ဖြားယောင်းခြင်း၊ ဟန်ဆောင်ခြင်းလို့ အများနားလည်ထားပါတယ်။ အမှန်တကယ်ဆိုရင် ကိုယ့်မှာရှိတဲ့ အပြစ်ကို မရှိဟန်ဆောင်ခြင်း၊ အပြစ်ကို ဖုံးကွယ်ခြင်းဟာ မာယာ၊ ကိုယ့်မှာမရှိတဲ့ဂုဏ်ကို ရှိဟန်ဆောင်ခြင်းဟာ သာဌေယျပါ။

မြတ်စွာဘုရား ဟောကြားခဲ့တဲ့ လူတို့ရဲ့ အညစ်အကြေး (၉)မျိုးမှာ မာယာနဲ့ သာဌေယျနှစ်မျိုး အကျုံးဝင်ပါတယ်။ ဒီအညစ်အကြေးနှစ်မျိုး ကင်းစင်ရေးမှာ ကိုယ့်မှာ အပြစ်ရှိဝန်ခံ၊ ကိုယ့်မှာမရှိတဲ့ဂုဏ်ကို ရှိဟန်မဆောင်ရင် ရပါတယ်။ ဉာဏ်မများ၊ မလှည့်စား၊ ရိုးသားဖြောင့်မတ်ခြင်း၊ (Honesty or Lieity) ရှိသူဖြစ်ရင် ဖော်ပြပါ အညစ်အကြေးနှစ်မျိုး ကင်း

စင်မယ်။ ရိုးသားဖြောင့်မတ်ခြင်းသာ အကောင်းဆုံးသော မူဝါဒ (Honesty is the best Policy) ရယ်လို့ ပြောထုံးရှိပြီးသားပါ။

မာယာ သဘောပြယုဂ်များမှာ သူတစ်ပါးအသက်ကိုသတ်ခြင်း၊ ညှင်းဆဲနှိပ်စက်ခြင်း၊ သူ့ပစ္စည်းကို ခိုးယူခြင်း၊ ဓားပြတိုက်ခြင်း၊ အလွဲသုံးစားပြုခြင်း၊ လာဘ်စားခြင်း၊ ကာမဂုဏ်မှားယွင်းခြင်း၊ လိမ်ညာခြင်းအမှု ကျူးလွန်ပါလျက် ဘူးကွယ်ငြင်းဆိုခြင်းအစရှိတာတွေ ဖြစ်ပါတယ်။ သာဓကအားဖြင့် နိုင်ငံတော်လုပ်ကြံမှုကြီး ကျူးလွန်ခဲ့ပါလျက် မကျူးလွန်ရပါဟု တရားခွင်မှာ ဂဠုန်ဦးစော ငြင်းဆိုခဲ့ခြင်းဟာ မာယာပဲပေါ့။

တရားရုံးအဆင့်ဆင့်မှာ သွားရောက်လေ့လာ ကြားနာကြည့်ရင် ပြစ်မှုကျူးလွန်ထားတဲ့ တရားခံ အများစုဟာ **အပြစ်** မရှိပါလို့ ငြင်းပယ်လိမ်ညာဘူးကွယ်လေ့ရှိတာဟာ **မာယာ** သဘော ဖြစ်ပါတယ်။

ရုရှားစာရေးဆရာ လီယိုတော်စတွိုင်းရဲ့ God Sees the truth but waits ဝတ္ထုမှာ တရားခံအစစ်က လွတ်သွားပြီး အပြစ်မရှိသူကို အပြစ်ပုံချလို့ ထောင်ကျသွားပြီး အပြစ်မရှိပါဘဲလျက် ဆိုက်ဘေးရီးယားရဲဘက်စခန်း အပို့ခံရ အလုပ်ကြမ်း

လုပ်ခဲ့ရပါတယ်။ လွတ်သွားတဲ့ တရားခံက ကာလအတန်ကြာ တော့ နောက်အမှုနဲ့ ဆိုက်ဘေးရီးယား ရောက်ခဲ့ပါတယ်။ စကားစပ်မိတော့ သူ့မိတ်ဆွေကို ဒီလိုပြောတယ်။

“အဲဒီတုန်းကအမှုမှာ အပြစ်ရှိတဲ့ တရားခံအစစ်က ငါကွ၊ ဟိုကောင့်အပေါ် အပြစ်ပုံချခဲ့တာ၊ ဒီအမှုဖြစ်မှပဲ ငါလည်း ထောင်ကျ ရဲဘက်စခန်းရောက်ခဲ့ရတာကွ”

တရားခံအစားထိုးခံရသူကလည်း ဒီစကားကြားတော့ စိတ်မကောင်းဖြစ်ခဲ့ရပါတယ်။ မာယာသမားရဲ့ လှည့်ကွက်ကို အချောင်ခံခဲ့ရတဲ့ အပြစ်မဲ့ပြည်သူတစ်ဦးရဲ့ ဇာတ်လမ်းပါပဲ။

သာဌေးယျရဲ့ သဘောသဘာဝမှာ HSF မအောင်ဘဲ အောင်လက်မှတ်အတုကိုင်ဆောင်ထားသူ၊ HSF အောင်တယ်ဆို ပြီး HGP စာကျက်ဖြေရာမှ အထက်တန်းရှေ့နေဖြစ်နေသူ အကြောင်းသိသူက တိုင်ကြားမှ ထောင်ကျခံရသူ၊ သူတစ်ပါး အောင်လက်မှတ်ကို ကိုယ့်လက်မှတ်လုပ်ပြီး အစိုးရအရာရှိဖြစ် နေသူ၊ သူတစ်ပါးရေးတဲ့စာ ကိုယ့်စာလုပ်ထားသူ၊ သူဌေးကား ကို မောင်းလာသူဒရိုင်ဘာက ချစ်သူရည်းစားရှေ့တွင် ကိုယ့် ကားပါဆိုသူများ အားလုံးဟာ သာဌေးယျသမားတွေပေါ့။

သီပေါမင်းနန်းတက်တဲ့အခါ မိဖုရားခေါင်ကြီးအဖြစ် စုဖုရားကြီးနဲ့ နန်းတက်ပွဲ ဘိသိက်ခံရန် စီစဉ်ထားပါတယ်။ စုဖုရားလတ်က ရာဇပလ္လင်ပေါ် ဦးစွာဇွတ်တက်ထိုင်ရာမှ မိဖုရားကြီးဖြစ်လာသူပါ။ အရှက်ရသွားတဲ့ စုဖုရားကြီးက သီလရှင်ဝတ်သွားခဲ့ရပါတယ်။ ဒါကြောင့် စုဖုရားလတ်ကို နေရာလုယူတဲ့ သာဓေ့ယျသမားလို့ ဆိုနိုင်ပါတယ်။

ပြည်သူ့တရားရှင် ပေါင်ချိန်ဇာတ်လမ်းများဟာ မာယာနဲ့ သာဓေ့ယျသမားများကို မီးမောင်းထိုးပြထားတာတွေပါ။

မိမိအပါအဝင် (၇)ရက်သားသမီးများ ကိုယ်ရောစိတ်ပါ ချမ်းသာရေးအတွက် လူတိုင်း မာယာနဲ့ သာဓေ့ယျကင်းစင်ကြရင် ကောင်းမှာပဲဟူ၍ …။

(ကိုးနဝင်း ၂/၀၉)

## စိတ်ကောင်းရှိတယ်ဆိုတာ

အမေရိကပူမြို့ မဟာဂန္ဓာရုံ စာသင်တိုက်ကြီးရဲ့ စည်းမျဉ်း (၁၀)ချက်မှာ ဒီလိုတွေ့ရပါတယ်။

အမှတ်စဉ် (၁) စိတ်ကောင်းရှိဖို့က ပထမ

အမှတ်စဉ် (၁၀) စာတတ်ဖို့က ဒသမ

စည်းမျဉ်း (၁၀)ချက်တည်း ချမှတ်ထားရာမှာ စာသင်တိုက်ကြီးဖြစ်ပါလျက် စာတတ်ဖို့ကို နောက်ဆုံးမှာ ထားတယ်။ စည်းကမ်းရှိဖို့၊ ဆက်ဆံတတ်ဖို့၊ ဝတ်စားတတ်ဖို့ အစရှိတာတွေကို အလယ်မှာထားပြီး စိတ်ကောင်းရှိဖို့ ပထမထားတာကို သဘောကျလို့ မဆုံးဘူး။

ပညာရေးသဘောတရားပါ ပညာရေးနယ်ပယ်ကြီး သုံးရပ်ကို ဒီလို သင်ယူမှတ်သားခဲ့ရပါတယ်။

(၁) A-Attitude = စိတ်နေသဘောထား

(၂) S-Skill = ကျွမ်းကျင်မှု

(၃) K-Knowledge = တတ် / သိ ပညာ

ဘာသာရပ်ဆိုင်ရာ

မိမိတို့ လေ့ကျင့်ပျိုးထောင်ပေးလိုက်တဲ့ တပည့်တွေမှာ ဒီအင်္ဂါသုံးရပ်နဲ့ ပြည့်စုံစေရမယ်။ ကိုယ့်တပည့်တွေဟာ ဘာသာစကားဆိုင်ရာ သင်္ချာတွက်တာ ပုံဆွဲတာ၊ ဓာတ်တွေ ထုတ်တာ ဘယ်လောက်ပဲ ကျွမ်းကျင်ပါစေ၊ သိစရာ တတ်စရာ ဘာသာရပ်ဆိုင်ရာ ဘယ်လောက်ပဲ တစ်ဖက်ကမ်းခတ် တတ်ပါစေ၊ စိတ်နေသဘောထား ညံ့နေရင် လူ့စွမ်းအားအရင်းအမြစ် ဖြစ်ဖို့ အင်္ဂါမစုံတော့ဘူး။ တိုင်းပြည်နဲ့လူမျိုးအတွက် အကျိုးယုတ် အနုတ်လက္ခဏာ ဖြစ်နိုင်ပါတယ်။ မြန်မာ့ဆိုရိုးစကား 'နှလုံးရည်၊ လက်ရုံးရည်၊ ပညာရည်' နဲ့ မျက်မှောက်ခေတ် ပညာရေးဆောင်ပုဒ်ဖြစ်တဲ့ 'စိတ်ဓာတ်၊ စည်းကမ်း၊ ပညာ' တို့နဲ့ပါ ဆက်စပ် ထင်ဟပ်ကြည့်နိုင်ပါတယ်။

ပညာရေးနယ်ပယ်ကြီး သုံးရပ်မှာ စိတ်နေသဘောထား ထိပ်မှာတင်ပြီး တတ်သိပညာကို နောက်ဆုံးမှာထားတာနဲ့ မဟာဂန္ဓာရုံ စည်းမျဉ်း (၁၀)ချက် စဉ်ပုံ နှိုင်းယှဉ်စဉ်းစား

သဘောကျသွားပါတယ်။

မဟာဂန္ဓာရုံ ဆရာတော်ဘုရားကြီး ချမှတ်ခဲ့တဲ့ စိတ်ကောင်းရှိဖို့ ပထမဆိုရာမှာ စိတ်ကောင်းရှိတယ်ဆိုတာ ဘာတွေပါလဲလို့ စဉ်းစားမိပါတယ်။ စိတ်ကောင်းရှိသူလို့ ပြောနိုင်အောင် ပြည့်စုံရမယ့် အင်္ဂါရပ်တွေ ဆိုပါစို့။

(၁) ကိုယ်ချင်းစာစိတ်ရှိခြင်း

(၂) ကိုယ်နှင့်ယှဉ်ဘူ ချစ်ခြင်းဆိုတဲ့ မေတ္တာစိတ်ထားခြင်း၊ သူတစ်ပါး ထိခိုက်နစ်နာသွားမှာကို မလိုလားခြင်း၊ အောင်မြင်ကြီးပွား တိုးတက်စေလိုခြင်း၊

(၃) ကိုယ်စိတ်ဆင်းရဲသူ၊ ရှုံးနိမ့်ပျက်စီးရသူများ အပေါ် သနားညှာတာ ထောက်ထားခြင်း၊ မျှဝေပေးကမ်းခြင်း၊

(၄) ကိုယ်စိတ်ချမ်းသာ အောင်မြင်မှုရသူများအပေါ် ဝမ်းမြောက်သာဓုခေါ်ခြင်း

(၅) ကျောသားရင်သား မခွဲခြား တစ်သားတည်း ဆက်ဆံခြင်း၊ ဘက်မလိုက် (မျက်နှာမလိုက်)

ခြင်း၊ အဂတိ ကင်းခြင်း၊

(၆) ကိုယ့်ထက် ချမ်းသာသူ၊ အစစအရာရာ သာသူများအပေါ် မနာလိုမှုကင်းခြင်း၊ ကိုယ်နှင့် ထပ်တူဝမ်းသာခြင်း

(၇) ကိုယ့်ထက်ဆင်းရဲသူ၊ အဘက်ဘက်မှ နိမ့်ကျနေသူများက ကိုယ့်ကို မီလာမှာ ဖြတ်ကျော်သွားမှာကို မစိုးရိမ်ခြင်း၊ ကိုယ့်လိုဖြစ်စေလိုခြင်း၊

(၈) ကိုယ့်ပစ္စည်း သူတစ်ပါး ယူသုံးစွဲမှာကို သဝန်မတိုခြင်း၊ မျှဝေခံစားလိုစိတ် ရှိခြင်း၊ အတ္တမလွန်ကဲခြင်း

(၉) သူတစ်ပါးပစ္စည်းကို ကိုယ့်ပစ္စည်းဖြစ်အောင် မကြံစည်ခြင်း

(၁၀) သူတစ်ပါးကို ပျက်စီးစေလိုစိတ် မရှိခြင်း

(၁၁) မိမိမှာ အပြစ်ရှိလျှင် မဖုံးကွယ်ဘဲ ဝန်ခံခြင်း၊

(၁၂) မိမိမှာ မရှိသည့်ဂုဏ်ကို ရှိဟန်မဆောင်ခြင်း၊

(၁၃) မိမိကိုယ်ကို နှိမ့်ချမာန်မာနကင်းခြင်း၊ ဂုဏ်မပြိုင်ခြင်း၊

(၁၄) ကိုယ်ရသင့်တာထက် ပို၍ယူလိုစိတ်မရှိခြင်း၊ ရောင့်ရဲလွယ်ခြင်း၊

(၁၅) ကျေးဇူးသိတတ်ခြင်း

(၁၆) သည်းခံခွင့်လွှတ်ခြင်း၊ ရန်ငြိုးမဖွဲ့ခြင်း

(၁၇) မကောင်းမှုပြုရမှာ ရှက်ကြောက်စိတ် ရှိခြင်း

(၁၈) ဆုံးမလမ်းညွှန်မှုကို ခံယူလွယ်ခြင်း

(၁၉) အကောင်းမြင်တတ်ခြင်း

(၂၀) လောကကို အလှဆင်လိုခြင်း

အစရှိသည်တို့ပါပဲ။ ကျန်သေးရင်လည်း ဖြည့်စွက်ကြပါကုန်။ ဒီအင်္ဂါရပ်တွေနဲ့ ဆန့်ကျင်ရင်တော့ စိတ်ကောင်းမရှိသူဖြစ်သွားပြီပေါ့။

ကျွန်ုပ်တို့အားလုံး စိတ်ကောင်းရှိသူဖြစ်အောင် ပျိုးထောင်ကြိုးပမ်းကြပါစို့ဟူ၍ ...။

(Health for All 6/09)

## သူတော်မှ ကိုယ်ကောင်းတာ သူတော်ကောင်းတဲ့လား

"သူတော်ကောင်းဆိုတာ သူတော်မှလည်း ကိုယ်ကောင်းရပေမှာ"

အမျိုးသမီးအဆိုတော်ရဲ့ တေးသံကို ရေဒီယိုမှ နားနဲ့ ဆတ်ဆတ် ကြားလိုက်ရခြင်းပါ။ သူတော်မှ ကိုယ်ကောင်းတာ သူတော်ကောင်းတဲ့။ သူမတော်ရင် ကိုယ်မကောင်းနိုင်ဘူးပေါ့။ သီချင်းအမည်နဲ့ ဂီတစာဆိုတော့ သတိမထားလိုက်မိဘူး။ ရှိပါစေတော့ ဒီတေးစာသားကိုပဲ ဆန်းစစ်ကြည့်မိတာပါ။

မြန်မာအဘိဓာန်မှာ သူတော်ကောင်းကို စိတ်သဘောထား မြင့်မြတ်သောပုဂ္ဂိုလ်လို့ အဓိပ္ပာယ်ဖွင့်ထားပါတယ်။

မြတ်စွာဘုရား ဟောကြားထားတဲ့ သူတော်ကောင်း ဥစ္စာ ခုနစ်ဖြာက ဒီလိုပါ။

(၁) သဒ္ဓါ = ရတနာသုံးပါးနဲ့ ကံကံ၏အကျိုးကို ယုံကြည်ခြင်း

(၂) သီလ = ငါးပါးသီလ၊ ရှစ်ပါးသီလ စသည် ဆောက်တည်ခြင်း

(၃) သုတ = အကြားအမြင်များခြင်း

(၄) စာဂ = လှူဒါန်းပေးကမ်းစွန့်ကြဲခြင်း

(၅) ပညာ = အကောင်းအဆိုး၊ အကြောင်းအကျိုး၊ အမှားအမှန်ကို ဝေဖန်ပိုင်းခြားနိုင်သော ဉာဏ် အမြော်အမြင်နှင့် ပြည့်စုံခြင်း

(၆) ဟိရီ = မကောင်းမှုပြုရမှာ ရှက်ခြင်း

(၇) ဩတ္တပ္ပ = မကောင်းမှုပြုရမှာ ကြောက်ခြင်း

တရားအလုံးစုံကိုသိတဲ့ ဗုဒ္ဓမြတ်စွာဘုရား၊ သစ္စာလေးပါးအပါအဝင် ဘုရားဟော တရားဓမ္မများ၊ ဘုရားအဆုံးအမ တရားဓမ္မများကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်တော်မူကြတဲ့ ရဟန်းသံဃာများကို အကြွင်းမဲ့ ယုံကြည်မှုဟာ သဒ္ဓါတရားပါ။ မကောင်းတာလုပ်ရင် မကောင်းကျိုးပေးမယ်။ ကောင်းတာလုပ်ရင် ကောင်းကျိုးပေးမယ်ဆိုတဲ့ ကံကံရဲ့အကျိုး

ကို ယုံကြည်တာလည်း သဒ္ဓါတရားပဲ ဖြစ်ပါတယ်။

သူတော်ကောင်းမှန်ရင် အနည်းဆုံး ငါးပါးသီလ လုံခြုံတယ်။ အခါအားလျော်စွာ ရှစ်ပါးသီလ ခံယူဥပုသ်စောင့်တယ်။ ဘုရားတိုင်းရဲ့ အဆုံးအမ မကောင်းမှုရှောင် ကောင်းမှုဆောင်တယ်။ မိမိစိတ်ကို ဖြူစင်အောင် ထားတယ်။ မမှန်တာ မပြောဘူး၊ မလုပ်ဘူး။ လူတို့ရဲ့ အညစ်အကြေးကို ကိုယ်ကျင့်တရားနဲ့ ဆေးတယ်။ အညစ်အကြေး (၉)မျိုးရှိတယ်။

(၁) ကောဓော = အမျက်ထွက်ခြင်း၊
(၂) မက္ခော = ကျေးဇူးမသိတတ်ခြင်း၊
(၃) ဣဿာ = ငြူစူမနာလိုခြင်း၊
(၄) မစ္ဆရိယ = သဝန်တိုခြင်း၊
(၅) မာယာ = ကိုယ့်မှာရှိတဲ့အပြစ်ကို ဖုံးကွယ်ခြင်း၊ မရှိဟန်ဆောင်ခြင်း၊
(၆) သာဌေယျ = ကိုယ့်မှာမရှိတဲ့ဂုဏ်ကို ရှိဟန်ဆောင်ခြင်း၊
(၇) မုသာဝါဒေါ = လိမ်ညာပြောဆိုခြင်း
(၈) ပါပိစ္ဆတာ = မတရားလိုချင်ခြင်း၊

(၉) မိစ္ဆာဒိဋ္ဌိ = မှားတဲ့အယူရှိခြင်း၊

သူတော်ကောင်းမှာ ဒီအညစ်အကြေး (၉)မျိုး ကင်းတယ်၊ လောဘ၊ ဒေါသ၊ မောဟ ကင်းတယ်။ သို့မဟုတ် ကင်းအောင်ကြိုးစားနေသူ ဖြစ်တယ်။ မေတ္တာ (သူတစ်ပါးကို ချစ်ခင်ကောင်းစားစေလိုမှု)၊ ကရုဏာ (ကြင်နာသနားမှု)၊ မုဒိတာ (ချမ်းသာသူကို ဝမ်းမြောက်မှု)၊ ဥပေက္ခာ (ပုဂ္ဂိုလ်ရေးဘက်မလိုက်မှု၊ ကျောသားရင်သား မခွဲခြားမှု)ဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါး လက်ကိုင်ထားတယ်။ စိတ်နေသဘောထား မြင့်မြတ်စိတ်ကောင်းရှိသူ ဖြစ်တယ်။

သူတော်ကောင်းတို့မည်သည် ဘယ်သူတရားပျက်ပျက် ကိုယ်တရားမပျက်ဘူး။ သူ့ဘက်က တော်တော် မတော်တော်၊ ကောင်းကောင်း မကောင်းကောင်း ကိုယ့်ဘက်က ကောင်းတယ်။ သူ့အပြစ်ကို ပြောမနေဘူး။ ကိုယ့်စိတ်ကိုစစ်၊ ကိုယ့်အပြစ်ကိုယ် ဆေးကြောပြုပြင်တယ်။ ဘယ်သူ့အပေါ်ပဲဖြစ်ဖြစ် သည်းခံတယ်၊ ခွင့်လွှတ်တယ်၊ ပြိုင်လာရင် အရှုံးပေး နလုံးအေးတတ်သူ ဖြစ်တယ်။

ဝေဿန္တရာမင်းကြီးက ဇူဇကာပုဏ္ဏားအပေါ် သည်းခံ

ခွင့်လွှတ်ပုံ၊ ဆဒ္ဒန်ဆင်မင်းက သောနုတ္တိုမုဆိုးကြီးနဲ့ စူဠသုဘဒ္ဒါ အပေါ် သည်းခံခွင့်လွှတ်ပုံ၊ ဘုရားလောင်း မျောက်မင်းက မိမိဦးခေါင်းကို ကျောက်ခဲနဲ့ ထုတဲ့ ပုဏ္ဏားအပေါ် ဗွေမယူတဲ့ အပြင် လမ်းဆုံးရောက်အောင် လမ်းပြပေးပုံ၊ ဘုရားလောင်း ဝိဓူရအမတ်ကြီးက မိမိအပေါ် သေကြောင်းကြံတဲ့ ပုဏ္ဏဘနတ် ဘီလူးအပေါ် သည်းခံခွင့်လွှတ်ပုံတွေဟာ သူတော်ကောင်းတွေ ရဲ့ သဘောသဘာဝ ဖြစ်နေတဲ့ သာဓကတွေပါပဲ။

"သူတော်ကောင်းဆိုတာ သူတော်မှလည်း ကိုယ် ကောင်းရပေမှာ" ဆိုတဲ့ တေးစာသားနဲ့ တကယ့်သူတော် ကောင်းတွေရဲ့ စိတ်နေသဘောထားနဲ့ ကွာခြားမနေဘူးလား၊ တေးပြုစာဆိုများ လောက၊ ဓမ္မသဘာဝကျကျ ချိန်ဆပြီးမှ တေးပြုသင့်ကြောင်းပါ ဟူ၍ …။

(ကိုးနဝင်း ၁/၁၀)

## အနိစ္စကို အလှဆင် အကောင်းမြင်တတ်ကြပါစို့

သက်ကြီးပူဇော်ပွဲတစ်ခုတွင် ပူဇော်ခံများကိုယ်စား သက်ကြီးတစ်ဦး ဆုံးမြွေဝါဒစကား ပြောကြားသည်ကို ဤသို့မှတ်သားခဲ့ရ၏။

အကျိုးပြုဝါဒ

"အနိစ္စမမြဲခြင်းဆိုတဲ့ နိယာမတရားနဲ့အညီ ကျုပ်တို့တတွေ ငယ်ရာက ကြီးလာပြီး ကန်တော့ခံဘဝကို ရောက်လာကြပါပြီ။ အနိစ္စဆိုတာ အဟောင်းအသစ်ဖြစ်စဉ် ပြောင်းလဲမှုပါပဲ။ ရွက်ဟောင်းတွေကြွေတော့ ရွက်သစ်တွေ ဝေလာကြ

တာပါပဲ။ ရေဟောင်းတွေစီးဆင်းသွားတော့ ရေသစ်တွေ ရောက်လာပြန်တာပဲ။ ယခုလက်အုပ်ချီမိုး ရှိခိုးကန်တော့နေကြတဲ့ လူငယ်အားလုံး တစ်နေ့သောအခါမှာ ကန်တော့ခံလူကြီးဘဝရောက်ရမှာ မလွဲမသွေပါပဲ။ အဟောင်းနေရာ အစားထိုးရောက်လာမယ့် အသစ်တွေမှာ အလှတွေ ရှိပါတယ်။ အကောင်းမြင်ဖို့ လိုပါတယ်။ အကောင်းမြင်ဝါဒဟာ လူသားအကျိုးပြုတဲ့ ဝါဒပါ”

အကောင်းမြင်ဝါဒနှင့်အနိစ္စအလှတရား

အနိစ္စမမြဲခြင်းကိုပင် အလှဟု သူက အကောင်းမြင်သည်။ တစ်နည်းအားဖြင့် အကောင်းမြင်ဝါဒနှင့် အနိစ္စ၏ အလှတရားဆိုပါစို့၊ သူ့အမြင်ကို ကျွန်တော် သဘောကျနှစ်ခြိုက်သွား၏။ ဆက်လက်ပြီး အတွေးနယ်လည်း ချဲ့မိသည်။

## အဟောင်းတို့ ချုပ်ငြိမ်းရာမှာ အသစ်တို့ အစားထိုးခြင်း

ဘုရားဟောသည့် လက္ခဏာရေးသုံးပါးတွင် အနိစ္စ=မမြဲမှု၊ ပြောင်းလဲမှုက နံပါတ်တစ် ဖြစ်၏။ ဗုဒ္ဓနောက်ပေါ်ပေါက်လာသော ဒဿနပညာရှင်တွေကလည်း "Everything

is changing except changing. ဟူ၍ အနိစ္စသဘောကို လက်ခံလာကြသည်။ အဟောင်းအဟောင်း ချုပ်ငြိမ်းရာမှာ အသစ်အသစ် အစားထိုးခြင်း၊ "Replacement of the old by the new" ဟူ၍ ပြောဆိုရေးသားတွေးခေါ်သူများလည်း ရှိပေ၏။

**ဓေကန်တရားသဘောပေါက်လျှင် လွတ်မြောက်၏**

ဗုဒ္ဓဒေသနာအရ အို နာ သေ ဖြစ် တည် ပျက် (ဥပါဒ် ဌီ ဘင်) ဆိုသည်မှာ မမြဲခြင်းအနိစ္စသဘောတရား၏ သွင်ပြင်လက္ခဏာတွေ မဟုတ်ပါလော။ ကိုယ့်အလိုမပါ၊ အစိုးမရသဖြင့် အနတ္တာဟူ၍ ဟောထားသည်။ မလွန်ဆန်သာသော နိယာမတရားကို သဘောပေါက်ထားလျှင် သေရမှာကြောက်စရာ မရှိပေ။ အနောက်တိုင်းဒဿနမှာလည်း Freedom is the appreciation of necessity ဟူ၍လာသည်။ ဓေကန်တရားကို သဘောပေါက်လျှင် လွတ်မြောက်သည်ဟု အဓိပ္ပာယ်ရ၏။

**လူ့ဆန္ဒလူ့အလို တစ်ပြေးညီမလိုက်နိုင်**

သေရမည့်အတူတူ မသေခင်မှာ ပြောင်းလဲမှု၊ မမြဲမှု

အနိစ္စ၏ အလှတရားကို ရှာတွေ့လျှင် စိတ်သက်သာရာရမည်။ လွတ်လပ်ပေါ့ပါးမည်။ လူ့သက်တမ်းထက်ဝက်ကို ရောက်လာပြီဆိုလျှင် လူတွေ အိုရမှာ ကြောက်လာ၏။ လက်ရှိအနေအထားအတိုင်း မြဲနေချင်ကြသည်။ ကလေးတွေကျပြန်တော့ မြန်မြန်လူလားမြောက်ချင်ကြပြန်သည်။ ကလေးဘဝမှာ မြဲမနေစေချင်။ ဤသည်မှာ လူ့ဆန္ဒသာဖြစ်၏။ အချိန်နှင့်တစ်ပြေးညီ ပြောင်းလဲမှု သဘောတရားကမူ မည်သူ့ဆန္ဒကိုမှ လိုက်လျောမည် မဟုတ်ပေ။

## ပြောင်းလဲခြင်း အလှတရား

သဘာဝတရားကို ကြည့်ပါ။ နေ့နှင့်ည တစ်လှည့်စီသွား၏။ နေ့မှာချည်းမြဲနေ၍ မဖြစ်သလို ညမှာချည်း မြဲနေ၍လည်းမဖြစ်။ နွေ မိုး ဆောင်း ဥတုသုံးပါးလည်း တစ်လှည့်စီပင်။ မိုးကို အလှည့်မပေးဘဲ နွေမှာချည်း တည်မြဲနေအောင် လုပ်ကြည့်ပါ။ လူသတ္တဝါတွေ ဘယ်လောက်ဒုက္ခရောက်လိုက်မည်နည်း။ အလားတူ (၁၂)လ တစ်လှည့်စီ လည်ပတ်ပြောင်းလဲနေရသည်။ ဤသည်ပင် အလှမည်၏။

လူ့ဘဝကို ကြည့်ဦးမလား။ ပဋိသန္ဓေဘဝ (၉)လ လွယ် (၁၀)လဖွားရသည်။ မမွေးနိုင်ဘဲ ဗိုက်ထဲမှာ မြဲကြည့်ပါ။ ကိုယ်ဝန်ဆောင်မိခင် ဘယ်လောက်ဒုက္ခရောက်မည်နည်း။ ကဲ မွေးပါပြီ၊ မွေးကင်းစဘဝမှာပဲ တည်မြဲရပ်တံ့နေ၍ မရပေ။ အသက်အရွယ်အလိုက် လူလားမြောက် ထွန်းပေါက်အောင်မြင်ဖို့လိုပြန်သည်။ ဤသည်ပင်လျှင် လူ့ဘဝဖြစ်စဉ် ပြောင်းလဲမှု အနိစ္စ၏ အလှတရားမဟုတ်ပါလော။ ပြောင်းသင့် ပြောင်းထိုက်သော ပြောင်းလဲမှုဖြစ်စဉ်ဟူသမျှအပေါ် အကောင်းမြင်ကြပါစို့ဟူ၍ …။

(မမွဝီရဂျာနယ် ၂၇-၄-၂၀၁၀)

မောင်ကျေးဇူး

# ဗုဒ္ဓဘာသာဝင်နှင့်ပွဲဖြိုးရေးအမြင်

အိန္ဒိယနိုင်ငံ၊ ကပိလဝတ်ပြည် (ယခုနီပေါ) မှ အိမ်ရှေ့စံသာကီဝင် သိဒ္ဓတ္ထမင်းသားသည် လောကီလူ့ဘုံကို ငြီးငွေ့၍ တောထွက်အမှန်တရား ရှာဖွေရာ ခရစ်မပေါ်မီ နှစ်ပေါင်း (၆၀၀)ခန့်တွင် တရားအလုံးစုံသိသော ဂေါတမမြတ်စွာဘုရားအဖြစ်သို့ ရောက်ရှိခဲ့၏။

ဗုဒ္ဓဝါဒ၏ အနှစ်ချုပ်မှာ သဘာဝအရှိတရားနှင့် ကြောင်းကျိုးဖြစ်စဉ် နိယာမတရားကိုသာ ယုံကြည်သက်ဝင်ခြင်း၊ ဖန်ဆင်းရှင်ဝါဒကို လက်မခံခြင်း၊ အတ္တဝါဒကိုပယ်၍ အနတ္တဝါဒကိုခံယူခြင်း၊ အနိစ္စ၊ ဒုက္ခ၊ အနတ္တလက္ခဏာရေးသုံးပါးကို သာနုလုံးသွင်းခြင်း၊ သိ ပယ်ဆိုက်ပွားသစ္စာလေးပါးတရားကို ကိုယ်တိုင်သိသလို လမ်းညွှန်ဟောပြောခြင်း၊ သံသရာဝဋ်ဆင်းရဲမှလွတ်ကင်းထွက်မြောက်နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုနိုင်ရေးတို့ဖြစ်သည်။

သဘာဝတရားနှင့်အညီ ဘယ်သူမပြု မိမိမှုဟုဆိုအပ်သော ကံ ကံ၏ အကျိုးနှင့် စကြဝဠာအနန္တသဘောကို ဗုဒ္ဓ

က ဟောကြားထားခဲ့ရာ ယနေ့သိပ္ပံပညာရှင်တို့ စောဒက တက်၍မရနိုင်အောင် ဗုဒ္ဓအမြင်က ခေတ်ရှေ့ပြေးခဲ့၏။ ဥပမာ နယူတန်၏ ရွေ့လျားမှုနိယာမတစ်ခုဖြစ်သော When There is an action, There will be equal and opposite reaction (လုပ်ဆောင်မှုတိုင်းတွင် ဆန့်ကျင်ဘက်တူညီသော တုန့်ပြန်မှု ရှိသည်။)သည် ဗုဒ္ဓ၏ ကံကံ၏အကျိုးနှင့် တစ်ထပ်တည်းပါဟု ပြောမရသော်လည်း သဘောချင်းဆင် တူသည်။ အလားတူပင် အာကာသ သိပ္ပံပညာရှင်တို့၏ တွေ့ရှိချက်ဟူသမျှသည် ဗုဒ္ဓ၏ အနန္တစကြဝဠာသဘောတရားကို အဘယ်မှာ ကျော်လွှားနိုင် မည်နည်း။

ဗုဒ္ဓလက်ထက်မှစ၍ ဗုဒ္ဓဝါဒကို အကြမ်းမဖက် မေတ္တာတရားသက်သက်ဖြင့် ပြန့်ပွားစေခဲ့ရာ အာရှနိုင်ငံများက ယုံကြည်ကိုးကွယ်ကြသည်။ မြန်မာ၊ သီဟိုဠ် (သီရိလင်္ကာ)၊ ထိုင်း၊ လာအို၊ ကမ္ဘောဒီးယားဟူ၍ ထေရဝါဒငါးနိုင်ငံရှိရာ သင်္ဂါယနာ (၂)ကြိမ်တင်နိုင်ခဲ့သော မြန်မာနိုင်ငံက ဦးဆောင် သည့်အခန်းမှ ပါဝင်၏။ တရုတ်၊ ဂျပန်၊ ကိုရီးယားစသော နိုင်ငံများကမူ မဟာယာနဗုဒ္ဓဘာသာကို ကိုးကွယ်ကြသည်။

ထေရဝါဒဗုဒ္ဓဘာသာသည် သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်နိဗ္ဗာန်ချမ်းသာမျက်မှောက်ပြုရေးကို ဦးတည်ရည်မှန်းသော်လည်း ဖြတ်သန်းရဦးမည့် လောကီလူမှုဘဝကို မျက်ကွယ်ပြုလျစ်လျူရှုခြင်းမရှိပါပေ။

မင်္ဂလသုတ်ဆိုလျှင် လောကီလူမှုကြီးပွားချမ်းသာရေးရော၊ လောကုတ္တရာနိဗ္ဗာန်ချမ်းသာပါ လမ်းညွှန်ဟောကြားထားခဲ့၏။ သိင်္ဂါလောဝါဒသုတ်မှာလည်း အပြန်အလှန် လိုက်နာရမည့်လူမှုကျင့်ဝတ်များ အပြည့်အစုံဟောကြားခဲ့သည်။ လောကီကြီးပွားချမ်းသာကြောင်း သမ္ပဒါတရားလေးပါးနှင့် ပျက်စီးကြောင်းတရားလေးပါး၊ စီးပွားပျက်ကြောင်းတရားခြောက်ပါး၊ နာယကဂုဏ် ခြောက်ပါး၊ တိုင်းပြည်စည်ကားကြောင်း အပရိဟာနိယတရားခုနစ်ပါး၊ သင်္ဂဟတရားလေးပါးနှင့် မင်းကျင့်တရားဆယ်ပါးပါမကျန် အကွက်စေ့အောင် ဟောကြားခဲ့ပေ၏။

လူငယ်တို့၏ ရပ်ရေးရွာရေးဆောင်ရွက်မှုများဆိုလျှင် မဟောသဓာဇာတ်တွင် ဖွားဖက်တော်တို့နှင့် ဇရပ်ဆောက်ပုံ၊ မဟောသဓနိုင်ငံတော်ပြုပြင်တည်ဆောက်ပုံ၊ ဇနကမင်းသား၏ ကြိုးစားအားထုတ်မှု၊ လုံ့လဝီရိယခွဲ၊ ဘုရားမပွင့်မီက မစလရွာ

ကြီးတွင် မာဃလုလင်နှင့်အပေါင်းပါတို့၏ တံမြက်လှဲ၊ အမှိုက်ရှင်း၊ ဇရပ်ဆောက်စသဖြင့် ရပ်ကျိုးရွာကျိုးဆောက်ရွက်ရာမှ မာဃသိကြာမင်းဖြစ်သွားသော ဇာတ်လမ်းစသည့်တို့ကို ကြည့်လျှင် ဖွံ့ဖြိုးရေးသဘောတရားရော လက်တွေ့သာဓကများပါ ဗုဒ္ဓဒေသနာမှာ ကြွယ်ဝပြီးဖြစ်ကြောင်းထင်ရှားသည်။

ဗုဒ္ဓဝါဒသဘောတရားများအဆင့်မြင့်သလောက်လောကီလူမှုကြီးပွားချမ်းသာရေးလမ်းညွှန်နီတိများ ကြွယ်ဝသလောက် ဗုဒ္ဓဘာသာကိုးကွယ်နိုင်ငံများက ကမ္ဘာနှင့်ယှဉ်လျှင် တိုးတက်ဖွံ့ဖြိုးရေးမှာ နေးကွေးနောက်ကျကျန်ရစ်ခဲ့ကြောင်း တွေ့ရမည်။

ယေဘုယျသုံးသပ်ကြည့်လျှင် ဗုဒ္ဓဘာသာဝင်ကို့သည် ဗုဒ္ဓဝါဒဒေသနာများကို လက်တွေ့လိုက်နာကျင့်သုံးမှု အားနည်းပြီး 'ရွတ်' တာလောက်နှင့်ကျေနပ်နေကြ၏။ လက်တွေ့လိုက်နာကျင့်သုံးရမည့် မင်္ဂလာတရားသည် အန္တရာယ်ကင်းအောင် ရွတ်ရသည့် ပရိတ်ကြီး(၁၁)သုတ်ထဲ ရောက်နေ၏။ မင်္ဂလာတရားကို သေချာလေ့လာလျှင် ဖွံ့ဖြိုးရေးအမြင်ပွင့်မှာ သေချာသည်။ သို့ရာတွင် သန္တုဋ္ဌိစ (ရောင့်ရဲလွယ်ခြင်း) အပေါ် အဓိပ္ပါယ်ကောက် လွဲရခြင်းသည် ဖွံ့ဖြိုးမှုနောက်ကျကျန်ခဲ့ရ

သည့် အကြောင်းတစ်ရပ်ဟု ဆိုနိုင်ပေ၏။ လောကီလူ့ဘောင်တွင် ဝိသမလောဘကို မလိုလားအပ်သော်လည်း လက်ရှိအခြေအနေထက် တိုးတက်ဖွံ့ဖြိုးလိုသည့် လောဘတော့ ရှိရပေမည်။ တင်းတိမ်ရောင့်ရဲနေလျှင် ရှေ့ဆက်မတိုးနိုင်။ ကံ ဉာဏ် ဝီရိယ အင်္ဂါစုံညီ ကြိုးစားအားထုတ်အလုပ်လုပ်ပါလျက် လုပ်သလောက် ဖြစ်မလာသည့်အပေါ်မှာတော့ ရောင့်ရဲနိုင်ရပေမည်။ ထပ်မံကြိုးစားအလုပ်လုပ်ဖို့တော့ လို၏။ သန္တုဋ္ဌိစကို လောကုတ္တရာပေတံနှင့် မတိုင်းတာသင့်ပေ။

မဟာဇနကထုံး နှလုံးမူ၍ ယောက်ျားမှန်သမျှ ဖွဲ လုံ့လ ဝီရိယရှိကြမည်ဆိုလျှင် လူမှုဖွံ့ဖြိုးရေး ရှေ့တန်းမရောက်ပါလော။ ဇာတ်တော်လာ မဟောသဓာကို အားကျအတုယူလျှင် စဉ်းစားဉာဏ်၊ တီထွင်ကြံဆဉာဏ်ပညာတွေ တိုးပွားမည်။ မဟောသဓာဇာတ်တော်လာ သားသုံးမျိုးကိုဖတ်ပြီး စာအုပ်ထဲမှာပဲထား မေ့သွားကြသည်။ ခံယူကျင့်သုံးရမှန်းမသိ မိဘတိုင်းက ကိုယ့်သားသမီးကို အတိဇာတဖြစ်အောင် ပျိုးထောင်ပေးမည်ဆိုလျှင် လူမှုဖွံ့ဖြိုးတိုးတက်ရေး ရှေ့တန်းရောက်မှာ သေချာသည်။

သိင်္ဂါလောဝါဒသုတ်လာ ဆရာ့ဝတ်နှင့်အညီ ဆရာစား

မချန်ဘဲ မိမိထက်တော်သောတပည့်များ မွေးထုတ်ပေးဖို့လို သလို ဆရာကောင်းတပည့်တိုင်းကလည်း ပန်းကောင်းပန်ရမည် ဟုဦးတည်၍ ဆရာထက်လက်ဝါးစောင်းထက်အောင် ကြိုးစား ကြမည်ဆိုလျှင် ဖွံ့ဖြိုးရေး ရေ့တန်းမရောက်ပါလော။

အဘိဓမ္မာပဋ္ဌာန်းကျမ်းဆိုပါစို့။ အသံမစဲ ရွတ်ဖို့သာ အာရုံစိုက်နေကြ၏။ ပဋ္ဌာန်း (၂၄)ပစ္စည်းတွင် လိုက်နာကျင့်သုံး စရာတွေ တစ်ပုံတစ်ပင်ရှိသည်။ အဓိပတိပစ္စယောကိုပဲကြည့်ပါ။

(၁) ဆန္ဒာဓိပတိ - အလိုဆန္ဒရည်မှန်း ချက်ကြီးမှုုးခြင်း

(၂) ဝီရိယာဓိပတိ - ကြိုးစားအားထုတ်မှုကြီးမှုုးခြင်း

(၃) စိတ္တာဓိပတိ - တကယ်လုပ်လျှင် အဟုတ်ဖြစ်ရမည် ဟူသော စိတ်ဓာတ်ကြီးမှုုးခြင်း

(၄) ဝီမံသာဓိပတိ - ချိန်ဆဆောင်ရွက်တတ်သည့် ပညာ ဉာဏ်ကြီးမှုုးခြင်းဟူ၍ (၄)ပါးရှိပါ၏။

အဓိပတိ (၄)ပါး ဦးထိပ်ထား၍ သိဒ္ဓတ္ထမင်းသား ဘုရားဖြစ်သလို လောကီလူ့အဖွဲ့အစည်းတွင် နိုင်ငံရေး၊ စီးပွား ရေး၊ လူမှုရေး၊ ပညာရေး၊ စာပေဂီတအနုပညာ အောင်မြင်

ကျော်ကြားသူတိုင်း ဤ(၄)ပါးနှင့် မကင်းပါ။ ပြည်တွင်းပြည်ပ ကမ္ဘာအရပ်ရပ်ရှိ မည်သည့်နီတိ၊ တက်ကျမ်းမှ ဤ(၄)ပါးကို မကျော်လွှားနိုင်ပါ။

ပဌာန်း(၂၄)ပစ္စည်းကို ရွတ်ရုံသာမက လက်တွေ့အသုံး ချလိုက်နာကျင့်သုံးကြမည်ဆိုလျှင် ဗုဒ္ဓဘာသာဝင်တိုင်း ဖွံ့ဖြိုး ရေး ရှေ့ရောက်ရမည်မှာ သေချာလှပေ၏။

ဗုဒ္ဓဘာသာဝင်တိုင်းသည် ဗုဒ္ဓသာသနာနှင့်အညီ လောကီလူမှုဖွံ့ဖြိုးရေးကို အားကြိုးမာန်တက် ဆောင်ရွက်သင့် ပေ၏။ ရွတ်ရုံမက လက်တွေ့အသုံးချဖို့ လိုပေသည်။

လူမှုဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်သဖြင့် မရှိသေး တာ ရှိလာပြီး မဖြစ်သေးတာ ဖြစ်လာပြီး ကြွယ်ဝလာပြီဆိုလျှင် လောကုတ္တရာအမြင်နှင့် လက္ခဏာရေးသုံးပါး ဆင်ခြင်ဖို့လို သည်။ သေလျှင် ကိုယ့်နောက်မပါမှန်း သေချာသည့် စည်းစိမ် ဥစ္စာကို အချိန်တန်စွန့်လွှတ်ရဲသည့် သတ္တိမွေးရမည်။ သစ္စာလေး ပါးကို နှလုံးသွင်းလျက် ဆင်းရဲငြိမ်းအေး တကယ့်ချမ်းသာရေး ကို ရှေးရှုသင့်ပါသည်။

(ခရီးဖော်မဂ္ဂဇင်း ၄/၁၀)

## လောကီလည်းဖွံ့ဖြိုး လောကုတ္တရာကျိုးလည်း ခံစားနိုင်စေ

ဗုဒ္ဓဝါဒ၏လိုရင်းအနှစ်ချုပ်မှာ သစ္စာလေးပါး သိရေး၊ အတ္တဝါဒကို ခဝါချ၍ အနတ္တဝါဒကို ခံယူနှလုံးသွင်းရေး၊ မဂ္ဂင်ရှစ်ပါး၏ အချုပ် သီလ၊ သမာဓိ၊ ပညာ သိက္ခာသုံးပါးကို ဖြည့်ကျင့်ရာမှ အာသဝေါတရားလေးပါး ခေါင်းပါးကင်းစင်ရေး နောက်ဆုံးရည်မှန်းချက်ပန်းတိုင်မှာ သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်၍ ဆင်းရဲငြိမ်းအေးချမ်းသာရေးတည်းဟူသော နိဗ္ဗာန် မျက်မှောက်ပြုရေးပင် ဖြစ်ပါသည်။

ဤသည်မှာ လောကမှ လွတ်မြောက်ရာ လောကုတ္တရာ ရည်မှန်းချက်ဖြစ်၏။ အို နာ သေဘေးကင်းဝေး၊ ဆင်းရဲငြိမ်း အေးချမ်းသာရေးဖြစ်၍ အလွန်မွန်မြတ်လှပေသည်။ ဤသို့ဆို

သဖြင့် ဗုဒ္ဓဝါဒသည် လောကုတ္တရာသက်သက်ဟု အနက်အဓိပ္ပာယ်မရပေ။ လောကုတ္တရာ ရည်မှန်းချက်ပန်းတိုင်မရောက်မီ ကျင်လည်ကြရဦးမည့် သံသရာအတွက် လောကီကြီးပွါးချမ်းသာရေး (ဝါ) ပစ္စုပ္ပန်ဘဝ လောကီ ဖွံ့ဖြိုးတိုးတက်ရေး လမ်းညွှန်တရားများလည်း ဟောကြားခဲ့ပါသည်။

ဘုရားဟောခဲ့သည့် မင်္ဂလာတရား (၃၈)ပါးကို နီးစပ်ရာ အနှစ်ချုပ်လျှင် ပေါင်းသင်းဆက်ဆံရေး၊ နေထိုင်ရေး၊ ပညာရေးနှင့် သင်ယူရေး၊ လုပ်ကျွေးပြုစုရေးနှင့် အသက်မွေးမှု၊ လူမှုရေး၊ မကောင်းမှုရှောင်ကြဉ် ကောင်းမှုယှဉ်ရေး၊ လူကောင်းလူတော်ဖြစ်ရေး၊ အောင်မြင်ရေး၊ အေးချမ်းသာယာရေး၊ စိတ်ဓာတ်ကြံ့ခိုင်ရေးဟူ၍ (၁၀)မျိုး ထွက်လာသည်။ ဤမင်္ဂလာတရား (၃၈)ပါးတွင် လောကီရော လောကုတ္တရာပါ အင်္ဂါ (၂)မျိုးလုံး အကျုံးဝင်၏။ မင်္ဂလာတရားကို လိုက်နာကျင့်သုံးသူတိုင်း ကြီးပွါးချမ်းသာမှာ သေချာသလို မင်္ဂလာတရားကို မလိုက်နာဘဲ ရေလိုက်လွဲနေသူများ ဆင်းရဲတွင်းနက်မှာ မြေကြီးလက်ခတ် မလွဲပါပေ။ နှစ်ဘက်စလုံးအတွက် အကောင်းအဆိုး အကျိုးပေး သာဓကများ အထင်အရှားရှိပြီး

ဖြစ်သည်။ အချုပ်အားဖြင့် မင်္ဂလာတရားနှင့်အညီ နေထိုင်ကျင့်ကြံအားထုတ်မည်ဆိုလျှင် လောကီဖွံ့ဖြိုး ကြီးပွားချမ်းသာ ရုံမက လောကုတ္တရာ နိဗ္ဗာန်ချမ်းသာပါ ခံစားရပေမည်။

လောကီ လူမှုဖွံ့ဖြိုး စီးပွါးရေး တိုးတက်ချမ်းသာလိုပါလျှင် လမ်းမှန်ကို ညွှန်ပြနိုင်သူ ပညာရှိ၊ ပညာရှင်နှင့် ပေါင်းရန် သင့်လျော်သော အရပ်၌ နေထိုင်ရန်၊ ပညာ ဗဟုသုတ အကြားအမြင် ကြွယ်ဝရမည့်အပြင် အတတ်ပညာ တစ်ခုခု ကျွမ်းကျင်အောင် သင်ယူထားရန်၊ အနှောင့်အယှက် အရှုတ်အထွေးကင်းသော အသက်မွေးဝမ်းကျောင်း အလုပ်ကို ဆုံးခန်းတိုင် လုပ်ရန်၊ မဟာဇနက မင်းသားကဲ့သို့ ရည်မှန်းချက်ထားပြီး ခွဲလုံ့လ ဝီရိယနှင့် စွန့်စားကြိုးပမ်းရန်၊ မဟောသဓာကဲ့သို့ ပညာယှဉ်ပြီး နိုင်ငံတော် ပြုပြင်လိုစိတ် မွေးရန်၊ မစလရွာသား မာဃလုလင် ဦးဆောင်သော လူငယ် (၃၃) ဦးကဲ့သို့ ရပ်ရွာဖွံ့ဖြိုးရေးလုပ်ငန်းများ လုပ်ရန်၊ ကိုယ်စွမ်း ဉာဏ်စွမ်းရှိသမျှ ကြိုးပမ်းအလုပ်လုပ်ရန်နှင့် ရသမျှအပေါ် ရောင့်ရဲတင်းတိမ်ရန်၊ မကုန်သင့်တာ မကုန်အောင် ခြိုးခြံချွေတာရန် လိုအပ်ပေသည်။ ဤသည်မှာ မင်္ဂလာတရားတော်နှင့်အညီ ဖြစ်ပါ၏။

ဗုဒ္ဓဒေသနာ လောကီသမ္ပဒါတရား လေးပါးကို ကြည့်ပါ။

၁။ ဥဋ္ဌာနသမ္ပဒါ - ထကြွလုံ့လဝီရိယနှင့် ပြည့်စုံခြင်း

၂။ အာရက္ခသမ္ပဒါ - ရလာသောဥစ္စာပစ္စည်းကို မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း

၃။ ကလျာဏမိတ္တသမ္ပဒါ - မိတ်ကောင်းဆွေကောင်းနှင့် ပေါင်းဖော်ခြင်း

၄။ သမဇီဝိတာသမ္ပဒါ - ကိုယ့်မှာရှိသည့် ပစ္စည်းနှင့် တိုင်းထွာ၍ ညီမျှစွာ အသက်မွေးခြင်း

စီးပွါးဥစ္စာ ကြိုးစားရှာဖွေသူများ ကံ ဉာဏ် ဝီရိယနှင့်အညီ ဤလောကီ သမ္ပဒါလေးပါးနှင့် ပြည့်စုံပါက တစ်ဦးချင်း ကြီးပွါးချမ်းသာမှာ သေချာလှပေ၏။ လောကီ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးစည်ပင်မှာ သေချာ၏။

ထို့အပြင် ဘုရားရှင် ဟောကြားချက်နှင့်အညီ ကြီးပွါး

တိုးတက်ကြောင်း ယသဝဍ္ဎနတရား ခုနစ်ပါးကိုလည်း တောင်ဖီလာဆရာတော်က ဤသို့ ရေးသားခဲ့သည်။

၁။ ဥဋ္ဌာန - မပျင်းမရိ လုံ့လဝီရိယရှိခြင်း

၂။ သတိ - သတိသမ္ပဇဉ်ရှိခြင်း

၃။ သုစိကမ္မဿ - လုပ်ငန်း၌ သန့်ရှင်းသပ်ရပ် ကောင်းမွန်ခြင်း

၄။ နိသမ္မကာရိနော - စူးစမ်းဆင်ခြင်၍ ပြုလေ့ရှိခြင်း

၅။ သညတဿ - ကိုယ်၊ နှုတ်၊ စိတ်ကို နိုင်နင်းစွာ စောင့်ထိန်းခြင်း

၆။ ဓမ္မဇီဝိနော - တရားသဖြင့် အသက်မွေးခြင်း

၇။ အပ္ပမတ္တဿ - ကုသိုလ်ကောင်းမှု၌ မေ့လျော့ပေါ့ဆမှုမရှိခြင်း

**ဆောင်ပုဒ်**

'တရားခုနစ်ပါး၊ ကျင့်ပါငြား၊ ကြီးပွါးဖွံ့ဖြိုးတိုးတက်မည်'

လောကီလူမှုဘဝတွင် ကြိုးစားစီးပွါးရှာသဖြင့် ကြီးပွါးချမ်းသာပြီဆိုပါစို့။ ကောက်ရိုးသင်္ခါရ နေရာသံသင်္ခါရ

အစားထိုး အခိုင်အမာ ဖွံ့ဖြိုးတိုးတက်ပြီ ဆိုပါစို့။ လောကုတ္တရာ အမြင် သတိယှဉ်၍ အသိဉာဏ် ဝင်ရပါမည်။ ပစ္စည်းဥစ္စာ ပေါ်မှာ စွဲလန်းတွယ်တာမှု သံယောဇဉ်ဖြတ်နိုင်ရပေမည်။ ကိုယ် သေလျှင်လည်း ကိုယ့်နောက်ပါမည်မဟုတ်။ မသေခင်မှာ မိဘ ဘိုးဘွားမှစ၍ ကျေးဇူးရှိဖူးသူဟူသမျှအပေါ် ကျေးဇူးဆပ်ခြင်း တည်းဟူသော ကြွေး ဟောင်းဆပ်မှု၊ သားသမီးမြေးမြစ်တို့ကို စားဝတ်နေရေး၊ ပညာရေး၊ ကျန်းမာရေးမှစ၍ ပြုစုပျိုးထောင် ပေးခြင်းတည်းဟူသော ကြွေးသစ်ချမှု၊ ဒါန သီလ ဘာဝနာ အလုပ် အားထုတ်ခြင်းတည်းဟူသော ရွှေအိုးမြှုပ်နှံမှုတို့ကို ပြုရ ပေမည်။

"စည်းစိမ်ဥစ္စာ၊ အနှစ်ရှာ၊ ပြုပါဒါနမှတ်၊
အသက်ဇီဝါ၊ အနှစ်ရှာ၊ စောင့်ပါသီလမှတ်၊
မိမိခန္ဓာ၊ အနှစ်ရှာ၊ ပွါးပါဘာဝနာမှတ်"

ဟူ၍ ဟောရိုးဟောစဉ်ရှိသည် မဟုတ်ပါလော။

လောဘ၊ ဒေါသ၊ မောဟတရားဆိုး ဟိတ်သုံးပါးကို မပယ်နိုင်ဘဲ သိမ်းပိုက်ထားပါက လောဘနှင့် သေလျှင် ပြိတ္တာ၊ ဒေါသနှင့်သေလျှင် ငရဲ၊ မောဟနှင့်သေလျှင် တိရစ္ဆာန်ဘုံဘဝ

အပါယ်ကျသည့် နိယာမသဘောကို သိထားဖို့ သတိရှိဖို့ အမှန်တကယ် လိုအပ်ပေ၏။ လှူဒါန်းပေးကမ်းစွန့်ကြဲလိုမှု (အလောဘ)၊ ချစ်ခြင်းမေတ္တာ (အဒေါသ)၊ သိမှုဝိဇ္ဇာ (အမော ဟ) တည်းဟူသော ကောင်းသည့် ဟိတ်သုံးပါးကိုမူ ဆောင်နိုင် အောင် ကြိုးစားရပေမည်။

မိဘအမွေအနှစ် ဓနဥစ္စာဟူသမျှ လှူဒါန်းစွန့်ကြဲပြီး လောကုတ္တရာကျိုး မျှော်ကိုး၍ ရသေ့ဝတ်ကာ ဘုရားဆုပန် သွားသော သုမေဓာရှင်ရသေ့၊ မိဘအမွေ ထီးနန်းကိုရအောင် ကြိုးစားသဖြင့် ရှင်ဘုရင်ဖြစ်ပြီးမှ ထီးနန်းစည်းစိမ်ကို စွန့်ကာ လောကုတ္တရာကျိုးအတွက် တောထွက် တရားရှာခဲ့သော မဟာ ဇနကမင်းကြီး၊ စကြဝတေးမင်းဖြစ်ရမည်ကိုမမက် တောထွက် ဘုရားဖြစ်အောင် ကျင့်ခဲ့သော သိဒ္ဓတ္ထမင်းသား စသည်တို့သည် ထင်ရှားသည့် ကျမ်းဂန်သာဓက အချို့ဖြစ်ပါ၏။

အင်းဝခေတ်က တောရဆောက်တည်လျက်ရှိ သော ရွှေဥမင်ဆရာတော်က နမူနာပြ ဆုံးမသြဝါဒကြောင့် သံဝေဂ ရသွားသော မင်းဆရာ တောင်ဖီလာဆရာတော်သည် လော ကုတ္တရာကျိုးအတွက် စစ်ကိုင်းချောင်ထွက် တောရဆောက်

တည် တရားအားထုတ်ခဲ့ပုံကိုလည်း အတုယူစရာ ကောင်းလှပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် မိုးညှင်းဝိပဿနာ၊ မိုးကုတ်ဝိပဿနာ၊ မဟာစည်ဝိပဿနာ၊ သဲအင်းဂူဝိပဿနာ၊ လယ်တီဝိပဿနာ အစရှိသော တရားစခန်း၊ ကမ္မဋ္ဌာန်းရိပ်သာကျောင်းတွေ ထွန်းကားနေပါသည်။ ပြည်တွင်း၌သာမက ပြည်ပတရားစခန်းများသို့ပါ ကြွလှမ်းတရားပြနေပါပြီ။

တရားချစ်ခင် သူတော်စင်တို့သည် လောကီလူမှု ဖွံ့ဖြိုးရေးမှာချည်း နစ်မြုပ်မနေဘဲ လောကုတ္တရာအကျိုး ခံစားနိုင်ရေးအတွက် တရားစခန်းများ ဝင်နိုင်ကြပါစေ၊ အသေမဦးမီ ဉာဏ်ဦး၍ တရားထူးများ ရနိုင်ပါစေဟူ၍ …။

(ခရီးဖော်မဂ္ဂဇင်း ၁၀/၂၀၁၀)

# စီးပွားညွှာ ကြိုးစားရှာ၊ သေရာမပါမှန်းလည်းသိ

ဒုတိယကမ္ဘာစစ် မဖြစ်မီက ဆရာဇော်ဂျီနှင့် မင်းသုဝဏ်တို့သည် အင်္ဂလန်သို့ ပညာတော်သင်သွားရာ အင်္ဂလန်ရောက်ရောက်ချင်း ဖွံ့ဖြိုးတိုးတက်မှုတွင် မြန်မာတို့ ခေတ်နောက်ကျ ကျန်ရစ်ခဲ့ပြီဟု ခံစားမိကြ၏။ နှစ်ယောက်ပေါင်း၍ 'ခရီးသည်' စာအုပ်ထုတ်ဝေခဲ့ရာ 'ကောက်ရိုးသင်္ချိုင်း၊ သံသင်္ချိုင်း'' ဟူသော အကြောင်းအရာကို ဖတ်ရှုမိ၏။ မြန်မာတို့က အရာရာဖြစ်ပျက် သင်္ခါရပဲဟုခံယူပြီး အခိုင်အမာဘာမှမလုပ်ကြသဖြင့် ကောက်ရိုးသင်္ခါရဟု တင်စားနိုင်ပုံ၊ အင်္ဂလိပ်တို့အဖို့ ဖြစ်ပျက်သင်္ခါရသဘောကို မငြင်းပယ်သော်လည်း လမ်းတံတား၊ အဆောက် အအုံတွေ အခိုင်အမာဆောက်ထားပုံ၊ ကား၊ ရထား၊ လေယာဉ် တွေနှင့် စက်ရုံ၊ အလုပ်ရုံ စသဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်နေ ပုံများကြည့်ပြီး သံသင်္ခါရဟု တင်စားခေါ်နိုင်ပုံ နှိုင်းယှဉ်ဖော်ပြထားသည်။

ယခုဆိုလျှင် မြန်မာနိုင်ငံ လွတ်လပ်ရေးရသည်ပင် အနှစ် (၆၀)ကျော်ပြီ။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်ကြီးကို တည်ဆောက်လျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံအဆင့်မှာပဲ ရှိသေး၏။ အိမ်နီးချင်းပတ်ဝန်းကျင်အပြင် ကမ္ဘာ့နိုင်ငံများနှင့်ပါ ရင်ပေါင်တန်းနိုင်ဖို့ များစွာကြိုးပမ်းရပါဦးမည်။ တစ်ဦးချင်းစီ၏ လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားမှလည်း တစ်ပြည်လုံးမြင့်မည်။ အခြေခံကျသည့် တစ်ဦးချင်းကို ဦးတည်ဆွေးနွေးလိုပေသည်။

"မင်္ဂလာတရား၊ လက်ကိုင်ထား၊ ကြီးပွားချမ်းသာမည်"

ရှင်တော်ဗုဒ္ဓ ဟောညွှန်ပြသည့် သုံးဆယ့်ရှစ်ဖြာမင်္ဂလာတရားတော်ကို လိုက်နာကျင့်သုံးမည်ဆိုလျှင် လောကီလူ့ဘဝကြီးပွားချမ်းသာရုံသာမက လောကုတ္တရာ နိဗ္ဗာန်ချမ်းသာအထိ အကျိုးပေးနိုင်ပါ၏။

လောကီစီးပွားဥစ္စာ ကြိုးစားရှာမည်ဆိုပါက ဥပမာ သင့်တော်သောအရပ်၌ နေထိုင်ရပါမည်။ သို့မဟုတ် ကိုယ်နေထိုင်ရာအရပ်ဒေသရပ်ရွာကို သင့်တော်လျောက်ပတ် မတိုရှုပ

ဖြစ်အောင် ဖန်တီးနိုင်ရပါမည်။ မိမိကိုယ်ကို ထိန်းချုပ်နိုင်ရမည်။ လောကီလောကုတ္တရာ ဗဟုသုတအဖြာဖြာနှင့် ပြည့်စုံရမည်။ စက်မှုလက်မှု အတတ်ပညာတစ်ခုခု တတ်မြောက်၍ အသက်မွေးမှု မှန်ကန်ရမည်။ သူတစ်ပါးကို မထိခိုက်စေရ။ ရပ်ရွာဖွံ့ဖြိုးမှု လူထုအကျိုးပြုလုပ်ငန်းများ ပါဝင်ဆောင်ရွက်ရမည်။ အမြင့်ဆုံးကို မျှော်မှန်းကြိုးပမ်းအားထုတ် အလုပ်လုပ်ရမည်ဖြစ်သော်လည်း ရသမျှနှင့် ကျေနပ်ရောင့်ရဲတင်းတိမ်ရမည်။ မတော်လောဘကို ထိန်းချုပ်တားဆီးနိုင်ရမည်။

ဗုဒ္ဓဒေသနာ လောကီသမ္ပဒါတရားလေးပါးကို ကြည့်ပါ။

(၁) ဥဋ္ဌာနသမ္ပဒါ = ထကြွလုံ့လဝီရိယနှင့် ပြည့်စုံခြင်း

(၂) အာရက္ခသမ္ပဒါ = ရလာသောဥစ္စာပစ္စည်းကို မပျောက်ပျက်ရအောင် ထိန်းသိမ်းစောင့်ရှောက်ခြင်း

(၃) ကလျာဏမိတ္တသမ္ပဒါ = မိတ်ဆွေကောင်းနှင့် ပေါင်းဖော်ခြင်း

(၄) သမဓိဝိတာသမ္ပဒါ = ကိုယ့်မှာရှိသည့် ပစ္စည်းနှင့် တိုင်းထွာ၍ ညီမျှစွာ အသက်မွေးခြင်း။

စီးပွားဥစ္စာရအောင် ရှာလိုသူများ ကံ၊ ဉာဏ်၊ ဝီရိယနှင့် အညီ ဤလောကီသမ္ပဒါလေးပါးနှင့် ပြည့်စုံပါက ကြီးပွားချမ်းသာမှာ သေချာလှပေ၏။

ထိုမှတစ်ပါး ဘုရားဟောနှင့်အညီ ကြီးပွားတိုးတက်ကြောင်း ယသဝဍ္ဍနတရား ခုနစ်ပါးကို တောင်ဘီလာဆရာတော်က ဤသို့ရေးသားဖော်ပြခဲ့သည်။

(၁) ဥဋ္ဌာန = မပျင်းမရိ လုံ့လဝီရိယရှိခြင်း

(၂) သတိ = သတိသမ္ပဇဉ်ရှိခြင်း

(၃) သုကမ္မဿ = လုပ်ငန်း၌ သန့်ရှင်းသပ်ရပ် ကောင်းမွန်ခြင်း

(၄) နိသမ္မကာရိနော = စူးစမ်းဆင်ခြင်၍ ပြုလေ့ ရှိခြင်း

(၅) သညတဿ = ကိုယ်၊ နှုတ်၊ စိတ်ကို စောင့်ထိန်းနိုင်ခြင်း

(၆) ဓမ္မဇီဝိနော = တရားသဖြင့် အသက်မွေးခြင်း

(၇) အပ္ပမတ္တာသဝ = ကုသိုလ်ကောင်းမှုပြုရန် မမေ့လျော့ခြင်း

"တရားခုနစ်ပါး၊ ကျင့်ပါကြား၊ ကြီးပွားတိုးတက်မည်" ဟူ၍ စာရေးသူက ဆောင်ပုဒ်စီထားပါ၏။

လောကီလူမှုဘဝတွင် ကြိုးစားရှာဖွေသဖြင့် ကြီးပွားချမ်းသာပြီဆိုပါစို့။ ကောက်ရိုးသင်္ခါရနေရာ သံသင်္ခါရအစားထိုး အခိုင်အမာဖွံ့ဖြိုးတိုးတက်ပြီဆိုပါစို့။ လောကုတ္တရာ အမြင့်အသိဉာဏ်ယှဉ်ရပါမည်။ ပစ္စည်းဥစ္စာပေါ်မှာ စွဲလမ်းတွယ်တာမှု သံယောဇဉ် ဖြစ်တတ်နိုင်ရပေမည်။ ကိုယ်သေလျှင်လည်း ကိုယ့်နောက်ပါမှာမဟုတ်။ မသေခင်မှာ မိဘဘိုးဘွားမှစ၍ ကျေးဇူးရှိဖူးသူဟူသမျှအပေါ် ကျေးဇူးဆပ်ခြင်းတည်းဟူသော ကြွေးဟောင်းဆပ်မှု၊ သားသမီးမြေးမြစ်တို့ကို စားဝတ်နေရေး ပညာရေး ကျန်းမာရေးမှအစ ပြုစုပျိုး ထောင်ပေးခြင်းတည်းဟူသော ကြွေးသစ်ချမှု၊ ဒါန၊ သီလ၊ ဘာဝနာအလုပ် အားထုတ်ခြင်းတည်းဟူသော ရွှေအိုးမြှုပ်နှံမှုတို့ကို ပြုရပေမည်။ "စည်းစိမ်ဥစ္စာ အနှစ်ရှာပြုပါ ဒါနမှတ်၊ မိမိခန္ဓာ အနှစ်ရှာ၊ ပွားပါဘာဝနာမှတ်" ဟူ၍ ဟောရိုး ဟောစဉ် ရှိသည်မဟုတ်ပါလော။

လောဘ၊ ဒေါသ၊ မောဟ တရားဆိုး ဟိတ်သုံးပါးကို မပယ်နိုင်ဘဲ သိမ်းပိုက်ထားပါက လောဘနှင့်သေလျှင် ပြိတ္တာ၊ ဒေါသနှင့်သေလျှင် ငရဲ၊ မောဟနှင့်သေလျှင် တိရစ္ဆာန်ဘုံဘဝ အပါယ်ကျတတ်သည့် နိယာမသဘောကို သိထားဖို့ သတိရှိဖို့ အထူးလိုအပ်ပေသည်။ အခြားတစ်ဖက်တွင် အလောဘ (လှူဒါန်း၊ ပေးကမ်း၊ စွန့်ကြဲလိုမှု)၊ အဒေါသ (ချစ်ခြင်း မေတ္တာ)၊ အမောဟ (သိမှုဝိဇ္ဇာ)တည်းဟူသော ကောင်းသည့် ဟိတ်သုံးပါးကို ဆောင်နိုင်အောင် ကြိုးစားရမည်။

မိဘ၏ အမွေအနှစ် ဓနဥစ္စာဟူသမျှ လှူဒါန်းစွန့်ကြဲပြီး ရသေ့ဝတ်သွားသော သုမေဓာရှင်ရသေ့၊ မိဘအမွေထီးနန်းကို ရအောင်ကြိုးစားသဖြင့် ရှင်ဘုရင်ဖြစ်ပြီးမှ ထီးနန်းစည်းစိမ်ကို စွန့်ကာ တောထွက်တရားရှာသော မဟာဇနကမင်းကြီး၊ ဒါနပါရမီဖြည့်ခဲ့သည့် ဝေဿန္တရာမင်း၊ စကြာဝတေးမင်းဖြစ်ရမည်ကို မမက် တောထွက် ဘုရားဖြစ်အောင် ကျင့်ခဲ့သော သိဒ္ဓတ္ထမင်းသား စသူတို့သည် ထင်ရှားသည့် ကျမ်းဂန်သာဓက အချို့ ဖြစ်ပါ၏။

အင်းဝခေတ်က တောရဆောက်တည်လျက် မင်းဆရာ

တောင်ဘီလာကို ပညာပေးခဲ့သော ရွှေဥမင်ဆရာတော်ကြီးကို ကြည်ညိုရသလို လူအိုရုံ (ဘိုးဘွားရိပ်သာ) ဆောက်လုပ်လှူဒါန်းသော ဘွားဦးဇွန်း၊ ဆွံ့အနားမကြားကျောင်းနှင့် မျက်မမြင်ကျောင်း ဆောက်လုပ်လှူဒါန်းသူများ၊ ဆင်းရဲသားဘဝမှ ရှန်းကန်လှုပ်ရှား သူဌေးဖြစ်သွားသူတို့၏ မန္တလေးမစိုးရိမ်စာသင်တိုက်၊ ပဲခူးမြို့ ကလျာဏီသိမ်၊ ရန်ကုန်မြို့ ပဥ္စနိကာယ်စာသင်တိုက်များ ဆောက်လုပ်လှူဒါန်းမှုတို့ကိုလည်း ဝမ်းမြောက်နှမော် သာဓုခေါ်ရပေသည်။

ကျောက်ကပ်ဆေးရုံ ဆောက်လုပ်လှူဒါန်းခဲ့သည့် ဟာဂျီမဒေါ်ပု၊ ပခုက္ကူ ဦးအုံးဖေစာပေဆု မတည်အလှူရှင် ဦးအုံးဖေ (ပခုက္ကူဦးအုံးဖေ စာကြည့်တိုက်ပါဆောက်လှူ)၊ ကင်ဆာဖောင်ဒေးရှင်းအလှူရှင် ဦးလှထွန်း၊ နာဂစ်မုန်တိုင်းသင့်ဒေသများသို့ ပြည်တွင်းပြည်ပ အလှူရှင်များ စသဖြင့် ယခုပစ္စုပ္ပန်ဘဝတွင် အများပြည်သူအကျိုးရှိအောင် လှူဒါန်းပေးကမ်းမှုများကို မြင်တွေ့ကြားသိနေရသည်မှာ အလွန်ပီတိဖြစ်စရာပါ။

အမေရိကန်မှ မိုက်ကရိုဆော့ဖ် တည်ထောင်သူ ကမ္ဘာ့

အချမ်းသာဆုံး သူဌေးကြီး ဘစ်လ်ဂိတ်ဆိုလျှင် အလှူအတန်း အလွန်ရက်ရောသည်။ အလှူဒါနသာမကအချို့ ထုတ်ပြရလျှင် ကလေးများ စဉ်းစားဉာဏ်တိုးတက်အောင် ကစားနည်း အတွက် ဒေါ်လာတစ်သန်း၊ ရောဂါသုံးမျိုး တားဆီးကာကွယ် တိုက်ဖျက်ရေးအတွက် ဒေါ်လာ သန်း (၅၀၀)၊ အာဖရိကအမျိုး သားများ ကျန်းမာရေးစောင့်ရှောက်ရန် ဒေါ်လာ သန်း(၅၀)၊ ကမ္ဘာ့ကျောက်ရောဂါတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့သို့ ဒေါ်လာ သန်း(၇၅၀)၊ ကျောက်ရောဂါ ကင်းဝေးပပျောက်ရေး ကျောက် ဆေးရည် သုတေသနအတွက် (၁၀)ဘီလျံဒေါ်လာအစရှိသဖြင့် လူမှုဖွံ့ဖြိုးရေးနှင့် လူထုအကျိုးပြုလုပ်ငန်းများအတွက် လှူဒါန်းခဲ့ သည်မှာ အလွန်ချီးကျူးလေးစားဖို့ ကောင်းလေစွ။

စီးပွားဥစ္စာ ကြိုးစားရှာသဖြင့် ရလာပြီဆိုလျှင် ပစ္စုပ္ပန် သံသရာတွင် မိမိအတွက်ရော အများပြည်သူအတွက်ပါ အကျိုး ရှိအောင် လှူဒါန်းပေးကမ်းခြင်း၊ အနာဂါမိက ရွှေအိုးများ မြှုပ်နှံ ခြင်း ပြုနိုင်ကြပါစေဟူ၍ ...။

(အတွေးအမြင်စာစောင် ၁၀/၂၀၁၀)

## စာရေးဆရာ မောင်ကျေးငှက်၏ ကိုယ်ရေးအကျဉ်း



တောင်တွင်းကြီးမြို့နယ်၊ ဗိသုနိုးမြို့ဟောင်းနှင့် ရန်ပယ်ချောင်းအကြားရှိ ဂျုတ်ကုန်းကျေးရွာမှ တောင်သူလယ်သမား၊ လက်သမား၊ ပန်းချီဆရာကြီး ဦးကုလား+ဒေါ်ရွှေခင်တို့၏ တတိယမြောက်သား၊ မြန်မာ (၁၃၀၁)ခုနှစ်ဖွား၊ အမည်ရင်း ဦးကျော်စိုး ဖြစ်ပါသည်။

ဇာတိရွာ စာသင်ကျောင်း၊ တောင်တွင်းကြီးမြို့ နိုင်ငံတော်တန်းမြင့်ကျောင်း (ယခု အ.ထ.က-၁)၊ ရန်ကုန်တက္ကသိုလ်နှင့် ပညာရေးတက္ကသိုလ်တို့မှာ ပညာသင်ကြားခဲ့ပြီး BA, Dip: Ed; RL ဘွဲ့များ ရရှိခဲ့ပါသည်။

(၁၉၆၂) မှ (၂၀၀၀)ပြည့်နှစ်အထိ အထက်ချင်းတွင်းခရိုင် မော်လိုက်+ဖောင်းပြင်+တမူး၊ မှော်ဘီခရိုင် လှည်းကူး၊ ဟံသာဝတီခရိုင် ကော့မှူး၊ မင်္ဂလာဒုံဗဟို နိုင်ငံရေးသိပ္ပံကျောင်း

(နောင် ဗ·န·တ)၊ တောင်ငူမြို့ တိုင်းတပ်တွင်း ပညာပေး သင်တန်းကျောင်း၊ ရန်ကုန်တိုင်း ရန်ကင်းနှင့်တွံတေး၊ အခြေခံ ပညာဦးစီးဌာနရုံးချုပ် မင်္ဂလာတောင်ညွန့်မြို့နယ်များသို့ လှည့်လည်၍ ပညာအုပ် (ခရိုင်ပညာဝန်ပူးတွဲ)၊ ပါတီယူနစ် ကော်မတီဝင် (လူထုရေးရာမှူး)၊ နိုင်ငံရေးသိပ္ပံ လ/ထ ကထိက၊ လ / ထ မြို့နယ်ပညာရေးမှူး၊ အလယ်တန်း ကျောင်းအုပ်၊ စာရိတ္တနှင့် ပြည်သူ့နီတိ သင်ရိုးလက်ထောက်၊ အထက်တန်းကျောင်းအုပ် (မြို့နယ်ပညာရေးမှူးပူးတွဲ) တာဝန် အသီးသီး ထမ်းဆောင်ခဲ့ပြီး သက်ပြည့် အငြိမ်းစားယူခဲ့ပါ သည်။ (၂၀၀၂)ခုနှစ်၊ ဇူလိုင်လမှစ၍ ပညာတန်ဆောင်မဂ္ဂဇင်း တွင် စာတည်းတာဝန် ထမ်းဆောင်လျက် ရှိပါသည်။

(၁၉၅၇)ခုနှစ်၊ ဩဂုတ်ထုတ် သွေးသောက်မဂ္ဂဇင်းတွင် စိုးယုဆွေ ကလောင်အမည်ဖြင့် "ပေါင်းသင်းဆက်ဆံရေး" ဆောင်းပါး ရေးပြီး စာပေနယ် စဝင်ခဲ့သည်။ အခြားကလောင် ခွဲများမှာ တောင်တွင်းမင်းစိုးနှင့် သူရိန်စိုး (ပညာ)တို့ ဖြစ်ပါ သည်။

ရန်ကုန်မြို့၊ ချမ်းမြေ့ရိပ်သာကျောင်း ဝေယျာဝစ္စအဖွဲ့

တွင် အမှုဆောင်အဖြစ် ဆယ်နှစ်ကြာ ဆောင်ရွက်ခဲ့ပါသည်။ ယခုအခါ တောင်တွင်းကြီးမြို့နယ်အသင်း (ရန်ကုန်)မှာ ဒု-ဥက္ကဋ္ဌ၊ မရမ်းကုန်းမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့တွင် ဥက္ကဋ္ဌအဖြစ် (၂)ကြိမ်၊ ယခု နာယက စာပေညီလာခံကိုယ်စားလှယ်၊ ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် တာဝန်ထမ်းဆောင်လျက် ရှိပါသည်။

မရမ်းကုန်းမြို့နယ် ဘုရင့်နောင်မဂ္ဂဇင်း၊ အထက တွံတေး ရွှေရတုမဂ္ဂဇင်း၊ တောင်တွင်းကြီးမြို့နယ် မဂ္ဂဇင်း၊ အထက(၅) မင်္ဂလာတောင်ညွန့် ရွှေရတုမဂ္ဂဇင်း၊ တောင်တွင်းရွှေပြည်မဂ္ဂဇင်းတို့ကို အယ်ဒီတာချုပ် တာဝန်ယူ ထုတ်ဝေခဲ့ပါသည်။ စွယ်တော်မြတ်စေတီ၊ ဝိဇ္ဇာစရဏသမ္ပန္နောမွှောရုံ ကို ဦးစီးတည်ဆောက်လျက်ရှိပါသည်။

ကိုယ်ရေးကိုယ်ထုတ် သုခနဒီစာပေ မှတ်ပုံတင်၍ မြန်မာ့ရိုးရာ ပညာရေးလမ်းညွှန်၊ ရန်ပယ်ချောင်းဘေး ရွာကလေးနှင့် အခြားကဗျာများ၊ မြန်မာ့ကိုယ်ကျင့်လမ်းညွှန်၊ သုံးပါးရတနာစာပဒေသာ၊ လေ့လာမိသမျှ ပြည်ပပညာရေး၊ ပြည်ပဝတ္ထုပုံပြင် လက်ရွေးစင်နှင့် ပညာခေတ်ရာစုသစ်ဝယ်နှင့် အခြားကဗျာများ လုံးချင်းစာအုပ် (၇)အုပ် ထုတ်ဝေဖြန့်ချိ

ခဲ့သလို အခြားစာပေတိုက်များကလည်း ပုံပြင်မှ သင်ခန်းစာများ၊ အင်္ဂလိပ်စကားပုံများက ပြောပြသော ဘဝလမ်းညွှန်၊ နိုင်ငံစုံ ပုံပြင်လက်ရွေးစင်နှင့် စာစီစာကုံးစာအုပ်များ၊ လမ်းမှန်ညွှန်ပြ လူ့ဘဝ အနုပညာစာအုပ်များ ထုတ်ဝေဖြန့်ချိပေးခဲ့ပါသည်။ မိမိ တာဝန်ယူပြုစုခဲ့သော မူလတန်းပြည်သူ့နီတိစာအုပ်ကို အခြေခံပညာဦးစီးဌာန၊ ကျောင်းသုံးစာအုပ် ကော်မတီက ပုံနှိပ်ဖြန့်ချိခဲ့ပါသည်။

မရမ်းကုန်းမြို့နယ် (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ ဒေါ်လှခင်လမ်းသွယ်၊ အမှတ် (၂၃)တွင် ဇနီး ဒေါ်ခင်ယဉ်၊ သားသမီး မြေးတို့နှင့်အတူ နေထိုင်၍ စာနယ်ဇင်းမျိုးစုံတွင် စာမျိုးစုံကို ရေးသားဖွဲ့ဆို ဘာသာပြန်လျက် ရှိပါသည်။

# မောင်ကျေးငှက် ရေးသားထုတ်ဝေပြီးသော စာအုပ်များ


၁။ မြန်မာ့ရိုးရာ ပညာရေးလမ်းညွှန် (စာပေပေါင်းကူး) ၁၉၈၉

၂။ ရန်ပယ်ချောင်းဘေး ရွာကလေးနှင့်
အခြားကဗျာများ (သုခနဒီစာပေ) ၁၉၉၀

၃။ မြန်မာ့ကိုယ်ကျင့်လမ်းညွှန် (သုခနဒီစာပေ) ၁၉၉၁

၄။ မူလတန်းပြည်သူ့နီတိ (အခြေခံပညာဦးစီးဌာန
ကျောင်းသုံးစာအုပ်ကော်မတီ) ၁၉၉၃-၉၄

၅။ သုံးပါးရတနာစာပဒေသာ (သုခနဒီစာပေ) ၁၉၉၄

၆။ မြန်မာ့ရိုးရာပညာရေးလမ်းညွှန် (ဒုတိယအကြိမ်)
(သုခနဒီစာပေ) ၁၉၉၄

၇။ လောကဓမ္မသမ္မ ပြည်ပပညာရေး (သုခနဒီစာပေ) ၁၉၉၅

၈။ ပြည်ပဝတ္ထုပုံပြင်လက်ရွေးစင် (သုခနဒီစာပေ) ၁၉၉၆

၉။ ပုံပြင်မှ သင်ခန်းစာများ (မြန်မာနိုင်ငံခရစ်ယာန်
စာပေအသင်း) ၁၉၉၉

၁၀။ မြန်မာ့ကိုယ်ကျင့်လမ်းညွှန် (ဒုတိယအကြိမ်)
(ဝင်းတိုးအောင်စာပေ) ၂၀၀၀

၁၁။ အင်္ဂလိပ်စကားပုံများက ပြောပြသောဘဝလမ်းညွှန်
(ဝင်းတိုးအောင်စာပေ) ၂၀၀၁

၁၂။ ပညာခေတ်ရာစုဝယ်နှင့် အခြားကဗျာများ
(သုခနဒီစာပေ) ၂၀၀၃

၁၃။ ပညာရတနာစာတမ်းများ (ပညာတန်ဆောင်စာပေတိုက်)
(ဦးသောင်းထွဋ်+မောင်တင်းစိုး သစ်ရာကောက် +
ရဦးမြင့်မောင်တို့နှင့် ပူးတွဲ) ၂၀၀၄
၁၄။ သုံးပွင့်တစ်ခိုင် အခြေခံပညာအထက်တန်း
စာစီစာကုံးများ (ရွှေတံတားစာပေ) ၂၀၀၄
၁၅။ Brillliant Letters and Essays for BEHS
(သာလွန်စာပေ)(ဝေမောင်+ရဦးမြင့်မောင်တို့နှင့်ပူးတွဲ) ၂၀၀၅
၁၆။ ဖူးငုံပွင့်သစ် မြန်မာစာစီစာကုံးများ
အခြေခံပညာအလယ်တန်းအဆင့်
(ယန်းရွှေပြည်စာအုပ်တိုက်) ၂၀၀၆
၁၇။ နိုင်ငံစုံ ပုံပြင်လက်ရွေးစင် (ယန်းရွှေပြည်စာအုပ်တိုက်) ၂၀၀၆
၁၈။ လမ်းမှန်ညွှန်ပြ လူ့ဘဝအနုပညာ
(မြန်မာနိုင်ငံခရစ်ယာန်စာပေ) ၂၀၀၇
၁၉။ နိုင်ငံစုံ ပုံပြင်လက်ရွေးစင် (၂) (ရှင်မတောင်စာပေ) ၂၀၀၉
၂၀။ လူငယ်တွေ လမ်းမမှားနှင့် မူးယစ်ဆေးဝါးအန္တရာယ်
(လင်းဦးတာရာစာပေ) ၂၀၁၀
ယခု
၂၁။ သုံးပါးရတနာစာပေ(၂)
(ခရီးဖော်စာပေတိုက်)

တရားခုနစ်ပါး ကျင့်ပါကြား၊
ကြီးပွားဖွံ့ဖြိုးတိုးတတ်မည်။
မင်္ဂလာတရား၊ လက်ကိုင်ထား၊
ကြီးပွားချမ်းသာမည်။
စည်းစိမ်ဥစ္စာ၊ အနစ်ရှာ
ပြုပါဒါနမှတ်။
အသက်ဇီဝ၊ အနစ်ရှာ
စောင့်ပါသီလမှတ်။
မိမိခန္ဓာ၊ အနစ်ရှာ
ပွားပါဘာဝနာမှတ်။